# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

## အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဒါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်၊ တနင်္လာနေ့ အတွဲ (၅၇)၊ အမှတ် (၃၇၈)

# သတ္တမအကြိမ်မြောက် သာမဏေအပါး ၁၈၀၀ နှင့် သီလရှင်အပါး ၆၀၀ တို့အား သင်္ကန်း၊ ဝတ်စုံ၊ ခြုံစောင်များကပ်လှူ

**ရန်ကုန် အောက်တိုဘာ ၁၄**

ပရဟိတအကျိုးဆောင်အလှူရှင်များ (ရန်ကုန်မြို့) ၃၂ နှစ်ပြည့် အထိမ်းအမှတ် သတ္တမအကြိမ်မြောက် စာသင်သားသာမဏေ အပါး ၁၈၀၀ တို့အား ခြုံစောင်၊ သင်္ကန်းကပ်နှင့် သီလရှင်အပါး ၆၀၀ တို့အား ဝတ်စုံ၊ ခြုံစောင်များ ကပ်လှူပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ကျက်သရေဆောင် ဇိနမာရ်အောင်စေတီတော် အတွင်းရှိ ဝိမုတ္တိရသဓမ္မာရုံကြီးတွင် ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဇမဟာရဋ္ဌဂုရု၊ အဘိဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ၊ သံဃာတော်များ ကြွရောက်တော်မူကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဇမဟာရဋ္ဌဂုရု၊ အဘိဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသထံမှ အလှူရှင်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများ၊ သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူး၊ ညွှန်ကြားရေးမှူး ဦးစိန်မော်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ပရဟိတအကျိုးဆောင် အလှူရှင်များကိုယ်စား

*စာမျက်နှာ ၅ ကော်လံ ၆* ◆



သတ္တမအကြိမ်မြောက် စာသင်သားသာမဏေ အပါး ၁၈၀၀ တို့အား ခြုံစောင်၊ သင်္ကန်းကပ်နှင့် သီလရှင်အပါး ၆၀၀ တို့အား ဝတ်စုံ၊ ခြုံစောင်များ ကပ်လှူပွဲအခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသထံမှ အလှူရှင်များက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။ သတင်းစဉ်

# သပိတ်ကျင်းမြို့နယ် တကောင်းဒေသ လျှပ်စစ်မီးလင်းခြင်းအခမ်းအနား ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် တကောင်းဒေသ လျှပ်စစ်မီးလင်းခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဒေသ၌ ကျင်းပရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် တက်ရောက် အမှာစကားပြောကြားသည်။

ရှေးဦးစွာ တကောင်းဒေသ လျှပ်စစ်မီးလင်းခြင်း အခမ်းအနားအထိမ်းအမှတ်အား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်စက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ရေးရာကော်မတီ ဥက္ကဋ္ဌ ဦးလှိုင်ဝင်း၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ခေတ္တဥက္ကဋ္ဌ ဦးတိုးအောင်၊ သပိတ်ကျင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်ဆွေနှင့် Japan International Corporation Agency (JICA) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Mr.Kojun NAKA-SHIMA တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် ၃၃/၁၁/၅ အမ်ဗွီအေ တကောင်းဓာတ်အားခွဲရုံ အထိမ်းအမှတ်ဆိုင်းဘုတ်အား ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ

*စာမျက်နှာ ၈ ကော်လံ ၁* ✱

## မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Ichiro Maruyama နှင့် တွေ့ဆုံမေးမြန်းခြင်း

စာ ၁၀

## မြိုင်ကြီးငူဆရာတော်၏ ရုပ်ကလာပ်တော် မြဝတီမြို့သို့ ရောက်ရှိ၊ ခေတ္တအပူဇော်ခံပြီး မြိုင်ကြီးငူသို့ ဆက်လက်ပင့်ဆောင်သွားမည်

စာ ၁၁



မြန်မာ့အလင်း

# သစ်တောဥပဒေ

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ ကုန်းမြေနိုင်ငံများအနက် နယ်မြေဧရိယာအကျယ်ဝန်းဆုံးသော နိုင်ငံဖြစ်ပါသည်။ တိုင်းပြည်အတွင်း သစ်တောဖုံးလွှမ်းမှု ထူထပ်သိပ်သည်းသော နိုင်ငံလည်းဖြစ်ပါသည်။ တိုင်းပြည်လွတ်လပ်ရေး ရရှိခဲ့သော ၁၉၄၈ ခုနှစ်၌ တိုင်းပြည်ဧရိယာ၏ ၇၀ ရာခိုင်နှုန်းခန့်ကို သစ်တောများဖုံးလွှမ်းခဲ့ပါသည်။ သို့သော် မြန်မာနိုင်ငံသည် ၁၉၉၀ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်အကြား တိုင်းပြည်သစ်တောဧရိယာ၏ ၁၉ ရာခိုင်နှုန်းဆုံးရှုံးခဲ့ရပါသည်။ ဤကိန်းဂဏန်းသည် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ (FAO) ၏ ခန့်မှန်းချက်ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်း ထုတ်ပြန်ခဲ့သော **Global Forest Resources Assessment 2015** အရလည်း မြန်မာနိုင်ငံသည် ၂၀၁၀ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်အတွင်း ၂၀၁၀ ခုနှစ်တွင် တည်ရှိခဲ့သော သစ်တောဧရိယာ၏ ၈ ဒသမ ၅ ရာခိုင်နှုန်းခန့် ဆုံးရှုံးခဲ့ရပါသည်။

ဆုံးရှုံးသွားသော သစ်တောများအတွက် သစ်တောများ ပြန်လည်ပြုစုပျိုးထောင်စိုက်ပျိုးရန် လိုအပ်သကဲ့သို့ တိုင်းပြည်အတွင်းရှိ သစ်တောများကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရန် လိုအပ်ပါသည်။ ဤလိုအပ်ချက်နှင့်အညီ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က ၁၉၉၂ ခုနှစ် သစ်တောဥပဒေကို ပြန်လည်ပြင်ဆင်အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ မြန်မာနိုင်ငံ သစ်တောဥပဒေသစ်၌ ရည်ရွယ်ချက်ကိုးရပ်ပါရှိပြီး ဤဥပဒေသစ်၏ အဓိကရည်ရွယ်ချက်သည် သစ်တောများစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေသည့် သစ်တောစီမံအုပ်ချုပ်မှုကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

တိုင်းပြည်၏ သစ်တောများ စနစ်တကျထိန်းသိမ်းကာကွယ်ရာ၌ တချို့သော သစ်တောဝန်ထမ်းတို့၏ မသမာသော လုပ်ရပ်တို့ကို ကာကွယ်ဟန့်တားနိုင်ရန် လိုအပ်ပါသည်။ ပြင်ဆင်အတည်ပြုပြဋ္ဌာန်းလိုက်သော သစ်တောဥပဒေအသစ်အရ မသမာမှု ဆောင်ရွက်သော သစ်တောဝန်ထမ်းတို့ကို ထိထိရောက်ရောက် အရေးယူမည်ဖြစ်ပါသည်။ မသမာသော သစ်တောဝန်ထမ်းတို့အပေါ် ချမှတ်နိုင်သော ထောင်ဒဏ်ကိုလည်း တစ်နှစ်မှ ၁၀ နှစ်အထိ သတ်မှတ်ထားပါသည်။ သစ်တောဝန်ထမ်းတို့က လုပ်ပိုင်ခွင့်ကို အကြောင်းပြုပြီး သစ်တောထွက်ပစ္စည်းများ ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်းနှင့် တရားမဝင် လက်ဝယ်ထားရှိခြင်းကဲ့သို့သော ကိစ္စရပ်များ၌ မသမာသော နည်းလမ်းတို့ဖြင့် တစ်နည်းနည်း ပူးပေါင်းပါဝင်ပါက ဤသို့ကျူးလွန်သော သစ်တောဝန်ထမ်းတို့ကို ဥပဒေသစ်အရ ထိထိရောက်ရောက် အရေးယူသွားမည် ဖြစ်ပါသည်။

အဆိုပါ သစ်တောဥပဒေအသစ်၌ ဥပဒေအရ ထိထိရောက်ရောက် အရေးယူမှုများကို ဖော်ဆောင်ထားသကဲ့သို့ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှု ရရှိနိုင်မည့် နည်းလမ်းတို့ကိုလည်း ပိုမိုကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ပေးထားပါသည်။ ဒေသခံပြည်သူတို့က ဒေသ၏ဓလေ့ထုံးတမ်းအရ ထိန်းသိမ်းထားသည့် သဘာဝသစ်တောများနှင့် ဒီရေတောများ အသိအမှတ်ပြုခွင့်အား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကို ပေးအပ်ထားပါသည်။ သို့သော် အဆိုပါဝန်ကြီးဌာနသည် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်တို့ကို ရယူပြီးမှ အသိအမှတ်ပြုရမည်ဖြစ်ပါသည်။ နိဂုံးချုပ်အားဖြင့် ဥပဒေအရ ထိထိရောက်ရောက် အရေးယူပိုင်ခွင့် အပါအဝင် ပြည်သူတို့၏ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ရယူထားသည့် သစ်တောဥပဒေကို ဂုဏ်ပြုကြိုဆိုပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

မြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့
ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်



ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
( သံတွဲမြို့ )
၂၀၁၈-ခုနှစ် ၊ အောက်တိုဘာလ (၂၇ ၊ ၂၈) ရက် စနေနေ့ ၊ တနင်္ဂနွေနေ့ များတွင်
နံနက် (၈) နာရီမှ ညနေ (၅) နာရီအထိ မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
ဒွါရာဝတီမြို့နယ်ခန်းမ ၊ သံတွဲမြို့၊ ရခိုင်ပြည်နယ်

## မလှိုင် ပြည်သူ့ဆေးရုံကြီးတွင် သွားအခမဲ့ စမ်းသပ်ကုသပေးမည်

**မလှိုင် အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် သွားနှင့်ပတ်သက်သော ရောဂါဝေဒနာများအား နိုဝင်ဘာလ ဆန်းပိုင်းတွင် Dental Chair စက်ကြီးဖြင့် အခမဲ့စမ်းသပ်ကုသပေးသွားမည်ဖြစ်ကြောင်း မလှိုင်မြို့နယ် ပြည်သူ့ဆေးရုံကြီးမှ သိရသည်။

မလှိုင်မြို့၌ သွားအခမဲ့စမ်းသပ်ကုသခြင်းကို ယခင်ကတည်းက လုပ်ဆောင်ခဲ့ပြီး အမျိုးသားကျန်းမာရေးစီမံကိန်းမှ ခေတ်မီစက်ကိရိယာအဖြစ် Dental Chair ချထားပေးခြင်းကြောင့် သွားနှင့်ပတ်သက်သော ရောဂါဝေဒနာများအား အခမဲ့စမ်းသပ်ကုသပေးခြင်းကို ပိုမိုဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်းလည်း သိရသည်။ **ဘိုဘို (မလှိုင်)**

## တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၄**

နေပြည်တော် တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ (၅၂) ကြိမ်မြောက် မဟာဘုံကထိန်ပွဲတော်ကြီးကို မြို့နယ်သူမြို့နယ်သားများ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ကုသိုလ်ပါဝင်ဆင်နွှဲသည့် မြို့နယ်၏ဘာသာရေးပွဲတော်ကြီးအဖြစ် နှစ်စဉ် ကျင်းပလာခဲ့သည်မှာ (၅၂)ကြိမ် မြောက်ပြီဖြစ်သည်။ နှစ်စဉ် မြို့ပေါ် ခြောက်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၉ အုပ်စုမှ စေတနာရှင်ပြည်သူများက ထက်သန်သော သဒ္ဓါတရားများဖြင့် နှစ်စဉ် လှူဖွယ်ပစ္စည်း ငွေကျပ်သိန်းပေါင်း ၁၀၀၀ ကျော် လှူဒါန်းနိုင်သည့်ပွဲတော်ကြီးလည်း ဖြစ်သည်။

တပ်ကုန်းမြို့နယ်အတွင်းရှိ ရပ်ကွက် ကျေးရွာများ၊ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက ပဒေသာပင်များသီး၍ တန်ဆောင်မုန်းလဆန်း ၁၁ ရက်မှ လပြည့်နေ့အထိ အတီးအမှုတ်၊ အကအခုန်များဖြင့် ဗုဒ္ဓသာသနာပြုဗိမာန်ကြီးသို့ ပို့ဆောင်ကြပြီး ငါးရက်တိတိ ကြည်ညိုဖွယ်ခင်းကျင်းပြသ၍ ကထိန်အာနိသင်အရ ကျောင်းပေါင်း ၄၄ ကျောင်းသို့ ခွဲဝေကာ နှစ်စဉ် လပြည့်ကျော် ၂ ရက် နေ့တွင် မဲချလှူဒါန်းကာ ရေစက်ချတရားနာယူကြသည်။ ပွဲတော်ရက်အတွင်း ပျော်ရွှင်ဖွယ် ပွဲဈေးများ၊ ဇာတ်ပွဲများ၊ နိုင်ငံကျော်အဆိုတော်များက ဖျော်ဖြေရေးကားများဖြင့် မြို့တွင်းလှည့်လည်သီဆိုကြသည်။

အလားတူပင် ယခုနှစ်တွင် ကျရောက်သည့် (၅၂) ကြိမ်မြောက် မဟာဘုံကထိန်ပွဲတော်ကြီးကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်ထွန်းတာ(တပ်ကုန်း)**

## ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် အောက်တိုဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မြို့နယ်နှစ်ပတ်လည် အစည်းအဝေးကို ယမန်နေ့က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ (စည်ပင်အတွင်း) ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ကျော်စိုး (ငြိမ်း)၏ သဝဏ်လွှာကို တိုင်းဒေသကြီး စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ (စည်ပင်အတွင်း)အတွင်းရေးမှူး ဗိုလ်မှူး စိုးမြင့်အောင် (ငြိမ်း)က ဖတ်ကြားပြီး သဘာပတိမြို့နယ် အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူး ထွန်းမြင့်(ငြိမ်း)က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်အမှုဆောင်အဖွဲ့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်ပတ်လည်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာကို ဗိုလ်ကြီး တင်မောင်ဝင်း (ငြိမ်း)ကဖတ်ကြားပြီး အဖွဲ့ဝင် ဒုတပ်ကြပ် စိုးမင်း(ငြိမ်း)က ပြန်လည်ဆွေးနွေးခဲ့ကြပြီး မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များက သဘောတူညီချက်ရယူကာ အတည်ပြုခဲ့ကြကြောင်း သိရသည်။ **ဗလစိုး**

ထင်သာမြင်သာပြုပြင်စရာ

## ဝဏ္ဏသိဒ္ဓိရပ်ကွက် ချယ်ရီဈေး အမှိုက်ပုံပြောင်းရွှေ့ပေးရန် ဈေးဝယ်လာသူများ လိုလားလျက်ရှိ

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်အတွင်းရှိ ချယ်ရီဈေးသည် အခြားရပ်ကွက်များရှိ စည်ပင်သာယာဈေးများထက် ပိုမိုစည်ကားသောဈေးလည်းဖြစ်ပြီး စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၌ ဈေးရောင်းသူ၊ ဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိနေသည်ကို တွေ့ရသည်။



အဆိုပါ ဈေးသို့ ဈေးဝယ်ရန်နှင့် နံနက်စာစားသောက်ရန် လာရောက်သည့်အခါ ဈေးအုပ်ချုပ်ရေးရုံးရှေ့ရှိ အရှေ့ဘက်ဝင်ပေါက် တစ်ပေါက်နှင့် ဈေးအနောက်ဘက်ရှိ ဝင်ပေါက်တစ်ပေါက်တို့ထားရှိရာ အနောက်ဘက် ဝင်ပေါက်အနီးတွင်ရှိသည့် စားသောက်ဆိုင်တန်းနှင့် အမှိုက်ပုံတို့မှာ လွန်စွာနီးကပ်နေသောကြောင့် ယင်းမှ ထွက်ရှိလာသော အနံ့ဆိုးများက အများပြည်သူကျန်းမာရေးကို ထိခိုက်စေနိုင်သည့်အပြင် အမြင်မတင့်တယ်စရာလည်း ဖြစ်နေသောကြောင့် သက်ဆိုင်ရာအနေဖြင့် ပြောင်းရွှေ့ပေးစေလိုကြောင်း ဈေးဝယ်သူများက လိုလားလျက်ရှိနေကြသည်ဟု သိရသည်။

"စားသောက်ဆိုင်နဲ့ နီးနေတာရယ်။ ဝင်ပေါက်ထိပ်မှာရှိနေတာရယ်ကြောင့် အမှိုက်ပုံက ထွက်လာတဲ့ အနံ့ဆိုးတွေက ကျန်းမာရေးကို ထိခိုက်နိုင်တယ်။ အမြင်အားဖြင့်လည်း မသင့်တော်ပါဘူး။ အမှိုက်သယ်တဲ့ ကားပေါ်တင်နေတဲ့ အချိန်ဆိုရင် အနံ့အသက်တွေက စားသုံးနေတဲ့သူတွေအတွက် မခံနိုင်ဘူး ဖြစ်နေရပါတယ်" ဟု ဈေးဝယ်သူတစ်ဦးက ပြောသည်။

**၀၁၄**

## မဲလုံခြုံရေးဆောင်ရွက်မည့် တပ်ဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ သင်တန်းပေး

**မြစ်ကြီးနား အောက်တိုဘာ ၁၄** - လာမည့် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်လျက်ရှိသော အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ်(၂) နေရာအတွက် မဲလုံခြုံရေးဆောင်ရွက်ရမည့် ရဲတပ်ဖွဲ့ဝင်များအား မြစ်ကြီးနားခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းနိုင်နှင့် တပ်ဖွဲ့ဝင်များက ရွေးကောက်ပွဲနှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်များ၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ/နည်းဥပဒေများကို မြစ်ကြီးနားမြို့ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ အောက်တိုဘာ ၈ ရက်မှ ၁၀ ရက်အထိ ပို့ချခဲ့ပြီး သင်တန်းအမှတ်စဉ် (၂) ကိုလည်း ယခုလအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **၀၁၂**

## ထန်းတပင်မြို့နယ် ကျွန်းငူကမ်းနားရှိ မြစ်ကမ်းထိန်းနံရံတည်ဆောက်နေမှုများနှင့် ဆောင်ရွက်ပြီးစီးမှုကြည့်ရှုစစ်ဆေး

**ထန်းတပင် အောက်တိုဘာ ၁၄**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အမှတ်(၄)ရပ်ကွက် ကျွန်းငူကမ်းနားရှိမြစ်ကမ်းထိန်းနံရံ တည်ဆောက်နေမှုများနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အောက်တိုဘာ ၁၄ ရက် နံနက် ၁၁ နာရီခွဲက တိုင်းဒေသကြီး(၂)လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်ခင်ခင်ဌေး၊ အမှတ်(၄)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မြင့်နှင့် တာဝန်ရှိသူများက အဆိုပါ မြစ်ကမ်းပါးတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

အဆိုပါမြစ်ကမ်းပါးသည် ယခင်နှစ်များကလည်း ကမ်းပါးပြိုကျမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပြီး မြစ်ကမ်းစပ်တွင် ကျောက်များချ၍ ကမ်းထိန်းနံရံများ တည်ဆောက်ခဲ့ပြီးဖြစ်သော်လည်း ယခုနှစ်အစောပိုင်းတွင် မြစ်ရေတိုက်စားမှုများကြောင့် အချိန်အခါမရွေး ထပ်မံကာ ကမ်းပြိုကျနိုင်သည့် အနေအထားများကြောင့် ၂၀၁၇-၂၀၁၈ ခုနှစ် တိုင်းဒေသကြီး ဖွံ့ဖြိုးမှုရန်ပုံငွေ ၄ ဒသမ ၅ ဘီလီယံဖြင့် ၂၀၁၈ ခုနှစ် ဧပြီလပထမပတ်မှ စတင်ကာ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မြစ်ကမ်းထိန်းနံရံကို အလျားပေ အရှည် ၃၇၂၀ ဖြင့်တစ်ပေပတ်လည် ကွန်ကရစ်ပိုင်လုံးရေ ၁၀၀၀ ကျော်တို့ဖြင့် တည်ဆောက်လျက်ရှိပြီး ယခုအခါ ၉၈ ရာခိုင်နှုန်းအထိ ဆောင်ရွက် ပြီးစီးနေပြီဖြစ်ကြောင်း တာဝန်ခံအင်ဂျင်နီယာ ဦးအောင်လင်းသက်ထံမှ သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့်အဖွဲ့ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၁၄**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံးမှ Minister Counsellor Mr.Thanwa Phudphong နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေး ခရီးထွက်ခွာရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်တရားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Air Chief Marshal. Prajin Juntong နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေး၊ မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ သတင်းဖလှယ်ရေး၊ လေ့လာရေးခရီးစေလွှတ်ရေး၊ နယ်စပ်ဆက်ဆံရေးရုံးများအကြား လျင်မြန်စွာ ဆက်သွယ်ဆက်ဆံနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့်အဖွဲ့ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။ သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)ရှိ လမ်း၊ တံတားလုပ်ငန်းများနှင့် ကျေးလက်ဖွံ့ဖြိုးရေးလမ်းများ ဖောက်လုပ်ပြီးစီးမှု ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် စစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၄**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းတွင် Max Myanmar Co, Ltd မှ B.O.T စနစ်ဖြင့် ဆောင်ရွက်သော ရန်ကုန်- ပြည်လမ်းအပိုင်းအား လမ်းချဲ့ခြင်းနှင့် မိုင်တိုင်အမှတ် (၄၅/၄) နှင့် (၄၅/၅)ကြား ကတ္တရာကွန်ကရစ် (AC)ခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးရေး အတွက် ကျေးလက်လမ်းဦးစီးဌာနမှ တိုက်ကြီးမြို့နယ်တွင် အရှည်(၅/၄)မိုင်ရှိ ဥက္ကံ-ကျွဲဘုတ်လမ်းအား ကွန်ကရစ်လမ်း ခင်းပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

**သတ်မှတ်စံချိန်စံညွှန်းပြည့်မီအောင်**

ယင်းနောက် ရန်ကုန်-ပြည် လမ်းမကြီး မိုင်တိုင်အမှတ် (၉၃/၆)မှ (၉၄/၀)အထိ စက်ယန္တရားများဖြင့် ကတ္တရာကွန်ကရစ် (AC) ခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကတ္တရာခင်းရာတွင် သတ်မှတ်စံချိန်စံညွှန်း ပြည့်မီအောင် ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သော ဝါးတောသာ-အင်ငူ-ပေါင်းချုပ်-ကြိုးကြာကန်လမ်းစခန်း ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တာဝန်ရှိသူက အရှည် ၂၀ မိုင် ၂ ဖာလုံတွင် ကွန်ကရစ်လမ်း ၂ မိုင် ၀ ဒသမ ၇ ဖာလုံ၊ ကျောက်ချောလမ်း ၇ မိုင် ၂ ဒသမ ၃ ဖာလုံ၊ ဂဝံလမ်း ၆ မိုင် ၆ ဒသမ ၁ ဖာလုံ၊ မြေသားလမ်း ၄ မိုင် ၀ ဒသမ ၉ ဖာလုံ ဆောင်ရွက်ထားရှိမှုတို့ကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျပါကြောင်း၊ ယခုလမ်း တစ်ဆက်တစ်စပ်တည်း ပြီးစီးရေး အတွက် ဆက်လက်ဆောင်ရွက်ရန် မှာကြားပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်-ပြည်လမ်း(ရွှေတောင်-ပြည်အပိုင်း) အား စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း၊ ကတ္တရာကွန်ကရစ်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ကဏ္ဍအလိုက်ဆောင်ရွက်ထားမှုရှင်းလင်း**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် အဆောက်အဦ ဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့ (၃)မှ ပြည်တက္ကသိုလ် သုံးထပ်၊ RCC ပေ (၁၉၀ x ၁၆၄) ဘက်စုံသုံး ခန်းမဆောင် ဆောက်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ရှင်းလင်းဆောင်တွင် တာဝန်ရှိသူက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းအခြေအနေ၊ မြို့ပြ၊ ရေသန့်၊ လျှပ်စစ်ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု၊ အရည်အသွေး စစ်ဆေးရေးအဖွဲ့မှ ဆောင်ရွက်ထားရှိမှုတို့နှင့် ပတ်သက်၍ မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ အမြဲတန်းအတွင်းဝန် ဦးဝင်းတင့်က ဖြည့်စွက်တင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက Finishing များကို ပိုမိုဂရုစိုက်ပြီး ကောင်းမွန်စွာဆောင်ရွက်ရန်၊ Flat roof အပိုင်းတွေမှာ Water proofing ကို ကောင်းမွန်စွာ လုပ်ပေးရန်နှင့် အပ်ငွေလုပ်ငန်းဖြစ်၍ ခွင့်ပြုရန်ပုံငွေအတွင်း အတတ်နိုင်ဆုံး ဆောင်ရွက်ပေးရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ယခုတည်ဆောက်နေသည့် ပြည်တက္ကသိုလ် ဘက်စုံသုံးခန်းမဆောင်သည် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်တက္ကသိုလ်ဝင်းအတွင်း တည်ရှိပြီး အဆောက်အဦအမျိုးအစားမှာ သံကူကွန်ကရစ် သုံးထပ်၊ အလျားပေ ၁၉၀၊ အနံ ၁၆၄ ပေ ဖြစ်ကြောင်း သိရသည်။

**ဒေသခံပြည်သူများနှင့်တွေ့ဆုံ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သော ပြည်-ပေါက်ခေါင်းလမ်းမကြီးနှင့် ဆက်သွယ်သည့် မူလလမ်း ၁ မိုင် ၁ ဖာလုံရှိ ပေါက်ခေါင်း- ရပ်သစ် ကျေးလက်လမ်းအား ကျောက်ချောလမ်း ၄ ဒသမ ၂၇ ဖာလုံ၊ မြေသားလမ်း ၄ ဒသမ ၇၇ ဖာလုံ ဆောင်ရွက်ထားရှိမှုတို့ကို စစ်ဆေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းနှင့်အနောက်ခြမ်းကို ဆက်သွယ်သည့် ပြည်-ပေါက်ခေါင်း-အုတ်တွင်း-တောင်ငူလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကလောမြို့နယ်၌ ပြည်သူများအား အခမဲ့ ဆေးဝါးကုသမှုဆောင်ရွက်ပေး

**ကလော အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်တွင် ရန်ကုန်မြို့ ရွှေနှင်းဆီ ကင်ဆာဖောင်ဒေးရှင်း (Medi Myanmar Group Ltd) နှင့် ကလောမြို့ ဖြူစင်မေတ္တာ ပရဟိတလူငယ်အဖွဲ့တို့မှ ပူးပေါင်းဆောင်ရွက်သည့် ကလောမြို့ပေါ်နှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ပြည်သူများအား(အခမဲ့) ကျန်းမာရေး စောင့်ရှောက်ပေးခြင်းကို အောက်တိုဘာ ၁၃ ရက် နံနက် ၈ နာရီက မဇ္ဈိမယာန ဓမ္မယာန လူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်း၌ ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရန်ကုန်မြို့ ရွှေရောင်နှင်းဆီဥက္ကဋ္ဌ ဒေါ်ရင်ရင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ပါမောက္ခ ဒေါ်ရင်ရင်ဇော်က သားအိမ်ခေါင်းကင်ဆာရောဂါအကြောင်း၊ ဒေါက်တာမေကြည်က ရင်သားကင်ဆာရောဂါအကြောင်း၊ ပါမောက္ခ ဒေါ်ဆွေဆွေဝင်းက ခံတွင်းကင်ဆာရောဂါအကြောင်း၊ ဒေါက်တာတင့်မျိုးနှင်းက ကလေးများတွင် ဖြစ်ပွားသောရောဂါများအကြောင်းကို ပညာပေးဟောပြောခဲ့သည်။

ထို့နောက် ပြည်သူများကို သားအိမ်ခေါင်းကင်ဆာရောဂါ၊ ရင်သားကင်ဆာ၊ ခံတွင်းကင်ဆာ၊ ဆီးချို၊ သွေးချို၊ နှလုံးနှင့် ဘီပိုး၊ စီပိုးများ ရှိ၊ မရှိ စစ်ဆေးပေးပြီး စုစုပေါင်း ၅၀၀ ခန့်ကို ကုသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

# မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆုရ ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ်-၂၀၁၈ အတွက် ထူးချွန်ဆုရသူများ ဂျပန်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၁၄**

မြန်မာ-ဂျပန်အသင်း(MJA) ၏ ပညာရည်ထူးချွန်ဆု (ဂျပန်နိုင်ငံလေ့လာရေး ခရီးအစီအစဉ်-၂၀၁၈) အတွက် ပညာရည်ထူးချွန်ဆုအဖြစ် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူများအနက်မှ ကျောင်းသား ကျောင်းသူ ၁၂ ဦးနှင့် ရန်ကုန်၊ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် ဂျပန်ဘာသာ အဓိက၊ တတိယနှစ်မှ ထူးချွန်ကျောင်းသူ ခြောက်ဦး စုစုပေါင်း ၁၈ ဦးအား ရွေးချယ်ခဲ့သည်။ ရွေးချယ်ခြင်းခံရသည့် ထူးချွန်ကျောင်းသား ကျောင်းသူ ၁၈ ဦးအား ဂျပန်နိုင်ငံ လေ့လာရေး ခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်ဖွဲ့စည်း လေ့ကျင့်မှုသင်တန်းကို မြန်မာ-ဂျပန်အသင်းမှ တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ရန်ကုန်အင်တာနေရှင်နယ်ဟိုတယ် (YIH)တွင် အောက်တိုဘာ ၅ ရက်မှ ၁၁ ရက်အထိ ဆောင်ရွက်ပေးခဲ့သည်။




မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား ပညာရည်ထူးချွန်ဆုလက်မှတ် ချီးမြှင့်ဂုဏ်ပြုပွဲကို ရန်ကုန်မြို့ Hotel Novotel Yangon Max ၌ အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပခဲ့ရာ မြန်မာ-ဂျပန်အသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Toru MAESA နှင့် သံအရာရှိများ၊ ဂျပန်မိတ်ဆွေများနှင့် ဖိတ်ကြားထားသူများ၊ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများ၏ မိဘများ၊ အလှူရှင်များ တက်ရောက်ခဲ့သည်။

မြန်မာ-ဂျပန်အသင်း၏ ဥက္ကဋ္ဌနှင့် ဦးစီးခေါင်းဆောင်သည့် ပညာရည်ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူ ၁၈ ဦး အပါအဝင် အဖွဲ့ဝင် စုစုပေါင်း ၂၉ ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံ လေ့လာရေး အစီအစဉ်-၂၀၁၈ အတွက် အောက်တိုဘာ ၁၂ ရက် ညပိုင်းတွင် ANA လေကြောင်းခရီးစဉ်အမှတ် (MH-814) ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဂျပန်နိုင်ငံ တိုကျိုမြို့သို့ စတင်ထွက်ခွာသွားသည်။ **(အောက်ဝဲပုံ)**

ဂျပန်နိုင်ငံ လေ့လာရေးခရီးစဉ်မှာ အောက်တိုဘာ ၁၂ ရက်မှ ၂၁ ရက်အထိ ရှစ်ညအိပ် ကိုးရက်ခရီးစဉ်ဖြစ်ပြီး ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း ဆင်းဒိုင်မြို့တွင် လေးည၊ (Home Stay အပါအဝင်) မြို့တော်တိုကျိုတွင် နှစ်ညနှင့် ဂျပန်နိုင်ငံ အလယ်ပိုင်း အိုဆာကာနှင့် တိုကိုရှီးမားမြို့တို့တွင် တစ်ညစီ နေထိုင်လေ့လာကြမည်ဖြစ်သည်။

ဂျပန်နိုင်ငံ လေ့လာရေးအစီအစဉ်-၂၀၁၈ ၏ ခရီးစဉ်အသေးစိတ်ကို အခြားကျောင်းသားလူငယ်များ လေ့လာအတုယူနိုင်ရန်နှင့် မိဘပြည်သူများအား ထုတ်လွှင့်ပြသနိုင်ရန်အတွက် DVC/MNTV ရိုက်ကူးရေးအဖွဲ့သည်လည်း ဂျပန်ခရီးစဉ်သို့ အတူလိုက်ပါသွားသည်။ မြန်မာ-ဂျပန်အသင်း ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၀ ရက် ညနေပိုင်းတွင် ANA လေယာဉ်ခရီးစဉ်အမှတ် MH-813 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် နေပြည်တော်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် မသန်စွမ်းသူများထောက်ပံ့ပွဲ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းသူများနှင့် သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်တို့ တက်ရောက်ကြသည်။



**ပြန်လည်ထူထောင်ရေးဆောင်ရွက်လျက်ရှိ**

အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဘေးအန္တရာယ်ဆိုင်ရာကိစ္စများကို စီမံခန့်ခွဲရာတွင် ဘေးဒဏ်များကို ကြံ့ကြံ့ခံနိုင်သော လူ့အသိုင်းအဝိုင်းဖြစ်ပေါ်နိုင်စေရန်အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ဘေးအန္တရာယ်ကျရောက်ပါက အလျင်အမြန်တုံ့ပြန် ဆောင်ရွက်ပေးခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများတွင်လည်း လူ့ဂုဏ်သိက္ခာနှင့် ပြည့်စုံသည့် လူ့အသိုင်းအဝိုင်းဖော်ဆောင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ စေတနာ့ဝန်ထမ်း လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရပါကြောင်း၊ ယင်းအဖွဲ့အစည်းများသည် မိမိတို့ဝန်ကြီးဌာန၏ အရေးကြီးသော မိတ်ဖက်အဖွဲ့အစည်းများဖြစ်သောကြောင့် ယခုလို ပံ့ပိုးကူညီခြင်းများကို ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ ယခုနှစ်အတွင်း သဘာဝဘေးဒဏ်ခံစားခဲ့ရသော ဒေသများတွင်လည်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ တိုက်ပွဲရှောင်စခန်းများအတွက်လည်း မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းတစ်ခုအဖြစ် အလုပ်အကိုင်ဖော်ဆောင်ရေးအတွက် အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

**ထောက်ပံ့ငွေပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယနေ့အခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်လာကြသော မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေများကို တစ်ဦးချင်းလက်ဝယ်အရောက် ပေးအပ်ခြင်းနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်း ၁၄ ခုအတွက် ပံ့ပိုးထောက်ပံ့ငွေကျပ် ၂၀၉၉ ဒသမ ၄၆ သိန်း၊ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် ကမ်းပြိုခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် ထောက်ပံ့ငွေကျပ် ၁၁၈၅ သိန်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၅၂ ကျောင်းအတွက် ထောက်ပံ့ငွေကျပ် ၃၆၄ သိန်းနှင့် မသန်စွမ်းသူ ၁၈၅၃ ဦးအတွက် ထောက်ပံ့ငွေကျပ် ၅၅၅ ဒသမ ၉ သိန်းအား ထောက်ပံ့ပေးအပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်

ယနေ့အခမ်းအနားတွင် ထောက်ပံ့ငွေ စုစုပေါင်းမှာ ငွေကျပ် ၄၂၀၄ ဒသမ ၃၆ သိန်း ဖြစ်သည်။ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဥတ္တရသီရိမြို့နယ်၊ Ocean Super Center တွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့အထိမ်းအမှတ် ပြည်သူလူထု အသိပညာပေး လှုပ်ရှားမှုတွင် ပြည်သူလူထုနှင့်အတူ ပါဝင်ဆင်နွှဲခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ကသာမြို့နယ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး လေ့လာ

ကသာ အောက်တိုဘာ ၁၄

**စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း၊ ကသာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခရိုင်၊ မြို့နယ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကသာမြို့နယ်အတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို အောက်တိုဘာ ၁၃ ရက်နှင့် ၁၄ ရက်က လာရောက်လေ့လာခဲ့သည်။**



ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်နှင့် တိုင်းဒေသကြီး အစိုးရ အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်နှင့် ဌာနဆိုင်ရာများ၊ ကသာမြို့ ပညာရေး ကောလိပ် တည်ဆောက်နေမှု၊ ဝါး ကုန်ကြမ်းထုတ်လုပ်စက်ရုံ၊ ဗုဒ္ဓရိပ်သာ တောင်ပေါ်ကျောင်းတိုက်ရှိ ဘုန်းတော်ကြီးသင် ပရဟိတစာသင်ကျောင်းရှိ ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေ ပေးအပ်ခြင်းနှင့် သောက်သုံးရေရရှိရေး၊ ATR 72 နှင့် Y-8 အမျိုးအစားလေယာဉ် ရာသီမရွေးဆင်းနိုင်ရေး ၁၉၄၂ ခုနှစ် ပုံးကြဲခံရသော လေယာဉ်ကွင်းအား ပြန်လည်ဖော်ထုတ်နိုင်ရေး၊ ကသာမြို့ပေါ်ရှိ ကမ္ဘာမှ စိတ်ဝင်စားမှုမြင့်တက်နေသော George Orwell ၏ Burmese Days ဝတ္ထုထဲမှ နှစ်တစ်ရာကျော် အရေးပိုင်အိမ်ကြီး(အိမ်နီကြီး) နှင့် George Orwell ရဲဝန်ထောက်ဘဝဖြင့် နေထိုင်ခဲ့သော အိမ်တို့အား လာရောက်လေ့လာ၍ ကသာဇုန်ခရီးသွားလုပ်ငန်းတိုးတက်ရန် ညွှန်ကြားမှု၊ မှတ်တမ်းဓာတ်ပုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။ **(ဓါတ်ပုံ)**

ထို့နောက် ကသာဇုန် ခရီးသွားလုပ်ငန်းကို မြှင့်တင်နိုင်ရန်အတွက် လိုအပ်ပါက ရဟတ်ယာဉ်ကွင်းတစ်ခု တည်ဆောက်ရေး၊ မြန်မာမီးရထားဖြင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရန် ရေနွေးငွေ့စက်ခေါင်းရထားရရှိရေး ကြိုးပမ်းနေကြောင်းနှင့် တောများတွင်နေထိုင်သူများ တောရိုင်းတိရစ္ဆာန် ကာကွယ်ပေးရေး၊ တောကောင်သားများ သတ်ဖြတ်မှု လျော့နည်းကျဆင်း ထိန်းသိမ်းနိုင်အောင် တူးမီးသေနတ်များ ကိုင်ဆောင်မှုကို လုံးဝခွင့်မပြုကြောင်း၊ သိမ်းဆည်းရမည် ဖြစ်ကြောင်း မှာကြားခဲ့သည်။

**ငွေအိုး(ကသာ)**

# ကော့မှူးမြို့နယ် ရေကျော်နှင့် ရခိုင်စုကျေးရွာတို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေး

**ရန်ကုန် အောက်တိုဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်ဝန်းကျင်ဒေသများဖြစ်သော ရေကျော်ကျေးရွာ၊ ရခိုင်စုကျေးရွာတို့တွင် လူထုဗဟိုပြုစီမံကိန်း(တတိယနှစ်စက်ဝန်း) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၃ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် တာဝန်ရှိသူများရောက်ရှိကာ ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပေးသွားမည့် အခြေအနေများအား ဆွေးနွေးကြသည်။

"လူထုဗဟိုပြု စီမံကိန်းရဲ့တတိယနှစ်စက်ဝန်းကို ကော့မှူးမြို့နယ်ဝန်းကျင်ဒေသတွေမှာ အပိုင်းလိုက် အကောင်အထည်ဖော်နေပါတယ်။ အရင်တုန်းက ရေကျော်ကျေးရွာ၊ ရခိုင်စုကျေးရွာလမ်းတွေက အုတ်တွေ၊ သဲတွေနဲ့ လမ်းမကောင်းတော့ ဆက်သွယ်သွားလာရေး အဆင်မပြေခဲ့ပါဘူး။ အခုကတော့ ကွန်ကရစ်လမ်းတွေခင်းပေးနိုင်တဲ့အတွက် ကျေးရွာလမ်းတွေဟာ ရာသီမရွေးသွားလာနိုင်အောင် ဆောင်ရွက်ပေးထားပါတယ်။ ဒ့ါအပြင် ရခိုင်စုကျေးရွာမှာဆိုရင်လည်း ဘက်စုံသုံး ခန်းမကြီးတစ်ခုကို ဆောက်လုပ်ပေးပြီး ဖြစ်ပါတယ်" ဟု ကော့မှူးမြို့နယ် လူထုဗဟိုပြုစီမံကိန်း တာဝန်ခံ ဦးကျော်ညီညီထွန်းက ပြောသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် ဆောင်ရွက်နေသော လူထုဗဟိုပြုစီမံကိန်းသည် မြို့နယ်တစ်မြို့နယ်လျှင် စီမံကိန်းစက်ဝန်း လေးခု ဆောင်ရွက်သွားမည်ဖြစ်သည်။ ကော့မှူးမြို့နယ်သည် ဒေသဖွံ့ဖြိုးရေးအတွက် တတိယနှစ်စက်ဝန်းအထိ ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်သည်။ ယခု ၂၀၁၈ ခုနှစ်၏ နှစ်ကုန်ပိုင်းကာလများတွင် စတုတ္ထနှစ် စက်ဝန်း၏ ဒေသဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရန် စီစဉ်နေပြီ ဖြစ်သည်။

ထိုလူထုဗဟိုပြုစီမံကိန်းများကို စက်ဝန်းအလိုက် မြို့နယ်များတွင် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးတွင် ကော့မှူး၊ ထန်းတပင်၊ ကျောက်တန်း၊ ကွမ်းခြံကုန်းမြို့နယ်တို့၌ ဒေသဖွံ့ဖြိုးရေးစီမံကိန်းစက်ဝန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် ၆၃ မြို့နယ်တွင် ဆောင်ရွက်နေကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံ-မျိုးကြီး**






# သုတပဒေသာစာစောင် အောက်တိုဘာလထုတ် ဖြန့်ချိထား

**ရန်ကုန် အောက်တိုဘာ ၁၄**

အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားပြီး အသွင်သစ်ဖြင့် ထုတ်လုပ်လိုက်သော သုတပဒေသာစာစောင် (အောက်တိုဘာလ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိထားပြီဖြစ်သည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၃၄၁၀၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂-၃၀၁၈၆၆၊ ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁- ၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဥပဒေပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့် အစိုးရယန္တရား ပြုပြင်ပြောင်းလဲမှု

❖ နိုင်ငံတော်အစိုးရ ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတော်တည်ဆောက်ရေးတွင် ဒီမိုကရေစီ တန်ဖိုးအရ၊ လူ့အခွင့်အရေးစံနှုန်းအရ လိုက်လျောညီထွေမဖြစ်တော့သည့် ဥပဒေများအား ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်နေပါသည်။

❖ နိုင်ငံတော်အစိုးရ ရည်မှန်းထားသည့် တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်ရာတွင် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများ၊ တရားရေးဆိုင်ရာ အဖွဲ့အစည်းများ၊ လုံခြုံရေးအဖွဲ့အစည်းများ၊ တရားရေးဝန်ထမ်းများနှင့် လုံခြုံရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးယန္တရားများကို ပြုပြင်ပြောင်းလဲ အရည်အချင်းမြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)

## ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ရှိ ကျားရုံဟောင်းအား မြို့ပြအမွေအနှစ်အထိမ်းအမှတ် အပြာရောင်ကမ္ပည်းပြား တပ်ဆင်

**ရန်ကုန် အောက်တိုဘာ ၁၄**

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ရှိ သက်တမ်းရင့်ကျားရုံဟောင်းအား ယနေ့နံနက် ၈ နာရီက မြို့ပြအမွေအနှစ် အထိမ်းအမှတ် အပြာရောင်ကမ္ပည်းပြား တပ်ဆင်ရာ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့မှ တာဝန်ရှိသူများ၊ ရန်ကုန်တိရစ္ဆာန် ဥယျာဉ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

"တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)ကို သားရဲတိရစ္ဆာန်တွေကို လှောင်အိမ်ထဲမှာထည့်ထားတဲ့ နေရာတစ်ခုအဖြစ် မဟုတ်ဘဲ တိရစ္ဆာန်တွေကို ကယ်တင်ထိန်းသိမ်းထားတဲ့ နေရာတစ်ခုအဖြစ်နဲ့ ကလေးငယ်တွေ လာရောက်လေ့လာနိုင်ပြီး အသိပညာဗဟုသုတတွေ ရရှိမယ့် နေရာတစ်ခုဖြစ်လာစေဖို့ မျှော်လင့်ပါတယ်" ဟု ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့ တည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာသန့်မြင့်ဦးက ပြောသည်။



၁၉၁၀ ပြည့်နှစ်တွင် သတ္တမမြောက် အက်ဒဝပ်ဘုရင် ကွယ်လွန်ခြင်းကြောင့် ရန်ကုန်မြို့ရှိ ငွေကြေးချမ်းသာသူများက အောက်မေ့ဖွယ်ရုပ်တု တည်ဆောက်ရန် ရန်ပုံငွေ တစ်ရပ်ကို ထူထောင်ခဲ့ကြောင်း ယင်းရုပ်တုကို ဒါလဟိုဇီပန်းခြံ (ယခု ဗိုလ်ချုပ်ကြေးရုပ်ထားရှိသည့်ဗိုလ်ချုပ်ပန်းခြံ)တွင် ထားရှိခဲ့ပြီး ပိုလျှံသည့်ငွေများဖြင့် ထိုစဉ်က ဝိတိုရိယပန်းခြံနှင့် တိရစ္ဆာန်ဥယျာဉ်ဟု အမည်တွင်သည့် လက်ရှိရန်ကုန်တိရစ္ဆာန် ဥယျာဉ်တွင် ကျားရုံတစ်ခုဆောက်လုပ်၍ နဖူးစည်းတွင် King Edward VII 1915 Carnivora House ဟု ရေးထိုးခဲ့ကြောင်း သိရသည်။

အဆိုပါကျားရုံကို ၁၉၀၀ ပြည့်နှစ် အစောပိုင်းလက်ရာဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး ၁၉၁၅ ခုနှစ်တွင် ဆောက်လုပ်ခဲ့ကြောင်း ကျားရုံအတွင်း ကျားများကို ခေတ်အဆက်ဆက်ပြသခဲ့ရာ ယခုအခါ ကျားဖြူကြီးများ ပြသထားကြောင်း သိရသည်။ ယနေ့ကပ်သည့် အပြာရောင်ကမ္ပည်းပြားတွင် ၁၉၀၆ တွင် ဖွင့်လှစ်ခဲ့ပြီး အရှေ့တောင်အာရှတွင် သက်တမ်းအရင့်ဆုံး တိရစ္ဆာန်ရုံတစ်ခုဖြစ်သည့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်း ဦးဆုံးတည်ဆောက်ခဲ့သော အဆောက်အအုံတစ်ခုဖြစ်သည်" ဟု ရေးသားထားသည်။

"ကျွန်မတို့အနေနဲ့ ဒီနေ့အပြာရောင်ကမ္ပည်းပြားတပ်တာ ၂၂ ခုမြောက်ပါ။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ဟာ ရန်ကုန်မြို့ပြသမိုင်းမှာ လူအများဆုံးလာရောက်တဲ့ အပန်းဖြေနေရာတစ်ခု ဖြစ်ပါတယ်။ ခေတ်အဆက်ဆက်မှာလည်း အထူးသဖြင့် ကလေးသူငယ်တွေအကြား ဗဟုသုတတိုးပွားရာနေရာ ဖြစ်ရုံမကဘဲ မိသားစုတွေအတွက်ရှားပါးတဲ့ အပန်းဖြေနေရာလည်း ဖြစ်ပါတယ်။ ဒီလို အရေးကြီးတဲ့နေရာကို မြို့ပြအမွေအနှစ်နေရာအဖြစ် မှတ်တိုင်စိုက်ထူရတဲ့အတွက် ဂုဏ်ယူပါတယ်"ဟု ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ဒါရိုက်တာ ဒေါ်မိုးမိုးလွင်က ပြောသည်။

အပြာရောင် ကမ္ပည်းပြားတပ်ဆင်ခြင်းသည်ရန်ကုန်မြို့၏ သမိုင်းကိုအထိရောက်ဆုံးနှင့် ထင်သာမြင်သာအရှိဆုံး ဖော်ပြနိုင်မည့်နည်းလမ်းများ အနက်မှ တစ်ခုဖြစ်ပြီး အဆိုပါ ကမ္ပည်းပြားများမှတစ်ဆင့် ရန်ကုန်မြို့၏ သမိုင်းကြောင်းများကို အသက်အရွယ်မရွေးနယ်ပယ်စုံမှ ပြည်သူများလေ့လာ၍ ရှေးဟောင်းအမွေအနှစ်များကို ပိုမိုသိရှိပြီး ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန် ရည်ရွယ်၍ တပ်ဆင်ခြင်းဖြစ်ကြောင်း သိရသည်။

**ဇာနည်မောင်**

## ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းအစီအစဉ် တတိယအကြိမ် ပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၁၄**

Cinematheque Program ၏ ကဏ္ဍခွဲတစ်ခုဖြစ်သော ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (Film Analysis)အစီအစဉ်တတိယအကြိမ်ကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၊ ရုပ်ရှင်အနုပညာရပ်ဝန်း၊ ရုပ်ရှင်ခန်းမ၌ ပြုလုပ်သည်။

### အပြန်အလှန်ဆွေးနွေး

ရုပ်ရှင်မြှင့်တင်ရေး ကော်မတီအဖွဲ့ဝင် ဒေါက်တာအောင်မင်းက "အခုဆိုရင် တတိယအကြိမ်ရှိပါပြီ။ သုံးသပ်ဆွေးနွေးမှု အပိုင်းကိုတော့ ပရိသတ်တွေစိတ်ဝင်စားအောင် တစ်ကြိမ်နဲ့တစ်ကြိမ် မတူအောင် လုပ်ပါတယ်။ ဒီတစ်ကြိမ်မှာတော့ အရင်အပတ်တုန်းကလို တစ်ခန်းပြီး တစ်ခန်းပြပြီး ဆွေးနွေးတာမျိုး မဟုတ်ပါဘူး။ ဒီနေ့ဇာတ်ကားက ဆွေးနွေးရမယ့် အပိုင်းတွေ ပိုများတယ်။ သီအိုရီပိုင်းတော့ သိပ်မပါဘူး။ ကျွန်တော်တို့အခေါ် အာရုစတိုင်ပုံစံမျိုးပါ။ ဒါ့ကြောင့် အပြန်အလှန်ဆွေးနွေးတဲ့ ပုံစံမျိုးလုပ်ခဲ့ပါတယ်"ဟု ပြောသည်။

အဆိုပါ သုံးသပ်ဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာတို့ ပူးပေါင်း၍ မြန်မာ့ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာမှ တာဝန်ရှိသူများ၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်ရန်ကုန်မှ ရုပ်ရှင်ပညာကို စိတ်ဝင်စားသော ကျောင်းသားကျောင်းသူများ၊ ပြင်ပမှ ရုပ်ရှင်ပညာကို စိတ်ဝင်စားသည့် လူငယ်များနှင့် ပြင်ပ ရုပ်ရှင်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရုပ်ရှင်မြှင့်တင်ရေးကော်မတီ အဖွဲ့ဝင် ဒေါက်တာအောင်မင်းက တရုတ်နိုင်ငံသား ဒါရိုက်တာ Jia Zhaungke ရိုက်ကူးထားသည့် Still Life ရုပ်ရှင်ဇာတ်ကားအပေါ် မိတ်ဆက်စကား ပြောကြားပြီး အဆိုပါ ဇာတ်ကားကို တက်ရောက်လာကြသူများနှင့် အတူ ကြည့်ရှုကြသည်။

### ထုတ်နုတ်ပြသ

ယင်းနောက် ဒေါက်တာအောင်မင်းက ရုပ်ရှင်ဇာတ်ကား တစ်ကားလုံးအပေါ် အသေးစိတ်ခွဲခြမ်းစိတ်ဖြာသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး တက်ရောက်လာကြသူများ၏ အမြင်များကို မေးမြန်းဆွေးနွေးမှုများ ပြုလုပ်ကာ ဇာတ်ဝင်ခန်းများကို ထုတ်နုတ်ပြသသည်။



ရုပ်ရှင်မြှင့်တင်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာ အောင်မင်းက ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာသည့် လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးစဉ်။

လူငယ် Film Maker ကို ဇော်ကိုကိုဟိန်းက "ကျွန်တော်တို့အတွက် ရိုက်ကူးမှုနဲ့ ပတ်သက်တဲ့ အတတ်ပညာတွေ၊ ခံစားမှုတွေ အများကြီး လိုအပ်ပါတယ်။ အခုလို သုံးသပ်ဆွေးနွေးပွဲမှာ ရိုက်ကူးမှုနဲ့ ပတ်သက်ပြီး ဇာတ်ဝင်ခန်းတစ်ခန်းချင်း ဘယ်လိုတွေ လုပ်ထားတယ်ဆိုတာမျိုး ပြန်လည်သုံးသပ်ကြတာပါ။ ကိုယ်တိုင်ရိုက်ကူးတဲ့ အခါကျတော့ ကိုယ့်ဇာတ်လမ်းကို အသက်ဝင်လာအောင်၊ ခံစားမှုတွေ ပိုရလာအောင် ဘယ်လိုလုပ်ရမလဲ ဆိုတာ သိရှိခဲ့တယ်။ အများကြီး အကျိုးရှိပါတယ်"ဟု ပြောသည်။

### ရွေးချယ်ပြသ

ယနေ့ ပြသဆွေးနွေးသည့် ရုပ်ရှင်ဇာတ်ကားသည် ဥရောပရုပ်ရှင်ဇာတ်ကားများကဲ့သို့ ရိုက်ကူးထားခြင်းမျိုးမဟုတ်ဘဲ အာရှရုပ်ရှင်လောကအတွင်း ရိုက်ကူးလေ့ရှိသော ဇာတ်ကားမျိုး ဖြစ်ကြောင်း အာရှရုပ်ရှင်ဇာတ်ကားများ နိုင်ငံတကာသို့ ထိုးဖောက်နေမှု အခြေအနေတို့ကို သိရှိစေရန် ယင်းဇာတ်ကားကို ရွေးချယ်ပြသခြင်းဖြစ်ကြောင်း ဒေါက်တာအောင်မင်းက ဆိုသည်။

ယင်းကဲ့သို့ ဆွေးနွေးပွဲများကို လစဉ်ဒုတိယပတ်နှင့် တတိယပတ်တို့၏ တနင်္ဂနွေနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်သော်လည်း လာမည့်ဆွေးနွေးပွဲကို အောက်တိုဘာ ၃၀ ရက်တွင် ပြုလုပ်ရန် စီစဉ်ထားသည်။

### အလှည့်ကျရွေးချယ်

ထိုသို့ပြုလုပ်ရာတွင် မြန်မာနိုင်ငံနှင့် ကိုက်ညီမှုရှိသည့် ကမ္ဘာတစ်ဝန်းမှ Art House Film အမျိုးအစားရုပ်ရှင်ဇာတ်ကားများထဲမှ ဇာတ်ကားများကို အလှည့်ကျရွေးချယ်ကာ ပြသပြီး ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်း-ဇော်ကြီး**

**ဓာတ်ပုံ-ဖေဇော်**

◆ ***ရွှေဖုံးမှ***

ဦးဝင်းကျော်နိုင်က ပရဟိတအကျိုးဆောင် အလှူရှင် (ရန်ကုန်မြို့)၏ (၃၃)ကြိမ်မြောက် ဗလာစာအုပ်လှူဒါန်းရခြင်း၊ ရေဘေးသင့်ပြည်သူများအား လှူဒါန်းရခြင်း၊ သာမဏေသင်္ကန်းကပ်လှူခြင်းနှင့် သီလရှင်ဝတ်စုံလှူဒါန်းရခြင်းအကြောင်းတို့ကို လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မင်းကျောင်းစာသင်တိုက်ဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ အလှူရှင်များက အနုမောဒနာတရားနာကြားကာ ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

### မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် အောက်တိုဘာ ၁၄**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ စစ်တွေမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ မြောက်ဦးမြို့တွင် ၂ ဒသမ ၂၄ လက်မ၊ မူဆယ်မြို့တွင် ၁ ဒသမ ၉၇ လက်မ၊ ဗန်းမော်မြို့တွင် ၁ ဒသမ ၈၁ လက်မ၊ ကျောက်မဲမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ အမ်းမြို့တွင် ၁ ဒသမ ၅၇ လက်မ၊ တကောင်းမြို့တွင် ၁ ဒသမ ၅၂ လက်မ၊ ကွမ်းခြံကုန်းမြို့တွင် ၁ ဒသမ ၄၂ လက်မ၊ မတူပီမြို့နှင့် ကျောက်ဖြူမြို့တို့တွင် ၁ ဒသမ ၃၈ လက်မစီနှင့် သီပေါမြို့တွင် ၁ ဒသမ ၂၂ လက်မတို့ဖြစ်ကြသည်။

**မိုး/ဇလ**

# စလေဦးပုညနှင့် စလေရုပ်စုံကျောင်း

**အန်ကယ်ပညာ**

**မကြာမီ သီတင်းကျွတ်တော့မည်။ သီတင်းကျွတ်လျှင် ကျောင်းများခေတ္တပိတ်မည်။ ကျောင်းပိတ်ချိန်တွင်မိသားစုအလိုက် မိဘဘိုးဘွားတို့ကို ကန်တော့ကြရင်း အပျော်ခရီး၊ လေ့လာရေးခရီးတို့ဖြင့် အပန်းဖြေထွက်ကြပေဦးမည်။**

**မင်္ဂလာခရီး**

ဆိုခဲ့သည့်အတိုင်း အပန်းဖြေခရီးဟုဆိုရာတွင် အပျော်ဆိုတာ ပါသည်။ လေ့လာစရာဆိုတာ ပါသည်။ ထို့အပြင် သီတင်းကျွတ်ရာသီတွင် ခရီးသွားလာခြင်းသည် မိဘဘိုးဘွားတို့ကို ကန်တော့ကြသူများအတွက် မြန်မာတို့၏ ရိုးရာဓလေ့ထုံးစံလည်းပါဝင်နေမည် ဖြစ်သည်။ သို့ဖြစ်၍ သီတင်းကျွတ်ရာသီ ခရီးသွားလာခြင်းသည် ဂါရဝေါစ နိဝါတောစ မင်္ဂလာ၊ ဗာဟုသစ္စဉ္စ သိပ္ပဉ္စဟူသည့်မင်္ဂလာတရားတို့နှင့် ညီညွတ်စေသည့် မင်္ဂလာခရီးဟု ဆိုချင်ပါသည်။

ခရီးတစ်ခုသွားရာတွင် အပျော်ခရီးနှင့် လေ့လာရေးခရီးဟု ခွဲခြားပြောနေမိသော်လည်း ထိုနှစ်မျိုးမှာ ဒွန်တွဲ၍ ရောယှက်နေသည်ကား အမှန်ပင်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် လေ့လာရင်းနှင့် ပျော်ကြရသလို အပျော်သွားရင်းနှင့်လည်း လေ့လာစရာများစွာကို တွေ့ရှိနိုင်သောကြောင့် ဖြစ်ပါသည်။

သို့ရာတွင် လေ့လာစရာနေရာများသို့ မသွားရောက်မီ ထိုနေရာ၏အကြောင်းကို တစ်နည်းနည်းဖြင့် ကြိုတင်သိရှိအောင်ဖန်တီးပေးနိုင်လျှင် အကောင်းဆုံးဖြစ်မည်ဟုထင်မြင်မိပါသည်။ ဤသို့ ကြိုတင်သိရှိထားခြင်းသည် လေ့လာသူတို့၏ စိတ်ဝင်စားမှုကို ပိုမို၍လေးနက်စေသည့် အပြင် လေ့လာနေစဉ် မိမိမျက်စိရှေ့တွင် တည်ရှိနေသည့်နေရာနှင့် အရာဝတ္ထုတို့ကို ကြိုတင်သိရှိထားသည့် အကြောင်းအရာတို့နှင့် ဆက်စပ်တွေးတောမိလာမည်။ ဤသို့နှင့် လေ့လာနေဆဲအရာဝတ္ထုတို့သည် သက်ဝင်လှုပ်ရှားလာဘိသကဲ့သို့ စိတ်ဝင်စားဖွယ်အလွန်ကောင်းလာပေလိမ့်မည်။

သို့ဖြစ်၍ သီတင်းကျွတ်ကျောင်းပိတ်ရက်တွင် ခရီးသွားကြမည့် မိသားစုများအတွက် **"စလေရုပ်စုံကျောင်း"** သို့ သွားရောက်လေ့လာလိုလျှင် လေ့လာနိုင်ကြစေရန်နှင့် ထိုခရီးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ မိမိ၏စိတ်ကို အတိတ်သို့ နှင်ခဲ့မိပါတော့သည်။

**စလေငခွေး**

"အခု စလေရုပ်စုံကျောင်းကို သွားနေတာဆိုတော့ စလေအကြောင်း မသိချင်ကြဘူးလား၊ စလေငခွေးတို့၊ စလေဦးပုညတို့ အကြောင်းလေ"။

ကိုယ်တိုင်မောင်းနှင်သည့် မိသားစုယာဉ်ငယ်သည် ပုဂံ ရေးဟောင်းယဉ်ကျေးမှုနယ်မြေမှ ချောက်မြို့သို့ ထွက်ခွာခဲ့ကြသည်။ ထိုမှတစ်ဆင့် စလေရှိ ကုန်းဘောင်ခေတ်နှောင်း ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံတစ်ခုဖြစ်သည့် ရုပ်စုံကျောင်းသို့ သွားရောက်လေ့လာရန်ဖြစ်၏။ စလေမြို့သည် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်းတွင် တည်ရှိပြီး ချောက်မြို့၏တောင်ဘက် ၁၃ မိုင်အကွာ ဧရာဝတီမြစ်၏အရှေ့ဘက်မြစ်ကမ်းဘေးတွင် တည်ရှိသော ပုဂံခေတ်ဦးနှင့်အပြိုင် ယဉ်ကျေးမှုထွန်းကားခဲ့သည့် မြို့ဟောင်းတစ်မြို့ ဖြစ်ပေသည်။

ယာဉ်ပေါ်တွင်ပါရှိသည့် မိသားစုဝင်အားလုံးတို့၏ စလေအကြောင်းပြောပြရန် တစ်ခဲနက်ထောက်ခံတောင်းဆိုမှုကြောင့် အနော်ရထာမင်း မတိုင်မီ ပုဂံခေတ်ဦး ဘုရင်တစ်ပါးဖြစ်သည့် စလေငခွေးအကြောင်းကို ယာဉ်မောင်းရင်း ပြောဖြစ်ခဲ့ပေသည်။

"ရာဇဝင်မှတ်တမ်းတွေအရ စလေငခွေးရဲ့ မိဘတွေက

**"သမိုင်းဝင် စလေရုပ်စုံကျောင်းတော်ကြီးကို ကျောင်းတော်ကြီး၏ သမိုင်းအကျဉ်းအရ စလင်းမြို့နေ ကုန်သည်ကြီး ဦးဘိုးကြည်နှင့် ဇနီးဒေါ်ရွှေသက်တို့က မြန်မာသက္ကရာဇ် ၁၂၄၄ ခုနှစ်တွင် စတင်၍ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ ကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းမည့် အကြောင်း သီပေါမင်းထံလျှောက်ထားခဲ့ရာ သီပေါမင်းက ကျောင်းတော်ကြီးအတွက် လိုအပ်သည့် ကျွန်းသစ်များကို နိုင်ငံတော်၏ဒါနအဖြစ် အခွန်အခကင်းမဲ့စွာ ခုတ်ယူခွင့်ပြုခဲ့"**

ဆင်းရဲလွန်းလို့ ကုန်သည်သူဌေးကြီးတစ်ဦးထံမှာ စလေ ငခွေးကို ရောင်းချခဲ့ရတယ်လို့ ဆိုပါတယ်။ အဲဒီတော့သခင်နဲ့ ကျွန်ဆိုတာလို ကုန်သည်က စလေငခွေးကို ခိုင်းစေတာတွေရှိမယ်။ အခိုင်းခံရတဲ့စလေငခွေးကလည်း ကုန်သည်ကို မကြည်မသာဖြစ်ခဲ့တာတွေလည်းရှိမှာပေါ့။ စလေငခွေးဟာ ကုန်သည်ကြီးဆီမှာ အခိုင်းအစေလုပ်နေရပေမယ့် သူ့ဘိုးဘွားတွေက ပုဂံမင်းဆက်ထဲမှာ ပါနေတာကြောင့် မင်းဆွေမင်းမျိုးလို့ပြောနိုင်ပါတယ်။

"စလေငခွေးမှာ အရင်ဘဝက ကောင်းမှုလေးတစ်ခုကြောင့် ဘုရင်ဖြစ်ဖို့ ကံပါလာတယ်။ သူဟာ အရင်ဘဝတစ်ခုမှာ တန့်ကြည့်တောင်ကိုစောင့်ရတဲ့ တောင်စောင့်ဘီလူးဖြစ်ခဲ့တယ်။ ဘုရားရှင် ဒေသစာရီကြွချီရင်း တန့်ကြည့်တောင်ထိပ်ရောက်လာတော့ တောင်စောင့်ဘီလူးကြီးက အင်ဖက်သုံးရွက်နဲ့ ဘုရားရှင်ကို နေမပူအောင်ကာပေးခဲ့တယ်။ အဲဒီမှာ ဘုရားရှင်က တောင်စောင့်ဘီလူးကြီးကို ပုဂံပြည်မှာ မင်းသုံးခါ


စလေရုပ်စုံကျောင်း
ဓာတ်ပုံ- သီဟစည်သူ

ဖြစ်မယ်လို့ ဗျာဒိတ်ထားတော်မူခဲ့တယ်။

"ဘုရားရှင်ရဲ့ ဗျာဒိတ်တော်အတိုင်း စလေငခွေးဘဝမှာ ပုဂံဘုရင် တစ်ကြိမ် စဖြစ်ခဲ့တယ် ဆိုရမှာပေါ့။ မြန်မာသက္ကရာဇ် ၂၆၈ ခုနှစ်၊ အသက် ၅၀ မှာ စလေငခွေးဟာ ပုဂံဘုရင်ဖြစ်လာတယ်။ ရှင်ဘုရင်ဖြစ်လာတော့ ဘုရားရှင်ကို နေမပူအောင် အရိပ်လှူခဲ့တဲ့ ကုသိုလ်ကြောင့် ဘုန်းတန်ခိုးအာနုဘော်အလွန်ကြီးသတဲ့။ ဒါပေမယ့် ဘီလူးဘဝက လာတာဆိုတော့ အင်မတန်ဒေါသကြီးပြီး အစားလည်း အလွန်ကြူးသတဲ့။ ကျွေးမွေး စောင့်ရှောက်လာခဲ့တဲ့ ကျေးဇူးရှင်ကုန်သည်သူဌေးကြီးကို တစ်ချိန်တုန်းက သူ့ကိုခိုင်းစေခဲ့တဲ့သူဆိုပြီး သတ်ပစ်လိုက်တယ်။ ဒါတင်မကသေးဘူး။ သူဌေးကြီးလို အရှင်သခင်နဲ့ တူတဲ့သူတွေကိုလည်း နှိပ်စက်သတ်ဖြတ်ခဲ့တာပဲတဲ့။ နန်းတော်ထဲက မှူးမတ်ဗိုလ်ပါတွေကလည်း ဘုရင်နှိပ်စက်တာကို မခံနိုင်တော့လို့ စလေငခွေး နန်းစံသက်ကိုးနှစ်အကြာမှာ ဝိုင်းပြီး လုပ်ကြံလိုက်ကြတယ်လို့ဆိုတယ်။

"မြန်မာသက္ကရာဇ် ၅၂၉ ခုနှစ်မှာ နရသူအမည်နဲ့ ပုဂံဘုရင်ထပ်ဖြစ်လာတယ်။ ဓမ္မရံကြီးဘုရားကို တည်ခဲ့တဲ့ဘုရင်ပေါ့။ ရာဇဝင်မှာ ကုလားကျမင်းလို့လည်း အမည်တွင်တယ်။ သက္ကရာဇ် ၆၁၇ ခုနှစ်မှာတော့ နရသီဟပတေ့ဆိုတဲ့ နာမည်နဲ့ဘုရင်ဖြစ်ခဲ့ပြန်တယ်။ ငယ်နာမည် မင်းခွေးချေးဖြစ်ပြီး တရုတ်ပြေးမင်းလို့လည်း ခေါ်ကြတယ်။ ဆိုလိုတာက ဘုရားရှင်ကိုအရိပ်လှူခဲ့တဲ့ ကောင်းမှုလေးတစ်ခုဟာ ဘုန်းတန်ခိုးကြီးမားတဲ့ဘုရင်အဖြစ် အကြိမ်ကြိမ်အကျိုးပေးတယ်ဆိုတာရယ်၊ ဒေါသကြောင့် မဆင်မခြင်လုပ်မိတာတွေကြောင့် သူတစ်ပါးရဲ့လက်ချက်နဲ့ အကြိမ်ကြိမ်အသက်ဆုံးရှုံးခဲ့ရတယ် ဆိုတာကိုပဲဖြစ်ပါတယ်။ အဓိက ပြောချင်တာက အခုသွားရောက်လေ့လာ ကြမယ့် စလေဆိုတဲ့ နေရာနဲ့ ရာဇဝင်ထဲက ဘုရင်တစ်ပါးတို့ ဆက်စပ်နေခဲ့တဲ့ အကြောင်းကို သိစေချင်တာပါ"။

**စလေဦးပုည**

ဧရာဝတီမြစ်နှင့်ယှဉ်လျက် တောင်မြောက်တန်းကာ ဖောက်ထားသော ပုဂံ- ချောက် ကားလမ်းသည် ၁၆ မိုင်မျှသာ ရှည်လျားသဖြင့် နံနက်စောစာကို ချောက်မြို့ရောက်မှ စားကြရန် ဆုံးဖြတ်ထားသည့်အတိုင်း နံနက် ၈ နာရီတွင် ချောက်မြို့သို့ ရောက်ရှိခဲ့ကြသည်။ ထိုမှတစ်ဆင့် ၁၃ မိုင်ကွာဝေးသော စလေမြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြပါသည်။ ထိုလမ်းခရီးတွင် စလေမြို့ အမည်နှင့်ယှဉ်တွဲ၍ သမိုင်းမှတ်တမ်းဝင်ခဲ့သည့် စာဆိုတော်ကြီး စလေဦးပုညအကြောင်းကို ဆက်ပြောဖြစ်ခဲ့လေသည်။

"စောစောက စလေမြို့က အညတရလူတစ်ယောက် ပုဂံမှာ မင်းဖြစ်ခဲ့တဲ့အကြောင်း ပြောခဲ့တယ်။ ဆက်ပြီးတော့ ကုန်းဘောင်ခေတ် မင်းတုန်းမင်းလက်ထက်မှာ ထင်ရှားကျော်ကြားခဲ့တဲ့ စာဆိုတော်ကြီး စလေဦးပုညအကြောင်း ပြောပြမယ်။ တကယ်တော့ ဦးပုညရဲ့အဖြစ်က သနားဖို့လည်းကောင်း၊ သံဝေဂရစရာလည်း ကောင်းလှပါတယ်။

"စလေသားဦးပုညဟာ ၁၅ နှစ်သားကတည်းက ရှင်သာမဏေဝတ်ခဲ့တာ အသက် ၅၀ အထိပဲ။ သူ့ငယ်နာမည်က 'မောင်ပုတ်စည်' လို့ခေါ်တယ်။ ရှင်သာမဏေဝတ်တော့ကျောင်းထိုင်ဆရာတော်က 'ရှင်ပုည' ဆိုတဲ့ ဘွဲ့အမည်ပေးခဲ့တယ်။ ကိုရင်ငယ် ဘဝမှာကတည်းက စာကိုကြိုးစားသင်ယူခဲ့လို့ ကျမ်းဂန်စာပေဘက်မှာ တစ်ဖက်ကမ်းခပ် ထူးချွန်ခဲ့တယ်။ ကဗျာလင်္ကာစပ်ဆိုရာနဲ့ ဗေဒင်ပညာတို့မှာ သူမတူအောင် ထူးချွန်ပေါက်မြောက် ခဲ့သူဖြစ်တယ်။ ဒါ့ကြောင့် မင်းတုန်းမင်းမတိုင်မီ ပုဂံမင်းလက်ထက်ကတည်းက 'စလေဦးပုည' ဆိုပြီး နာမည်ကျော်နေပြီ။ ဒါပေမယ့် သူတတ်ကျွမ်းတဲ့ ဗေဒင်ပညာကြောင့်ပဲ အသက်ဘေးနဲ့ ကြုံခဲ့ရတယ်လို့လည်း ပြောနိုင်ပါတယ်။

"ဦးပုညဟာ သူ့ဘဝတိုးတက်ရာ တိုးတက်ကြောင်းကိုရှာဖို့ အသက် ၅၀ အရွယ်မှာ စလေကနေ မင်းနေပြည်တော်ရှိရာ မန္တလေးကိုတက်လာခဲ့တယ်။ မန္တလေးမြို့ ဇန်းမော်ဆရာတော် ဘုရားကြီးထံမှာ ခိုလှုံနေထိုင်ရင်း တရားဓမ္မဆိုင်ရာစာပေ၊ ဗေဒင်ဆိုင်ရာစာများနှင့် ကဗျာလင်္ကာအမျိုးမျိုးကို ရေးသားနေခဲ့ပါတယ်။ ဦးပုညမှာ စာပေအပြင် အထူးတတ်မြောက်ထားတဲ့ ပညာရပ်တစ်ခုကတော့ အဂ္ဂိရတ်ခေါ်တဲ့ ဖိုထိုးတဲ့ အတတ်ပညာပါပဲ။ အဲဒီ ပညာကြောင့်ပဲ သူ့ထံမှာတပည့်ခံလာသူ ရတနာပုံ ရွှေမြို့တော်ဝန် ဦးသာအိုးရဲ့ ကိုးကွယ်ခြင်းကို ခံရပါတယ်။ အဲဒီက တစ်ဆင့် အဂ္ဂိရတ်ဝါသနာပါတဲ့ မင်းတုန်းမင်းကြီးရဲ့ ချီးမြှင့်မြှောက်စားခြင်းကို ခံခဲ့ရတာပါ။ တစ်သက်လုံး ရှင်သာမဏေဘဝနဲ့ နေလာခဲ့တဲ့ ဦးပုညဟာ မင်းတုန်းမင်းကြီးရဲ့ အလိုတော်ကျပဲ လူဝတ်လဲခဲ့ပါတယ်။

"မင်းတုန်းမင်းက လူဝတ်လဲပြီးတဲ့ဦးပုညကို ကြည့်ရှုစောင့်ရှောက်ပေးဖို့ မြို့တော်ဝန် ဦးသာအိုးကို တာဝန်ပေးပါတယ်။ ပညာလည်းတတ်၊ အပြောကကောင်း၊ ပေါင်းသင်းဆက်ဆံရေးလည်းကောင်းတဲ့ ဦးပုညကို မြို့တော်ဝန်ရဲ့ အမှုတော်ထမ်းအားလုံးက အကျွမ်းတဝင် ခင်မင်ကြတယ်လို့ ဆိုပါတယ်။

"အဲဒီအထဲက မြို့တော်ဝန်ရဲ့မယားငယ် မရွှေလုပ်ဆိုသူနဲ့ ဗေဒင်ဟောကြရာက ရင်းနှီးချစ်ခင်မိလို့ အသက်အန္တရာယ်နဲ့ ကြုံပါတော့တယ်။ မြို့တော်ဝန် ဦးသာအိုးက ဦးပုညကို သတ်မယ် ကြံတုန်း မင်းတုန်းမင်းကြီး သိသွားပြီး တရားပြဆုံးမတော်မူလို့ အသက်ဘေးက လွတ်ခဲ့ရတယ်လို့ဆိုပါတယ်။

"ဒုတိယအကြိမ် ဗေဒင်ပညာကြောင့် အသက်အန္တရာယ်နဲ့ ကြုံရတာကတော့ မင်းတုန်းမင်းရဲ့ သားတော်တစ်ပါးဖြစ်တဲ့ မြင်ကွန်းမင်းသားပုန်ကန်မှုမှာ အခွင့်သာမယ့်အချိန်အခါကို ဗေဒင်ကိန်းခန်းအရ တွက်ချက်ပြီး အခါတော်ပေးခဲ့လို့ဖြစ်ပါတယ်။ မြင်ကွန်းမင်းသားရဲ့ပုန်ကန်မှု အစီအစဉ်ကတော့ သူ့ရဲ့ခမည်းတော် မင်းတုန်းမင်း၊ ဦးရီးတော်အိမ်ရှေ့စံ ကနောင်မင်းသားကြီးနဲ့ သူ့ရဲ့အစ်ကိုတော်၊ ညီတော်တွေကို လုပ်ကြံပြီး ရတနာပုံထီးနန်းကို သိမ်းပိုက်ဖို့ပဲဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီလုပ်ကြံမှုမှာ ကနောင်မင်းသားကြီးနဲ့ မှူးကြီးမတ်ရာအချို့သာ ကျဆုံးခဲ့ရပြီး ပုန်ကန်မှုအထမမြောက်ခဲ့ပါဘူး။ ပုန်ကန်မှုကြံရာပါတွေကို စစ်ဆေးစီရင်တဲ့အခါမှာ အခါတော်ပေး ဦးပုညလည်း ပါဝင်ခဲ့ပါတယ်။

"အမှုကို စစ်ဆေးစီရင်တဲ့သူက အရင်က မယားငယ်ကိစ္စကြောင့် အခဲမကျေဖြစ်ခဲ့ဖူးတဲ့ မြို့တော်ဝန်ဦးသာအိုး ဖြစ်နေတော့ ဦးပုညဟာ လွှတ်တော်ရဲ့အမိန့်မရခင်ဘဲ မြို့တော်ဝန်အမိန့်နဲ့ အဆုံးစီရင်ခြင်း ခံလိုက်ရပါတယ်။ အဲဒီနောက်နေ့မှ လွှတ်တော်မှာ အဆုံးအဖြတ်တင်တော့ မင်းတုန်းမင်းကြီးက 'ငပုည ကို လက်မလွှန်စေနှင့် ထောင်မှာထားမြဲထားစေ' လို့ မိန့်တော်မူပါသတဲ့။ ဒီတစ်ကြိမ်မှာတော့ ဦးပုညရဲ့အသက်ကို မင်းတုန်းမင်းကြီး ကယ်တင်ခဲ့ပေမယ့် အချိန်မမီလိုက်တော့ပါဘူး။ အဲဒီအကြောင်းကိုသိတဲ့ အချိန်မှာတော့မင်းတုန်းမင်းကြီးက စိတ်ဆင်းရဲစွာနဲ့ 'လူကို ခွေးသတ်သည်' လို့ ညည်းတွားခဲ့တယ်လို့ဆိုပါတယ်။

"စလေဦးပုညရဲ့ဘဝဟာ မင်းမှုထမ်း ကမ်းနားသစ်ပင်ဆိုတဲ့စကားလိုပဲ စိတ်မကောင်းစရာနဲ့ နိဂုံးချုပ်ခဲ့ရပါတယ်။ ဒါပေမယ့်လည်း စာဆိုတော်ကြီး စလေဦးပုညဟာ ပိဋကတ်၊ ဗေဒင်၊ ရာဇဝင်၊ ဆေးဝါး၊ သတ်ပုံ၊ ကဗျာ၊ လင်္ကာ အကြောင်းအရာတို့ကို အဖွဲ့အနွဲ့မျိုးစုံဖြင့် ရေးသားသီကုံးပြီး မြန်မာဂန္ထဝင်စာပေကို ထင်ရှားစေနိုင်သူတစ်ဦး ဖြစ်ခဲ့ပါတယ်။

**စလေရုပ်စုံကျောင်း**

"ပြောရင်းဆိုရင်းနဲ့ စလေရောက်တော့မယ်။ ဒီလောက်ဆိုရင် စလေမြို့ဟာ ရာဇဝင်ထဲကဘုရင်၊ စာပေသမိုင်းထဲက စာဆိုတော်တွေနဲ့ ဆက်စပ်မှုရှိနေခဲ့တဲ့ မြို့ဆိုတာ သိလောက်ပြီထင်ပါတယ်။ အခုလေ့လာကြမယ့် စလေရုပ်စုံကျောင်းဆိုတာကိုတော့ မိသားစုထဲက ဘယ်သူမှမရောက်ဖူးသေးတော့ အားလုံးကိုယ်စီ လေ့လာကြမယ်။ မေးမြန်းမှတ်သားသင့်တာကိုမေးမြန်း မှတ်တမ်းတင်ကြမယ်။ ဓာတ်ပုံနဲ့ မှတ်တမ်းတင်သင့်တာတင်မယ်။ စာအုပ်စာတမ်း မှတ်တမ်းရနိုင်လျှင်လည်း ဝယ်ကြတာပေါ့"။

ဤသို့နှင့် စလေရုပ်စုံကျောင်းဟုခေါ်သော "စလေပန်းပုရုပ်စုံကျောင်း" ကို လေ့လာဖြစ်ခဲ့ကြပါသည်။ သမိုင်းဝင် စလေရုပ်စုံကျောင်းတော်ကြီးကို ကျောင်းတော်ကြီး၏ သမိုင်းအကျဉ်းအရ စလင်းမြို့နေ ကုန်သည်ကြီး ဦးဘိုးကြည်နှင့် ဇနီးဒေါ်ရွှေသက်တို့က မြန်မာသက္ကရာဇ် ၁၂၄၄ ခုနှစ်တွင် စတင်၍ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ ကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းမည့် အကြောင်း သီပေါမင်းထံလျှောက်ထားခဲ့ရာ သီပေါမင်းက ကျောင်းတော်ကြီးအတွက် လိုအပ်သည့်ကျွန်းသစ်များကို နိုင်ငံတော်၏ဒါနအဖြစ် အခွန်အခကင်းမဲ့ စွာခုတ်ယူခွင့်ပြုခဲ့ပါသည်။

ကျောင်းတော်ကြီးကို စလင်းမြို့နယ် တညောင်ကျေးရွာမှ လက်သမားများဖြင့် ဆောက်လုပ်ခဲ့ရာ ဆောက်လုပ်ဆဲတွင် ပါတော်မူကိစ္စကြီး ပေါ်ပေါက်ခဲ့သဖြင့် သက္ကရာဇ် ၁၂၅၄ ခုနှစ်ရောက်မှ သုဓမ္မာဂိုဏ်းထောက်ဆရာတော် ဦးဂုဏထံ ရေစက်သွန်းချလှူဒါန်းနိုင်ခဲ့ပေသည်။

*စာမျက်နှာ ၇ သို့*

# ကမ္ဘာ့စံချိန်စံညွှန်းနေ့ အခမ်းအနားကို ကျင်းပခြင်းဖြင့် မြန်မာစံချိန်စံညွှန်းများ ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်

ရန်ကုန် အောက်တိုဘာ ၁၄

**အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းအဖွဲ့များဖြစ်သော (ISO, IEC, ITU) တို့၏ အဖွဲ့ဝင်နိုင်ငံ အသီးသီးသည် ကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းများတွင် လွယ်ကူချောမွေ့စေရေး၊ မြန်မာစံချိန်စံညွှန်းများ တိုးတက်ဖွံ့ဖြိုးပြီး လူမှုဝန်းကျင် ဘေးကင်းသာယာချမ်းမြေ့ရေးနည်းပညာ၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနယ်ပယ်များတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရည်ရွယ်၍ စံချိန်စံညွှန်း၏အကျိုးကျေးဇူးကို အများပြည်သူပိုမိုသိရှိစေရန် ကမ္ဘာ့စံချိန်စံညွှန်းနေ့ (World Standard Day) အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။**




**ကမ္ဘာ့စံချိန်စံညွှန်းနေ့အဖြစ်သတ်မှတ်**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားရာတွင် ၁၉၄၆ ခုနှစ် အောက်တိုဘာ ၁၄ ရက် လန်ဒန်မြို့၌ ကျင်းပခဲ့သော ပထမဆုံးအကြိမ်အစည်းအဝေးအား ကမ္ဘာ့စံချိန်စံညွှန်းနေ့အဖြစ် သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ကြပါကြောင်း၊ စံချိန်စံညွှန်း လှုပ်ရှားမှုများကို အဖွဲ့ဝင် ၂၅ နိုင်ငံမှ ကိုယ်စားလှယ်များက အဆိုပါ နေ့အား ရွေးချယ်ခဲ့ပြီး ယခုချိန်တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၆၂ နိုင်ငံအထိ ပါဝင်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ကမ္ဘာ့စံချိန်စံညွှန်းနေ့၏ ရည်မှန်းချက်မှာ ကမ္ဘာ့စီးပွားရေး အသိုက်အဝန်းတွင် စံချိန်စံညွှန်းများ၏ အရေးကြီးခြင်းကို ပိုမိုသိရှိနားလည်စေရန်နှင့် စီးပွားရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ၊ အစိုးရနှင့် စားသုံးသူများ၏လိုအပ်ချက်များကို စံချိန်စံညွှန်းကဏ္ဍဖြင့် အကူအညီပေးခြင်းဖြင့် မြှင့်တင်ဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း၊ ကမ္ဘာ့စံချိန်စံညွှန်းနေ့ အခမ်းအနားကို ၁၉၇၀ ပြည့်နှစ်မှ စတင်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်မှ စတင်၍ ကမ္ဘာ့စံချိန်စံညွှန်းနေ့ အခမ်းအနားကို ကျင်းပခဲ့ရာ ယခုနှစ်တွင် (၇) ကြိမ်မြောက်အဖြစ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ထိုသို့ကျင်းပရာတွင် နှစ်စဉ် နှစ်တိုင်း ဆောင်ပုဒ်များချမှတ်၍ ကျင်းပလျက်ရှိရာ ယခုနှစ်ဆောင်ပုဒ်မှာ "အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် စတုတ္ထစက်မှုအသွင်ကူးပြောင်းရေး" ကို ရွေးချယ်ထားခြင်းဖြစ်ပါကြောင်း၊ စတုတ္ထစက်မှုအသွင် ကူးပြောင်းရေး ဆိုသည်မှာ ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဆက်သွယ်မှုတွေမှာ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်နိုင်ရန်နှင့် ရှေးရိုးအစဉ်အလာ အတားအဆီးများကို ကျော်လွှားရန်အတွက် ခေတ်မီနည်းပညာများ ထွက်ပေါ်လာစေရန် ဖြစ်ပါကြောင်း၊ စံချိန်စံညွှန်းသည် အသွင်ကူးပြောင်းရေးကာလတွင် အရေးကြီးသည့်ကဏ္ဍ၌ ပါဝင်နေပြီး စံချိန်စံညွှန်းများမရှိဘဲ ပြောင်းလဲမှုများကို အရှိန်အဟုန်မြှင့်တင်နိုင်မည် မဟုတ်ပါကြောင်း၊ တီထွင်သူများသည် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများဖြစ်သော ISO, IEC, ITU စသည့် စံချိန်စံညွှန်းများကို ကိုးကားပြီး ရေးဆွဲနိုင်ခြင်းဖြင့် အဆိုပါ နည်းပညာအသစ်များသည် အသိဉာဏ်ပညာနှင့်ကမ္ဘာလုံးဆိုင်ရာ တီထွင်ဆန်းသစ်မှုကို ပျံ့နှံ့စေရန် ဆောင်ရွက်နိုင်သော အရာများဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

**စိန်ခေါ်မှုမြောက်မြားစွာရှိ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စတုတ္ထစက်မှုအသွင်ကူးပြောင်းရေး ဆောင်ရွက်ရာတွင် စိန်ခေါ်မှု မြောက်မြားစွာရှိပြီး စက်ရုပ်နှင့်ဖန်တီးထားသော အသိပညာများသည် ပိုမိုကောင်းမွန်လာကာ လူအများကဲ့သို့ ဆောင်ရွက်နိုင်ပြီး အရာအားလုံးကို ဒစ်ဂျစ်တယ်နည်းပညာအားဖြင့် ဆက်သွယ်ထားပါကြောင်း၊ အခြားအမျိုးသား စံချိန်စံညွှန်းအဖွဲ့များကဲ့သို့ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနသည် ကမ္ဘာ့စံချိန်စံညွှန်းနေ့ အခမ်းအနားကို ကျင်းပခြင်းဖြင့် မြန်မာစံချိန်စံညွှန်းများ ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရန်နှင့် ပါဝင်ဆောင်ရွက်မှုကို ဖော်ပြခြင်းဖြစ်ပါကြောင်း၊ မြန်မာစံချိန်စံညွှန်းများ ချမှတ်ရာတွင် အမျိုးသားစံချိန်စံညွှန်းကောင်စီ၏ ဦးဆောင်မှုဖြင့် စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာကော်မတီ ၂၃ ခုမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ပထမအကြိမ်အဖြစ် မြန်မာစံချိန်စံညွှန်း ၅၀ ထွက်ရှိပြီး ဖြစ်ပါကြောင်း၊ ထပ်မံ၍ ISO/IEC CASCO စံချိန်စံညွှန်းများ၊ စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ စံချိန်စံညွှန်းများ၊ စိုက်ပျိုးရေးအခြေခံ ထုတ်ကုန်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် မြန်မာယူနီကုဒ်စံချိန်စံညွှန်း စုစုပေါင်း ၄၅ ခုအား Public Enquiry အဖြစ် ဆောင်ရွက်လျက်ရှိပြီး ဒုတိယအကြိမ်အဖြစ် ထွက်ပေါ်လာမည်ဖြစ်ပါကြောင်း၊ ဆက်လက်၍ မြန်မာစံချိန်စံညွှန်းမူကြမ်း ၁၇၂ ခုအား နည်းပညာကော်မတီများမှ ဆွေးနွေးလျက်ရှိပါကြောင်း၊ မြန်မာစံချိန်စံညွှန်းများ ချမှတ်နိုင်ခြင်းဖြင့် ဈေးကွက်စီးပွားရေးကို လွယ်ကူချောမွေ့စေရန် ထောက်ပံ့ပေးနိုင်ခြင်း၊ ထုတ်ကုန်များ အရည်အသွေးကို မြှင့်တင်ပေးနိုင်ခြင်း၊ ပြည်သူလူထု၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းသော ထုတ်ကုန်များကို အသုံးပြုနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ခြင်း စသည့်အခန်းကဏ္ဍများကို သိသာထင်ရှားစွာ အထောက်အပံ့ဖြစ်စေနိုင်မည် ဖြစ်ပါကြောင်း၊ မြန်မာစံချိန်စံညွှန်းများသည် မြန်မာနိုင်ငံ၏ ထုတ်ကုန်များအတွက် ကြီးမားသောဈေးကွက်ကို ရရှိအောင် အထောက်အပံ့ပေးနိုင်ခြင်းနှင့် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

**ဖွင့်လှစ်ပြသ**

ထို့နောက် USAID မှ Chief of Party Mr. Steve Parker က အမှာစကားပြောကြားပြီး ISO ၏ Secretary General ဖြစ်သူ Mr. Sergo Mujica က ကမ္ဘာ့စံချိန်စံညွှန်းနေ့ အခမ်းအနားသို့ ပြောကြားသော Message ကို ဖွင့်လှစ်ပြသည်။

ယင်းနောက် ကမ္ဘာ့စံချိန်စံညွှန်းနေ့ (World Standard Day)အခမ်းအနားကို အခမ်းအနား အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြေပဲစိုက်တောင်သူများအား မျိုးမြေပဲများပေးအပ်

**ရန်ကုန် အောက်တိုဘာ ၁၄**

ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ အထွက်နှုန်းကောင်းမွန်ရေး၊ ဈေးကွက်ရရှိရေး၊ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြေပဲစိုက်တောင်သူများအား မျိုးမြေပဲများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့က သန်လျင်မြို့ရှိ ခရိုင်စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အသင်းအထွေထွေ အတွင်းရေးမှူးချုပ် ဦးပိုင်ဖြိုးသန့်က မျိုးမြေပဲများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သုံးခွမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးတင်မြင့်အောင်နှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးရွှေဖြူတို့က တောင်သူများ လိုက်နာဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အသင်းတွဲဖက်အတွင်းရေးမှူး ဦးဌေးမိုးက စားသုံးဆီပြည်တွင်းထုတ်လုပ်မှုနှင့် ဈေးကွက်ရရှိမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး အသင်း အထွေထွေ အတွင်းရေးမှူးချုပ် ဦးပိုင်ဖြိုးသန့်နှင့် တွဲဖက်အတွင်းရေးမှူး ဦးဌေးမိုးတို့က မြေပဲစိုက်တောင်သူများအား မျိုးမြေပဲများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အမျိုးသားအင်အားစု(ရန်ကုန်)နှင့် ပြည်သူများစုပေါင်း၍ တပ်မတော်ကိုထောက်ခံခြင်းဆန္ဒထုတ်ဖော်

**ရန်ကုန် အောက်တိုဘာ ၁၄**

အမျိုးသားအင်အားစု (ရန်ကုန်) နှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများအင်အားစုပေါင်း၍ တပ်မတော်ထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက်လုပ်ဆောင်နေမှုများကို ဆန့်ကျင်သည့် ဆန္ဒထုတ်ဖော်ပွဲကို ယနေ့မွန်းလွဲပိုင်းက ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း ရေခဲဆိုင်မှတ်တိုင်၌ စုရပ်လုပ်ကာ ဆန္ဒထုတ်ဖော်ပွဲ ပြုလုပ်ခဲ့သည်။



ဆန္ဒထုတ်ဖော်ပွဲနှင့်ပတ်သက်သော ရည်ရွယ်ချက်များ ရေးသားထားသည့် စာတန်းပါ ဗီနိုင်းစများ၊ နိုင်ငံတော်အလံနှင့် တပ်မတော်အလံများ ကိုင်ဆောင်ကာ ကမ္ဘာအေးဘုရားလမ်းအတိုင်း မဟာဗန္ဓုလပန်းခြံအရောက် ချီတက်လမ်းလျှောက် ဆန္ဒထုတ်ဖော်ခဲ့ကြပြီး ညနေ ၄ နာရီခန့်တွင် ရုပ်သိမ်းခဲ့ကြသည်။

အဆိုပါ ဆန္ဒဖော်ထုတ်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့မှ ပြည်သူများပါဝင်ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ- မျိုးကြီး**

*စာမျက်နှာ ၆ မှ*

ကျောင်းတော်ကြီး၏အရွယ် ပမာဏမှာ ကျွန်းတိုင်ကြီး ၁၅၄ တိုင်ဖြင့် အလျားပေ ၁၅၀ ၊အနံ ၇၆ ပေရှိ မြန်မာမှုလက်ရာကျောင်းတော်ကြီးဖြစ်ပေသည်။ အိမ်ရှေ့စံမင်းသားတို့၏ အိမ်ပုံစံဖြစ်သဖြင့် လေှကားလေးစင်းတပ် အိမ်တော်ပုံကျောင်းအမျိုးအစားဖြစ်ကြောင်း သိရပေသည်။ ကျောင်းတော်ကြီးကို အဆောင်ခြောက်ဆောင်ဖြင့် တစ်ဆက်တည်း ဖွဲ့စည်းတည်ဆောက်ထားပါသည်။

ကျောင်းတော်ကြီးကို ၁၉၉၂ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၉၄ ခုနှစ်တွင် တစ်ကြိမ် ပြုပြင်မွမ်းမံမှုပြုလုပ်ပြီး ၁၉၉၅ ခုနှစ်မှစတင်၍ ရှေးဟောင်းသုတေသနဦးစီးဌာနက ပြတိုက်အဖြစ် ထိန်းသိမ်းထားရှိပေသည်။ ကျောင်းတော်ကြီးတွင် သစ်သားပန်းပုရုပ်တုပေါင်း ၄၅ ရုပ်ရှိပြီး ရေစကြိုမြို့နယ်မှ ပန်းပုဆရာများအား ခေါ်ယူထုလုပ်ခဲ့ကြောင်း သိရပေသည်။ ပန်းပုရုပ်တုများကို ကျောင်းတော်ကြီး၏ မြောက်ဘက်လက်ရမ်းတိုင်များတွင် တပ်ဆင်ထားတာကို တွေ့ရပါသည်။ ငါးရာငါးဆယ်နိပါတ်တော်နှင့် ဓမ္မပဒတို့မှ ရဟန်းရှင်လူတို့ သိသင့်သိထိုက် သင်ခန်းစာယူထိုက်သည့်ဇာတ်ကြောင်းများကို ရွေးချယ်ထုဆစ်ပုံဖော်ထားသည်ဟု သိရပါသည်။ ထိုလက်ရာမြောက်လှသည့် ပန်းပုရုပ်များကြောင့်ပင် ပန်းပုရုပ်စုံကျောင်းဟု ကမ္ဘာကျော်ခဲ့ဟန်ရှိပါသည်။

ထို့အပြင် ကျောင်းတော်ကြီးအတွင်း၌ မြန်မာသက္ကရာဇ် ၅၆၀ ပြည့်နှစ်က ရေးထိုးခဲ့သည့် အမျိုးသမီးတစ်ဦး၏ကျောက်စာ၊ ရတနာပုံခေတ်မြန်မာမှုလက်ရာများ၊ ရှေးဟောင်း ပုရပိုက်များ၊ ကျောင်းတော်ကြီး၏ အတွင်းအပြင်တို့တွင်ထည့်သွင်းပုံဖော်ထားသည့် မြန်မာမှုအနုလက်ရာမျိုးစုံကို လေ့လာနိုင်ကြမည် ဖြစ်ပါသည်။ ထိုကျောင်းတော်ကြီးကို နိုင်ငံခြားခရီးသွားဧည့်သည်များလည်း လာရောက်လေ့လာနေကြသည်ကို တွေ့ရှိခဲ့ပါသေးသည်။

အချုပ်အားဖြင့်ဆိုရလျှင် သီတင်းကျွတ် ကျောင်းပိတ်ရက်များတွင် မြန်မာတို့၏ ထုံးတမ်းစဉ်လာအရ မိဘဘိုးဘွားတို့ကို ကန်တော့ရန်မိသားစုအလိုက် ခရီးထွက်ကြရင်း ကမ္ဘာကျော် စလေပန်းပုရုပ်စုံကျောင်းတော်ကြီးသို့ သွားရောက်လေ့လာလိုသူများအတွက် စလေနှင့်ဆက်စပ်ဖြစ်တည်ခဲ့သော "စလေငခွေး၊ စလေဦးပုညနှင့် စလေရုပ်စုံကျောင်း"တို့အကြောင်းကို အကျဉ်းမျှ ရေးသားမျှဝေလိုက်ရပါသည်။ ။

## မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် အောက်တိုဘာ ၁၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးလျော့နည်းနိုင်သည်။ **မိုး/ဇလ**

✱ ရှေ့ဖုံးမှ

ဒေါက်တာ ခင်မောင်ဌေးတို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က မြန်မာ့သမိုင်းအစဖြစ်သော တကောင်းဒေသတွင် နိုင်ငံတော်ဓာတ်အားစနစ် လျှပ်စစ်မီးသုံးစွဲနိုင်ခြင်းမရှိဘဲ နေလာခဲ့ရသည့် တကောင်းဒေသ၏ သမိုင်းသည် ယနေ့တွင် လုံးဝပြောင်းလဲသွားပြီဖြစ်ပါကြောင်း၊ ယခင်က တကောင်းမြို့ပေါ်ရှိ ပြည်သူ အနည်းငယ်မျှကိုသာ ဒီဇယ်ဓာတ်အားပေးစက်ဖြင့် တစ်ရက်လျှင် နှစ်နာရီ၊ သုံးနာရီ ခန့်သာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း၊ ယနေ့အချိန်တွင် နိုင်ငံတော်ဓာတ်အား စနစ်မှ လျှပ်စစ်ဓာတ်အားကို တကောင်းမြို့ပေါ်ရှိ ပြည်သူများသာမက သပိတ်ကျင်း မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများပါ ၂၄ နာရီ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ပြီ ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် စက်မှုလက်မှုလုပ်ငန်းများအတွက် ဓာတ်အားသုံးစွဲမှုကို ကူညီပံ့ပိုးဖြည့်ဆည်းပေးနိုင်ရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် နိုင်ငံတော်ဓာတ်အားစနစ်၌ အမြင့်ဆုံးဓာတ်အားသုံးစွဲမှုမှာ ၃၄၈၃ မဂ္ဂါဝပ်ရှိပြီး လိုအပ်ချက်ကို ထုတ်လုပ်ပေးလျက်ရှိပါကြောင်း။

**စီမံဆောင်ရွက်လျက်ရှိ**

လက်ရှိအနေအထားအရ မြန်မာနိုင်ငံတွင် နှစ်စဉ် ဓာတ်အားတိုးတက်သုံးစွဲမှုများမှာ ၁၅ ရာခိုင်နှုန်းမှ ၁၉ ရာခိုင်နှုန်းခန့်ရှိသည့်အတွက် နှစ်အလိုက် ခန့်မှန်းဓာတ်အား လိုအပ်ချက်များမှာ ၂၀၂၀ - ၂၀၂၁ ခုနှစ်တွင် ၄၅၃၁ မဂ္ဂါဝပ်ခန့် တိုးတက်သုံးစွဲလာမည် ဖြစ်သဖြင့် ထပ်မံတိုးတက်ထုတ်လုပ်ပေးနိုင်ရေး အဆိုပါ ဓာတ်အားထုတ်လုပ်ပေးမည့် စက်ရုံများအပြင် ၂၀၂၁ ခုနှစ်တွင် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု တဖြည်းဖြည်းလျော့နည်း ကျဆင်းလာမည်ဖြစ်သဖြင့် အချိန်တိုအတွင်း လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် LNG ဓာတ်ငွေ့ရည်သုံးဓာတ်အားပေးစက်ရုံများ တည်ဆောက်၍ လျှပ်စစ်ဓာတ်အား တိုးတက် ဖြည့်ဆည်းပေးနိုင်ရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

သဘာဝဓာတ်ငွေ့လိုအပ်ချက်အပေါ် ဖြည့်ဆည်းမှုအနေဖြင့် ရတနာစီမံကိန်း၏ Plateau Period သည် ၂၀၂၁ ခုနှစ်တွင် ပြီးဆုံးပြီး သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု တဖြည်းဖြည်းလျော့နည်းကျဆင်းလာမည်ဖြစ်သည့်အတွက် ကမ်းလွန်လုပ်ကွက် များတွင် သဘာဝဓာတ်ငွေ့ ရှာဖွေခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကုန်းတွင်းပိုင်း လုပ်ကွက်များတွင် ရေနံရှာဖွေရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ်းလွန်လုပ်ကွက်များနှင့် ကုန်းတွင်းပိုင်းလုပ်ကွက်များအား တိုးချဲ့ဆောင်ရွက်နိုင်ရန် အတွက် ရေနံကုမ္ပဏီများအား Bidding Round ခေါ်၍ တွင်းသစ်များ တူးဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

လက်ရှိတွင် ကမ်းလွန်သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းများအနက် ရခိုင် တိုင်းဒေသကြီးအတွင်းရှိ လုပ်ကွက်အမှတ် A-6 မှာလည်း အလားအလာကောင်းများ ရှာဖွေတွေ့ရှိထားပြီးဖြစ်ပါကြောင်း၊ ထို့အပြင် ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိ လာမည့် ဓာတ်အားများကို သယ်ယူပို့လွှတ်နိုင်ရေးအတွက် ၅၀၀ ကေဗွီဓာတ်အားလိုင်း များဖြစ်သော အရှေ့၊ အနောက်၊ တောင်၊ မြောက် ဓာတ်အားလိုင်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၃၀ ကေဗွီ၊ ၁၃၂ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကိုလည်း တည်ဆောက်ဖြန့်ဖြူးသွားရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

**ဓာတ်အားတိုးတက်ဖြန့်ဖြူးပေးနိုင်**

မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားတိုးတက်သုံးစွဲမှုမှာ ၁၅ ရာခိုင်နှုန်းခန့်ဖြစ်ပြီး ၂၀၁၆ ခုနှစ် မတ်လမှ ယနေ့အထိ ဓာတ်အားတိုးတက်သုံးစွဲခဲ့မှုအရ ကျေးရွာ ၅၆၈ ရွာ၊ အိမ်ထောင်စု ၁၃၀၂၉၀ စုတို့အား ဓာတ်အားတိုးတက်ဖြန့်ဖြူး ပေးနိုင်ခဲ့ပါကြောင်း၊ လက်ရှိတွင် မန္တလေးတိုင်းဒေသကြီးအတွင်း အိမ်ထောင်စု ၁ ဒသမ ၃ သန်း ရှိသည့်အနက် အိမ်ထောင်စု ဝ ဒသမ ၇၁ သန်း၊ ရာခိုင်နှုန်းအနေဖြင့် ၅၃ ဒသမ ၉ ရာခိုင်နှုန်း ဓာတ်အားရရှိသုံးစွဲလျက်ရှိပါကြောင်း၊ တကောင်းဒေသတွင် ၃၃/၁၁/၅ အမ်ဗွီအေဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှုကြောင့် ကျေးရွာ ၁၈ ရွာနှင့် အိမ်ထောင်စု ၄၆၃၈ စုခန့် ဓာတ်အားရရှိနိုင်မည် ဖြစ်ပါကြောင်း၊ တကောင်း ဒေသတွင် လျှပ်စစ်ဓာတ်အားတိုးတက်ရရှိမှုကြောင့် ဒေသတွင်းရှိ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် ဒေသထွက်ပစ္စည်းများကို အခြေခံသော အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ လည်း ထူထောင်နိုင်မည်ဖြစ်ပြီး ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အခြားကဏ္ဍများတွင်လည်း များစွာအထောက်အကူပြု နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**ကျေးဇူးတင်စကားပြောကြား**

ထို့နောက် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ဌေးက တကောင်းဒေသ လျှပ်စစ်မီးလင်းခြင်း အခမ်းအနားအထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားခဲ့ပြီး ဂျပန်နိုင်ငံ Japan International Corporation Agency (JICA) ၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Mr.Kojun NAKA-SHIMA ၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ခေတ္တဥက္ကဋ္ဌ ဦးတိုးအောင်နှင့် သပိတ်ကျင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်ဆွေတို့က လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးခဲ့မှုအခြေအနေများ ကို ရှင်းလင်းပြောကြားကာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




**ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ဌေးတို့က တကောင်းဓာတ်အားခွဲရုံ အထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။**

# မန္တလေး၌ ဇာတ်ညွှန်းရေးနည်းသင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီနှင့် Pen Myanmar တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၁/၂၀၁၈ ဇာတ်ညွှန်းရေးနည်းသင်တန်း(မန္တလေး) သင်တန်းဆင်းပွဲ အခမ်းနားကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့ အမှတ်(၃၁) ရန်ကုန် - မန္တလေးလမ်းမကြီး မဟာအောင်မြေမြို့ရှိ Wilson Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီ နာယက ဒေါက်တာ ဒေါ်ယုယုမေက အမှတ်တရအမှာစကား ပြောကြားပြီး Pen Myanmar ဥက္ကဋ္ဌ ဆရာ မျိုးမြင့်ညိမ်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ အကယ်ဒမီ ဆွေဇင်ထိုက်က အမှတ်တရစကား ပြောကြားပြီး ဇာတ်ညွှန်းရေးနည်း သင်တန်းဆင်းလက်မှတ်ကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ အကောင်းဆုံးဇာတ်လမ်းဆု ရရှိသူများကို အမျိုးသမီးကော်မတီနာယကနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**

# လဲချား၌ သားအိမ်ခေါင်းကင်ဆာ အခမဲ့စမ်းသပ်ရှာဖွေကုသ

**လဲချား အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့နယ်၌ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ရှမ်းပြည်နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော သားအိမ်ခေါင်းကင်ဆာ အခမဲ့စမ်းသပ် ရှာဖွေကုသခြင်းအခမ်းအနားကို ယနေ့ နံနက်က မြို့နယ်သီရိဟံသာခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ်၏ဇနီး (ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက) ဒေါ်နန်းရွှေမြင့် ဦးဆောင်၍ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ၊ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး (တောင်ကြီး) မှ အထူးကုဆရာဝန်ကြီး ဒေါက်တာ ဇော်မြင့်နိုင်နှင့်အဖွဲ့က ကင်ဆာရောဂါနှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။

ဆက်လက်၍ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး (တောင်ကြီး) မှ အထူးကုဆရာဝန်ကြီး ဒေါက်တာဇော်မြင့်နိုင်က သားအိမ်ခေါင်းကင်ဆာ ရောဂါစမ်းသပ်ရှာဖွေကုသရခြင်းနှင့် ကင်ဆာဖြစ်ပွားပုံ အဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားပြီး ဒေါက်တာဇော်မြင့်နိုင်နှင့် ဆရာဝန်များအဖွဲ့သည် စစ်ဆေးလိုသည့် အမျိုးသမီး ၂၃၇ ဦးတို့ကို အခမဲ့ စမ်းသပ်ရှာဖွေကုသခြင်းများ ဆောင်ရွက်ပေးသည်။

**မြို့နယ်( ပြန်/ဆက်)**



# မန္တလေးမြို့၌ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အခမ်းအနားကျင်းပ

**မန္တလေး အောက်တိုဘာ ၁၄**

ပြည်သူ့ဘဝတိုးတက်ပြောင်းလဲဖို့ ဘေးဒဏ်ကြောင့် စီးပွားဆုံးရှုံးမှုလျှော့ချစို့ ခေါင်းစဉ်ဖြင့် ကျင်းပသည့် ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အခမ်းအနားကို မန္တလေးမြို့ ရွှေပြည်သာဟိုတယ် သာရတနာခန်းမ၌ ယမန်နေ့က ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ NGOs၊ INGOs မှ တာဝန်ရှိသူများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားကို မန္တလေးတိုင်းဒေသကြီးအနေဖြင့် လေးကြိမ်မြောက်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် သဘာဝဘေးအန္တရာယ်များ အကြိမ်အရေအတွက် ပိုမိုခံစားလာရပြီး ပြင်းအားများလည်းပိုမိုလာခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း မီးဘေး၊ လေဘေး၊ ရေဘေး၊ ကမ်းပြိုဘေး၊ မြေပြိုဘေး၊ မိုးကြိုးဘေးနှင့် ငလျင်ဘေးများကို ရင်ဆိုင်ရလျက်ရှိကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လကာလအတွင်း ဘေးဖြစ်ပွားမှု အကြိမ် (၁၅၈)ကြိမ်ရှိခဲ့ပြီး သေဆုံးသူ ၁၅ ဦးရှိခဲ့ရာ အိမ်ထောင်စု ၁၅၀၀ ခန့် ဘေးဒဏ်ခံစားခဲ့ရကြောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးမှု လျော့ပါးသက်သာစေရန် စီမံခန့်ခွဲမှုအဖွဲ့များကို တိုင်းဒေသကြီးအဆင့်မှ ရပ်ကွက်ကျေးရွာအဆင့်အထိ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်မှ ပေးပို့သည့် သဝဏ်လွှာကို ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် UNDP မှ National Project Manager က ဖတ်ကြားပြီး အခမ်းအနားတွင်ပြသထားသည့် ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ ပညာပေးပြခန်းများကို တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။ **(အပေါ်ပုံ) အေးမြ(မန္တလေး)**

# ထားဝယ်မြို့ သီတဂူအာရောဂျဒါနဆေးရုံတော်ကြီးတွင် မျက်စိခွဲစိတ်ကုသပေးမည်

**ထားဝယ် အောက်တိုဘာ ၁၄**

ထားဝယ်မြို့ သီတဂူအာရောဂျဒါန ဆေးရုံတော်ကြီးတွင် သီတဂူဆရာတော်ကြီး၏ အစီအစဉ်ဖြင့် သမားတော်ဒေါက်တာမြအောင် ဦးဆောင်သော စစ်ကိုင်းသီတဂူ ဇီဝိတဒါနဆေးရုံတော်ကြီးမှ အထူးကုဆရာဝန်များ၊ အထောက်အကူပြုအဖွဲ့များ၊ ထားဝယ်မြို့ သီတဂူအကျိုးတော်ဆောင်အဖွဲ့ ဝိဝဋ္ဋဒါနအလှူရှင်များ၊ ထားဝယ်ဒေသခံ အထူးကုဆရာဝန်များ ပူးပေါင်းကာ မျက်စိဝေဒနာရှင်များအား (၁၄) ကြိမ်မြောက် အခမဲ့စမ်းသပ် ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

မျက်စိဝေဒနာရှင်များအား အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်အထိ စမ်းသပ်ပေးမည်ဖြစ်ပြီး အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ ခွဲစိတ်ကုသပေးမည်ဖြစ်ရာ မျက်စိဝေဒနာရှင်များအနေဖြင့် သီတဂူအာရောဂျဒါနဆေးရုံတော်၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၊ ကျန်းမာရေးလမ်း၊ ဘုမ္မော်ရပ်ရှိ အာရောဂျဒါနဆေးရုံတော်၊ ဖုန်း - ၀၉ - ၈၇၅၀၁၇၉၊ ၀၉ - ၈၇၄၁၁၁၅ တို့သို့ ကြိုတင်ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရသည်။

ရဟန်း၊ သာမဏေ၊ သီလရှင်၊ ယောဂီပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့၏ စက္ခုအလင်းအတွက် ဆရာတော်ကြီးနှင့်အတူ ကုသိုလ်ရှင်များက လိုအပ်သောဆေးဝါးနှင့် ဝေယျာဝစ္စအတွက် အလှူငွေများ အကျိုးတော်ဆောင်ကုသိုလ်ရှင်အဖြစ် ဝိုင်းဝန်းပါဝင်လှူဒါန်းမှု ပြုနိုင်ရန် သီတဂူအာရောဂျဒါနဆေးရုံတော် အထောက်အကူပြုအဖွဲ့က တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

**ဖိုးရွှေသွန်း-ထားဝယ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု စစ်တွေမြို့တွင်း ရေစီးရေလာကောင်းရေးနှင့် လမ်းများအဆင့်မြှင့်တင်နေမှု စစ်ဆေး

**စစ်တွေ အောက်တိုဘာ ၁၄**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့တွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုတို့ကို ယနေ့ မွန်းလွဲပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**



**လိုက်လံရှင်းလင်းပြသ**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရူပတောင်ရပ်ကွက်ရှိ ပန်းခြံလမ်းအဆင့်မြှင့်တင်နေမှု၊ ရူပတောင်ရပ်ကွက်ရှိ မြို့လယ်ချောင်းသို့ စီးဆင်းနေသော ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်နေမှု၊ မြို့လယ်ချောင်း တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်ထွန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဦးဥတ္တမပန်းခြံ အဆင့်မြှင့်တင်နေမှု၊ ပန်းခြံအတွင်း ရေတွင်းများနှင့် လူသွားလမ်းများအား အဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ ပန်းခြံအတွင်း ယာဉ်ရပ်နားရန်နေရာ သုံးခုဆောင်ရွက်နေမှုနှင့် သာဘန်းလမ်းတွင် ယာဉ်ရပ်နားရန်နေရာနှင့် လမ်းအဆင့်မြှင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ မကျည်းမြိုင်ရပ်ကွက် အဝင်လမ်း ပေ ၅၁၀၊ ၁၄ ပေ ကွန်ကရစ်ခင်းနေမှုနှင့် ရေနုတ်မြောင်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရွာသာယာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများ ဆောင်ရွက်ရန် လိုအပ်ချက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

**စနစ်တကျ ရေဖြန့်ဝေပေး**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့ပေါ်သို့ သောက်သုံးရေ ဖြန့်ဝေပေးလျက်ရှိသော ကန်တော်ကြီးသို့ သွားရောက်ကြည့်ရှုသည်။ ကန်တော်ကြီးတွင် လက်ရှိရေသိုလှောင်မှုပမာဏ ဂါလန်သန်း ၃၉၀ ကျော်ရှိပြီး စစ်တွေမြို့၌ နွေရာသီ ရေအခက်အခဲ မရှိစေရေးအတွက် စနစ်တကျ ရေဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**အဆင့်မြှင့်တင်ဆောင်ရွက်**

ထို့နောက် ကန်တော်ကြီးရပ်ကွက် ဓမ္မလမ်း ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများ ဆောင်ရွက်နေမှုတို့ကို သွားရောက်စစ်ဆေးပြီး မှန်စီသုသာန်သွားလမ်း အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှု၊ သုသာန်အတွင်း ဇရပ်များဆောက်လုပ်ပြီးစီးမှုနှင့် မီးသင်္ဂြိုဟ်စက်ဆောင်ရွက်ပြီးစီးမှုတို့ကို သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင် ပေတောကျေးရွာ မူလတန်းကျောင်း အထွေထွေပြုပြင်ပြီးစီးမှု လွှဲပြောင်းပေးအပ်ပွဲ တက်ရောက်

**တပ်ကုန်း အောက်တိုဘာ ၁၄**

ပြည်ထောင်စုနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ခရမ်းစပ်ကုန်းကျေးရွာအုပ်စု ပေတောကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် မြန်မာစီပီလိုက်(ဖ်)စတော့ကုမ္ပဏီလီမိတက်မှ လှူဒါန်းသည့် ကျောင်းခြံစည်းရိုး၊ သန့်စင်ခန်း၊ ကလေးကစားကွင်း၊ သောက်ရေသန့်စက်၊ စာရေးခုံ၊ စာအုပ်စင်၊ ကျောင်းစာကြည့်တိုက် အသုံးအဆောင်ပစ္စည်း၊ ကျောက်သင်ပုန်း၊ စားပွဲကုလားထိုင်၊ ဖူဆယ်ဘောလုံးကွင်း၊ အုတ်ရေကန်၊ လျှပ်စစ်မီးတိုင်နှင့် ကျောင်းဆောင်ဟောင်းပြုပြင်ခြင်း လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က အမှာစကားပြောကြားပြီး မြန်မာစီပီလိုက်(ဖ်)စတော့ကုမ္ပဏီလီမိတက်မှ ဦးအောင်မျိုးမြတ်က လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြကာ မြန်မာစီပီလိုက်(ဖ်)စတော့ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ Mr. Wirat Wong -Pornpakdee က လှူဒါန်းမှုအစုစုမှတ်တမ်းလွှဲပြောင်းပေးအပ်ရာ ကျောင်းအုပ်ဆရာကြီးက လက်ခံယူသည်။



ကျောင်းတွင်းအားကစားအလိုက် ဆုရရှိသည့် ကျောင်းသားကို တာဝန်ရှိသူတစ်ဦးက ဆုချီးမြှင့်စဉ်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် ကောင်စီအတွင်းရေးမှူး ဦးစိုင်းသော်ဝင်း၊ တိုင်းပညာရေးမှူး ဦးမျိုးဝင်းအောင်နှင့် တာဝန်ရှိသူများက အဆိုပါကျောင်းဆောင်များတွင် ပညာပေးဆိုင်းဘုတ်များ လိုက်လံကပ်ပေးခဲ့သည်။ ယင်းနောက် ကျောင်းတွင်း ဖူဆယ်ဘောလုံးပြိုင်ပွဲကို ကြည့်ရှုအားပေးကာ အားကစားအလိုက် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ဆုချီးမြှင့်ပေးအပ်ခဲ့ပြီး အာဟာရပြည့်နှာ်းနို့ တိုက်ကျွေးခဲ့သည်။

**တင်စိုးလွင်**

# နေပြည်တော် ခုတင် ၁၀၀ တိုင်းရင်းဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများ အခမဲ့ကွင်းဆင်းဆေးကုသ

**နေပြည်တော် အောက်တိုဘာ ၁၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီး (နေပြည်တော်)မှ ကျန်းမာရေးဝန်ထမ်းများသည် ကွင်းဆင်း၍ အခမဲ့ဆေးဝါးကုသဆောင်ရွက်ပေးခြင်းကို ယမန်နေ့က ပုဗ္ဗသီရိမြို့နယ် ဇဝနဒီပရပ်ကွက်ရှိ ဓမ္မပါလဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီး၏ ဒုတိယဆေးရုံအုပ် ဦးနေအောင်က လေငန်းရောဂါနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းရင်းဆေးမှူး ဒေါ်အေးမြသီဂီက ခါးနာရောဂါနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းရင်းဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်း ၁၅ ဦးက ဇဝနဒီပရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်စိုးနှင့် အုပ်ချုပ်ရေးဝန်ထမ်းများ၏ ပံ့ပိုးမှုဖြင့် ဒေသခံများတွင် ဖြစ်ပေါ်ခံစားလျက်ရှိသော အနာပေါက် အကြောရောဂါအမျိုးမျိုး၊ ခါးနာ၊ ဒူးနာ၊ လေငန်း၊ အမူးအမော ရောဂါများကို အခမဲ့စမ်းသပ်ကုသပေးပြီး ဆေးရုံတက်ရောက်ရမည့်လူနာများကို ဆေးရုံသို့ ညွှန်ပို့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကျော်လှိုင်သင်း(နေပြည်တော်)**

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၄**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် တောင်ပိုင်း) တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# မြန်မာ့လက်ရွေးစင်အသင်းနှင့် ဘာရိန်းလက်ရွေးစင်အသင်း ထပ်မံခြေစမ်းမည်

**ရန်ကုန် အောက်တိုဘာ ၁၄**

၂၀၁၈ အာဆီယံဆုဇူကီးဖလားပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ကာတာခြေစမ်းခရီးစဉ်မသွားရောက်မီ ဘာရိန်းလက်ရွေးစင်အသင်းနှင့် ထပ်မံခြေစမ်းမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲကို အောက်တိုဘာ ၁၆ ရက် မြန်မာစံတော်ချိန် ည ၁၀ နာရီ ၄၅ မိနစ်တွင် ဘာရိန်းနိုင်ငံ ရီဖာမြို့ရှိ ဘာရိန်းအမျိုးသားဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မူလက အောက်တိုဘာ ၁၆ ရက်မှစ၍ ကာတာနိုင်ငံ၌ လေ့ကျင့်ရန် စီစဉ်ထားသော်လည်း ဘာရိန်းလက်ရွေးစင်အသင်းနှင့် ခြေစမ်းရန် သဘောတူညီမှုရခဲ့သောကြောင့် ကာတာနိုင်ငံသို့ အောက်တိုဘာ ၁၇ ရက်မှသာ ထွက်ခွာမည်ဖြစ်သည်။

**ဘာရိန်းနှင့် အဝေးကွင်းကစားရမည်**

မြန်မာ့လက်ရွေးစင်အသင်းသည် ယခုတစ်ပတ်အတွင်း နိုင်ငံတကာခြေစမ်းပွဲသုံးပွဲဆက်တိုက်ကစားခြင်းဖြစ်ပြီး အောက်တိုဘာ ၁၀ ရက်တွင် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် အဝေးကွင်း၊ အောက်တိုဘာ ၁၃ ရက်တွင် ဘိုလစ်ဗီးယားလက်ရွေးစင်အသင်းနှင့် အိမ်ကွင်းယှဉ်ပြိုင်ကစားခဲ့ပြီး အောက်တိုဘာ ၁၆ ရက်တွင် ဘာရိန်းအသင်းနှင့် အဝေးကွင်းထပ်မံကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆုဇူကီးဖလားပြိုင်ပွဲအတွက် စက်တင်ဘာ ၂၈ ရက်မှစ၍ လေ့ကျင့်မှုပြုလုပ်ခဲ့ပြီး ပြီးခဲ့သည့်ခြေစမ်းပွဲနှစ်ပွဲတွင် သုံးဂိုးပြတ်ဖြင့် နှစ်ပွဲစလုံးရှုံးထားသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကာတာနိုင်ငံတွင် အောက်တိုဘာ ၁၇ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ လေ့ကျင့်မှုပြုလုပ်မည်ဖြစ်ပြီး ခြေစမ်းပွဲငါးပွဲ ထပ်မံယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဘာရိန်းနှင့် ကာတာခြေစမ်းခရီးစဉ်အတွက် ကစားသမား ၂၆ ဦး ခေါ်ဆောင်သွားပြီး စခန်းဝင်လေ့ကျင့်ခဲ့သည့် ပဏာမကစားသမား ၂၇ ဦးအနက် တစ်ဦးကိုသာ လျှော့ချခဲ့သည်။

**ပါဝင်မည့် ကစားသမားများ**

ပြည်ပခြေစမ်းခရီးစဉ်သွားရောက်မည့် မြန်မာ့လက်ရွေးစင်အသင်းတွင် **အုပ်ချုပ်သူ** - ဦးဘုန်းနိုင်ဇော်၊ **နည်းပြချုပ်** - အန်တွမ်နီဟေး၊ **လက်ထောက်နည်းပြ**- ကာလက်၊ ဦးစိုးမြတ်မင်း၊ **ဂိုး နည်းပြ** - ကာစတန်၊ **အတွင်းရေးမှူး** - ဦးမိုးဝေအောင်၊ **ဂိုး** - ကျော်ဇင်ထက်၊ ဆန်းဆက်နိုင်(ရန်ကုန်)၊ ဘုန်းသစ္စာမင်း (ရှမ်း)၊ **နောက်တန်း** - သိန်းသန်းဝင်း (ရတနာပုံ)၊ ဒေးဗစ်ဒန်း၊ ထိုက်ထိုက်အောင်(ရှမ်း)၊ နန္ဒကျော်၊ ဝင်းမိုးကျော်(မကွေး)၊ စိုးမိုးကျော် (အား/ကာ သိပ္ပံ)၊ ပြည့်ဖြိုးဇော်(ရန်ကုန်)၊ **အလယ်တန်း** - လှိုင်းဘိုဘို၊ စည်သူအောင်၊ ရဲကိုဦး၊ ရဲရင့်အောင်၊ မျိုးကိုထွန်း၊ မြတ်ကောင်းခန့်(ရတနာပုံ)၊ သန်းထက်အောင် (ဇွဲကပင်)၊ ထက်ဖြိုးဝေ၊ ရန်နိုင်ဦး (ရှမ်း)၊ လွင်မိုးအောင်(အား/ကာ သိပ္ပံ)၊ မောင်မောင်စိုး(မကွေး)၊ မောင်မောင်လွင် (ရန်ကုန်)၊ **ရှေ့တန်း** - အောင်သူ (Police Tero)၊ ကောင်းဆက်နိုင် (ဆာမတ်ဆာခွန်)၊ ဇင်မင်းထွန်း(ရှမ်း)၊ အီစိုး(ရန်ကုန်) တို့ ပါဝင်ကြသည်။ **ညီမြတ်သော်တာ၊ ဓာတ်ပုံ - စိုးညွှန့်**



မြန်မာ့လက်ရွေးစင် ဘယ်နောက်ခံလူ သိန်းသန်းဝင်း



# အခုမြန်မာနိုင်ငံမှာ နိုင်ငံရေး၊ စီးပွားရေး အကျပ်အတည်းတွေ ရင်ဆိုင်နေရတယ်။ ဒါကြောင့် အဲဒီရင်ဆိုင်နေရတဲ့ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကို ဖြေရှင်းနိုင်အောင် ကျွန်တော်တို့ ဂျပန်အစိုးရအနေနဲ့ မြန်မာပြည်သူလူထုနဲ့ မြန်မာအစိုးရကို ကူညီပြီးဆောင်ရွက်မယ်ဆိုတာ ဂျပန်အစိုးရရဲ့ အဓိက ရပ်တည်ချက် ဖြစ်ပါတယ်

**ဂျပန် သံအမတ်ကြီး H.E.Mr.Ichiro Maruyama**

## မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E.Mr.Ichiro Maruyama နှင့် တွေ့ဆုံမေးမြန်းခြင်း

**မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အပါအဝင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဂျပန်နိုင်ငံ၏ ကူညီပံ့ပိုးဆောင်ရွက်ပေးနေမှုနှင့် မြန်မာ-ဂျပန် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေတို့နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Ichiro Maruyama အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ထိုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ဖော်ပြအပ်ပါသည်။**

**မေး။ ။ လူကြီးမင်းအနေနဲ့ သံအမတ်ကြီးတာဝန် မထမ်းဆောင်ခင်ကတည်းက မြန်မာနိုင်ငံက ဂျပန်သံရုံးမှာ အနှစ်နှစ်ဆယ်ကျော် တာဝန်ထမ်းဆောင်ခဲ့ဖူးတယ်လို့ သိရပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းတွေအပေါ်မှာ သံအမတ်ကြီးရဲ့သဘောထားအမြင်ကို သိလိုပါတယ်။**

**သံအမတ်ကြီး။** ။ မြန်မာနိုင်ငံရဲ့နိုင်ငံရေး၊ စီးပွားရေးမှာ အရင်က အပစ်အခတ်တွေ ရှိခဲ့ပါတယ်။ အခု ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲပြီးတော့ ပြည်သူလူထုအများစု ထောက်ခံပြီး ပေါ်ထွက်လာတဲ့ အစိုးရဖြစ်ပါတယ်။ အခုအစိုးရက မြန်မာနိုင်ငံမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲရေးအတွက် ကြိုးစားနေတဲ့ အချိန်ဖြစ်ပါတယ်။ ဒါကြောင့် နှစ်ပေါင်းများစွာ ဆက်ဆံမှုရှိတဲ့ ဂျပန်နိုင်ငံကလည်း မြန်မာနိုင်ငံမှာ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို တတ်နိုင်သလောက် ဖြေရှင်းနိုင်အောင် ကြိုးပမ်းပြီး ပူးပေါင်းဆောင်ရွက်ပေးဖို့ဆိုတာ ကျွန်တော်တို့ရဲ့အမြင် ဖြစ်ပါတယ်။

**မေး။ ။လက်ရှိမြန်မာနိုင်ငံရဲ့အခြေအနေအပေါ်ကိုလည်း သုံးသပ်ပြောကြားပေးစေလိုပါတယ်။**

**သံအမတ်ကြီး။** ။ အခုမြန်မာနိုင်ငံမှာ နိုင်ငံရေး၊ စီးပွားရေး အကျပ်အတည်းတွေ ရင်ဆိုင်နေရတယ်။ ဒါကြောင့် အဲဒီရင်ဆိုင်နေရတဲ့ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကို ဖြေရှင်းနိုင်အောင် ကျွန်တော်တို့ ဂျပန်အစိုးရအနေနဲ့ မြန်မာပြည်သူလူထုနဲ့ မြန်မာအစိုးရကို ကူညီပြီးဆောင်ရွက်မယ်ဆိုတာ ဂျပန်အစိုးရရဲ့အဓိက ရပ်တည်ချက် ဖြစ်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်မှာ အကြီးမားဆုံး စိန်ခေါ်မှုက ဘာတွေဖြစ်နိုင်တယ်ဆိုတာ သံအမတ်ကြီးအနေနဲ့ သုံးသပ်ပေးပါဦး။ ဒီစိန်ခေါ်မှုတွေကို ဘယ်လိုကျော်လွှားနိုင်တယ်ဆိုတာကိုလဲ အကြံပြုပေးစေလိုပါတယ်။**

**သံအမတ်ကြီး။** ။ ပထမအချက်က နိုင်ငံရေးတည်ငြိမ်မှုပါ။ နိုင်ငံရေးတည်ငြိမ်ဖို့က အင်မတန် အရေးကြီးပါတယ်။ နိုင်ငံရေးတည်ငြိမ်မှုရှိမှသာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ မျှော်လင့်လို့ရပါတယ်။ ဒုတိယအချက်က စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ဖြစ်ပါတယ်။ တတိယအချက်က ပြည်တွင်းငြိမ်းချမ်းရေးရဖို့က အင်မတန်မှ အရေးကြီးတဲ့ အချက်ဖြစ်ပါတယ်။ နောက်ဆုံးတစ်ချက် နိုင်ငံတကာက မြန်မာနိုင်ငံကို ပြင်းပြင်းထန်ထန်ဝေဖန်နေတဲ့ ရခိုင်ပြည်နယ် အရေးကိစ္စတွေ ဖြစ်ပါတယ်။ ဒီအချက်လေးချက်က မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရအတွက် အဓိကစိန်ခေါ်မှုတွေပဲ ဖြစ်ပါတယ်။

အဲဒီစိန်ခေါ်မှုကို ဖြေရှင်းနိုင်ရင်တော့ မြန်မာနိုင်ငံရဲ့အနာဂတ်ဖွံ့ဖြိုးမှုဟာ ကောင်းလာမှာပါ။ ဒီလိုကြီးမားတဲ့ စိန်ခေါ်မှုလေးချက်ကို မြန်မာနိုင်ငံအနေနဲ့ ဖြေရှင်းနိုင်အောင် ဂျပန်အစိုးရအနေနဲ့ မြန်မာပြည်သူလူထု၊ မြန်မာအစိုးရနဲ့အတူ ပါဝင်ပြီးကြိုးစားဖို့ဆိုတာ ဂျပန်အစိုးရရဲ့အဓိက ဦးတည်ချက်ဖြစ်ပါတယ်။

**မေး။ ။မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ဂျပန်နိုင်ငံအနေနဲ့ တက်ကြွစွာ ပါဝင်ပံ့ပိုးကူညီနေတာကို အားလုံးသိရှိကြပါတယ်။ ဒီတော့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ်မှာ ဂျပန်နိုင်ငံရဲ့ပံ့ပိုးကူညီဆောင်ရွက်မှုတွေကို သိပါရစေ။**

**သံအမတ်ကြီး။** ။ ငြိမ်းချမ်းရေးကိစ္စက မြန်မာအစိုးရ၊ မြန်မာနိုင်ငံအတွက် အင်မတန်မှ အရေးကြီးတဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးအတွက် ဂျပန်အစိုးရ အထူးကိုယ်စားလှယ်အနေနဲ့ နီပွန်ဖောင်ဒေးရှင်းက မစ္စတာဆာဆာကာဝါကို ဂျပန်အစိုးရအထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်လိုက်ပါတယ်။ ကျွန်တော်တို့ ဂျပန်အစိုးရနဲ့ မစ္စတာဆာဆာကာဝါတို့ ပူးပေါင်းပြီးတော့ ငြိမ်းချမ်းရေးကို တစ်ဆင့်ပြီးတစ်ဆင့် ရနိုင်အောင် မြန်မာအစိုးရ၊ တပ်မတော်တို့နဲ့ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။

အထူးသဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီးတဲ့ အဖွဲ့တွေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းတွေ ဂျပန်အစိုးရနဲ့ မြန်မာအစိုးရတို့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။

**မေး။ ။လက်ရှိမြန်မာနိုင်ငံမှာ ဂျပန်နိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ ဂျပန်-မြန်မာ ကုန်သွယ်မှုအခြေအနေကိုလည်း သိလိုပါတယ်။ ပြီးတော့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားမယ့်အချက်တွေကိုလည်း သိလိုပါတယ်။**

**သံအမတ်ကြီး။** ။ မြန်မာနိုင်ငံကို စိတ်ဝင်စားတဲ့ ဂျပန်ကုမ္ပဏီတွေ များပါတယ်။ ဘာဖြစ်လို့ မြန်မာနိုင်ငံကို စိတ်ဝင်စားသလဲဆိုရင် ဂျပန်နဲ့မြန်မာကြားမှာ နှစ်ပေါင်းများစွာ နီးကပ်တဲ့ ဆက်ဆံမှုရှိပါတယ်။ ဒါကြောင့်မို့ ဂျပန်ကုမ္ပဏီတွေက မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ဖို့ စိတ်ဝင်စားပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံနဲ့ စီးပွားရေးလုပ်ဖို့ဆိုရင် ရန်ကုန်မြို့နားမှာရှိတဲ့ သီလဝါအထူးစီးပွားရေးဇုန်ကို ဂျပန်အစိုးရ၊ မြန်မာအစိုးရ၊ ပြီးတော့ ဂျပန်နဲ့ မြန်မာပုဂ္ဂလိကအပိုင်းရော ပူးပေါင်းပြီး ဆောင်ရွက်နေတာလည်း အင်မတန်မှ အောင်မြင်နေပါတယ်။

**မေး။ ။မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ကို ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေနဲ့ယှဉ်ရင် ဒီဥပဒေဟာ ရင်းနှီးမြှုပ်နှံသူတွေအတွက် မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ အင်မတန်ကောင်းမွန်တယ်လို့ စီးပွားရေးကျွမ်းကျင်ပညာရှင်တွေက သုံးသပ်ကြပါတယ်။ ဒါကြောင့် ဂျပန်နိုင်ငံက လာရောက်ရင်းနှီးမြှုပ်နှံနိုင်မယ့် အခြေအနေကိုလည်း သံအမတ်ကြီးအနေနဲ့ သုံးသပ်ပေးပါ။**

**သံအမတ်ကြီး။** ။ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို ဘယ်ကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံနိုင်တယ်ဆိုတာ သတ်မှတ်လိုက်ပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံနိုင်အောင် မြန်မာအစိုးရနဲ့ ဆွေးနွေးပြီး တတ်နိုင်သလောက်၊ စိတ်ဝင်စားမှုရှိတယ်ဆိုရင် စိတ်ဝင်စားတဲ့ ဂျပန်ကုမ္ပဏီတွေကို မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ ဖိတ်ခေါ်ချင်ပါတယ်။

နောက်တစ်ချက်က မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံပြီး စီးပွားရေးလုပ်မယ်ဆိုရင် အရေးကြီးတဲ့အချက်က ဘာလဲဆိုရင် အခြေခံအဆောက်အအုံပဲ ဖြစ်ပါတယ်။ ဥပမာ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးတို့ပဲဖြစ်ပါတယ်။ အဲဒီအတွက် ဂျပန်နိုင်ငံရဲ့ ODA ကို အသုံးပြုပြီးတော့ အခြေခံအဆောက်အအုံတွေအတွက် မြန်မာအစိုးရနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။

**မေး။ ။မြန်မာနိုင်ငံရဲ့ထင်ရှားတဲ့ နေရာဒေသတွေကို သံအမတ်ကြီး လည်ပတ်ဖူးပြီလား။ သံအမတ်ကြီးအနေနဲ့ ဂျပန်ခရီးသွားတွေ မြန်မာနိုင်ငံကို ပိုမိုလာရောက်ဖို့ ဘယ်လို ဆောင်ရွက်သွားသင့်ပါသလဲဆိုတာကို ဆွေးနွေးပေးစေလိုပါတယ်။**

သံအမတ်ကြီး။ ။ မြန်မာအစိုးရက ကိုရီးယားနဲ့ ဂျပန်တို့ကို ဗီဇာကင်းလွတ်ခွင့်တွေ စနေပါပြီ။ အဲဒီ ဗီဇာကင်းလွတ်ခွင့်တွေကို ဂျပန်နိုင်ငံက ရတဲ့အတွက်မြန်မာနိုင်ငံကို ဂျပန်ခရီးသွားတွေ ပိုပြီးလာရောက်မယ်လို့ ထင်ပါတယ်။ မြန်မာအစိုးရက ကိုရီးယားတို့၊ ဂျပန်တို့ကို e -Visa လိုမျိုး အစီအစဉ်တွေကို စနေပါတယ်။ e -Visa ကြောင့် ဂျပန်လူမျိုးတော်တော်များများ မြန်မာနိုင်ငံကို လာရောက်မယ်လို့ မျှော်လင့်ပါတယ်။ ဂျပန်လူမျိုးတွေ မြန်မာနိုင်ငံကို ရောက်ရင်၊ မြန်မာလူမျိုးတော်တော်များများနဲ့တွေ့တဲ့အခါမှာ ပိုပြီးတော့ မြန်မာနိုင်ငံကို မိမိနိုင်ငံလို သဘောထားမယ်။ နောက်တစ်ခါ နှစ်ကြိမ်၊ သုံးကြိမ် မြန်မာနိုင်ငံကို လာမှာပဲလို့ ကျွန်တော်တို့ မျှော်လင့်နေပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံနဲ့ ဂျပန်နိုင်ငံဆက်ဆံမှုက အထူးသဖြင့် မြန်မာအစိုးရရဲ့အစီအစဉ်နဲ့ e -Visa ကြောင့် ဂျပန်လူမျိုးတွေ မြန်မာနိုင်ငံကို လာဖို့ ရှိပါတယ်။

**မေး။ ။ သံအမတ်ကြီးရဲ့ မြန်မာပြည်တွင်း ခရီးသွားရောက်လည်ပတ်မှုလေးကိုလည်း ပြောပြပေးစေချင်ပါတယ်။**

**သံအမတ်ကြီး။** ။ မြန်မာနိုင်ငံဆိုရင် ဥပမာ- ပုဂံဆိုရင် ရှေးဟန်မျိုးတွေ ရှိပါတယ်။ မန္တလေးမြို့ဆိုရင်လည်း ရှေးဟန်မျိုးတွေရှိပါတယ်။ ဂျပန်နိုင်ငံမှာဆိုရင် ကျိုတိုမြို့လိုဖြစ်ပါတယ်။ ပြီးတော့ နောက်တစ်ချက်က ရှမ်းပြည်နယ်မှာဆိုရင် တောင်ကြီးက ရှုခင်းတွေက အင်မတန်မှကောင်းပါတယ်။ ပင်လယ်ဘက်ကိုသွားရင် ငပလီရှိပါတယ်။ အင်မတန်မှကို ရှုခင်းကောင်းတယ်၊ လှပတယ်။ ပြည်နယ်အရသာကို ခံစားနိုင်ပါတယ်။ ဂျပန်နိုင်ငံသားတွေ အင်မတန်မှ သဘောကျတဲ့နေရာဆိုတာ မြန်မာတစ်ပြည်လုံးမှာရှိတယ်လို့ ကျွန်တော် ထင်ပါတယ်။

**မေး။ ။သွားရောက်လည်ပတ်မှု အဆင်ပြေအောင် ဂျပန်လေကြောင်းလိုင်းတွေကို တိုးချဲ့ပြေးဆွဲသွားဖို့ အစီအစဉ်များရှိပါသလား။**

သံအမတ်ကြီး။ ။ အခုက ဂျပန်ကနေတိုက်ရိုက်ဆိုပြီးတော့ တိုကျိုမြို့နဲ့ ရန်ကုန်ကြားမှာ ပျံသန်းနေပါတယ်။ နောက်တိုးချဲ့ဖို့ အစီအစဉ်ကတော့ မရှိသေးပါဘူး။ ဂျပန်လူမျိုးတော်တော်များများ မြန်မာနိုင်ငံကိုလာမယ်။ မြန်မာလူမျိုးတော်တော်များများကလည်း ဂျပန်နိုင်ငံကို သွားမယ်ဆိုရင် တိုက်ရိုက်လေယာဉ်ပျံသန်း တိုးချဲ့နိုင်ဖို့ အလားအလာရှိတယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။

**မေး။ ။ ဂျပန်နိုင်ငံက မြန်မာအလုပ်သမားတွေ တရားဝင်လက်ခံမယ်ဆိုပြီး ပြည်တွင်း အလုပ်အကိုင် အေဂျင်စီအချို့ဆီက သတင်းကြားသိရပါတယ်။ လုပ်သားတွေကို စုဆောင်းတဲ့အပိုင်း၊ သင်တန်းပို့ချမှုနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေကိုလည်း သိလိုပါတယ်။**

**သံအမတ်ကြီး။** ။ ဂျပန်နိုင်ငံမှာ မြန်မာလူငယ်တွေ အလုပ်လုပ်နိုင်ဖို့ဆိုပြီးတော့ အစီအစဉ်တစ်ခု စီစဉ်နေပါတယ်။ အဲဒီဟာကတော့ မြန်မာအစိုးရ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဝန်ကြီးဌာနနဲ့ ဂျပန်အစိုးရနဲ့ MoU လက်မှတ်ထိုးပြီး မြန်မာလူငယ်တော်တော်များများကို ဂျပန်နိုင်ငံမှာ အလုပ်လုပ်နိုင်ဖို့ အစီအစဉ်တွေ ရှိပါတယ်။

**မေး။ ။ဘယ်လိုအလုပ်အကိုင်အခွင့်အလမ်းတွေ ရှိပါသလဲ။**

**သံအမတ်ကြီး။** ။ ကဏ္ဍမျိုးစုံရှိပါတယ်။ ဆောက်လုပ်ရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ဆေးရုံ၊ အသက်ကြီးသူတွေကို ပြုစုတဲ့အလုပ်နေရာတွေမှာ မြန်မာနိုင်ငံက မြန်မာအလုပ်သမားတွေ အလုပ်အကိုင်တွေရနိုင်ဖို့ မျှော်လင့်ပါတယ်။ အဲဒီအစီအစဉ်တွေလည်း ရှိပါတယ်။

**မေး။ ။ဂျပန်နိုင်ငံက မြန်မာနိုင်ငံရဲ့အဓိက အလှူရှင်နိုင်ငံတစ်ခုအဖြစ် အသိအမှတ်ပြုထားပါတယ်။ ထူးထူးခြားခြား ကူညီထောက်ပံ့မှုတွေနဲ့ အစီအစဉ်တွေကိုလည်း သိပါရစေ။**

**သံအမတ်ကြီး။** ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် ဂျပန်နိုင်ငံကို တရားဝင်ခရီးသွားရောက်ပြီး ဂျပန်ဝန်ကြီးချုပ်နဲ့ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ခဲ့ပါတယ်။ ဝန်ကြီးချုပ်ရှင်ဇိုအာဘေး ကိုယ်တိုင် လက်ရှိအစိုးရ သက်တမ်းငါးနှစ်အတွင်း ဂျပန်အစိုးရအနေနဲ့ အမေရိကန်ဒေါ်လာ ၈ ဘီလီယံကို ငါးနှစ်အတွင်းမှာ အကူအညီပေးပါ့မယ်ဆိုတာကို ကတိပြုခဲ့ပါတယ်။ အဓိက ကျွန်တော်တို့ ဦးစားပေးနယ်ပယ်ကဏ္ဍက သုံးမျိုးရှိပါတယ်။ ပထမအချက်က လမ်းပန်းဆက်သွယ်ရေးနဲ့ ပို့ဆောင်ရေးကဏ္ဍ ဖြစ်ပါတယ်။ ဒုတိယအချက်က စီးပွားရေးနဲ့ လျှပ်စစ်မီးကဏ္ဍ ဖြစ်ပါတယ်။ တတိယအချက်က ရန်ကုန်မြို့ပြဖွံ့ဖြိုးရေးတို့ ဖြစ်ပါတယ်။ အဲဒီသုံးချက်ကို အဓိကထားပြီး အကူအညီပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ဖို့ မြန်မာအစိုးရနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။

**မေး။ ။မြန်မာနိုင်ငံမှာ တာဝန်ထမ်းဆောင်နေတဲ့ကာလအတွင်းမှာ သံအမတ်ကြီးအနေနဲ့ အနှစ်သက်ဆုံးအရာတွေကိုလည်း သိရှိလိုပါတယ်။**

**သံအမတ်ကြီး။** ။ ဂျပန်နိုင်ငံ၊ ဂျပန်လူမျိုးတစ်ယောက်အတွက် မြန်မာနိုင်ငံဟာ အင်မတန်မှ တန်ဖိုးရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က ဒုတိယကမ္ဘာစစ်ပွဲအတွင်းမှာ မြန်မာနိုင်ငံ အထူးသဖြင့် ဗမာလူမျိုးတွေကို ဒုက္ခပေးခဲ့ပါတယ်။ ဒါပေမယ့် ဒုတိယကမ္ဘာစစ်ပြီးတဲ့အချိန်မှာ ငြိမ်းချမ်းရေးစာချုပ်ကို အာရှနိုင်ငံတွေမှာ ပထမဆုံးသဘောတူပြီး လက်မှတ်ရေးထိုးလိုက်တဲ့နိုင်ငံက မြန်မာနိုင်ငံ ဖြစ်ပါတယ်။

နောက်တစ်ချက်က ဒုတိယကမ္ဘာစစ် ပြီးတဲ့အချိန်မှာ အင်မတန်မှ စားနပ်ရိက္ခာရှားပါးပြီး ဒုက္ခရောက်နေတဲ့အချိန်မှာ ကျွန်တော်တို့ ဂျပန်နိုင်ငံကို မြန်မာ့ဆန်ကို တင်ပို့ပြီး အကူအညီပေးတဲ့နိုင်ငံကလည်း မြန်မာနိုင်ငံပဲဖြစ်ပါတယ်။ အဲဒီအချိန်ကစပြီးတော့ ဂျပန်အစိုးရနဲ့ မြန်မာအစိုးရအကြားသာမက ပြည်သူလူထုအကြားမှာလည်း နှစ်ပေါင်းများစွာ တည်မြဲတဲ့ဆက်ဆံမှုကို ဖန်တီးလာပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဂျပန်နိုင်ငံ၊ ဂျပန်လူမျိုးအတွက် မြန်မာနိုင်ငံဟာ ကျေးဇူးရှင်လို့ ပြောရမလားဆိုတဲ့ အထူးခံစားချက်ရှိပါတယ်။

ကျွန်တော်တို့က အခုမြန်မာနိုင်ငံမှာ စီးပွားရေး၊ နိုင်ငံရေးအရ ဂျပန်အစိုးရအနေနဲ့ မြန်မာနိုင်ငံနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်မယ်ဆိုတာက ကျွန်တော်တို့ရဲ့ရပ်တည်ချက် သဘောထားဖြစ်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

**“ ဒုတိယကမ္ဘာစစ် ပြီးတဲ့အချိန်မှာ အင်မတန်မှ စားနပ်ရိက္ခာရှားပါးပြီး ဒုက္ခရောက်နေတဲ့အချိန်မှာ ကျွန်တော်တို့ ဂျပန်နိုင်ငံကို မြန်မာ့ဆန်ကို တင်ပို့ပြီး အကူအညီပေးတဲ့နိုင်ငံကလည်း မြန်မာနိုင်ငံပဲဖြစ်ပါတယ်။ အဲဒီအချိန်ကစပြီးတော့ ဂျပန်အစိုးရနဲ့ မြန်မာအစိုးရအကြားသာမက ပြည်သူလူထုအကြားမှာလည်း နှစ်ပေါင်းများစွာ တည်မြဲတဲ့ ဆက်ဆံမှုကို ဖန်တီးလာပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဂျပန်နိုင်ငံ၊ ဂျပန်လူမျိုးအတွက် မြန်မာနိုင်ငံဟာ ကျေးဇူးရှင်လို့ ပြောရမလားဆိုတဲ့ အထူးခံစားချက်ရှိပါတယ် ”**

# မြိုင်ကြီးငူဆရာတော်၏ရုပ်ကလာပ်တော် မြဝတီမြို့ရောက်ရှိ၊ ခေတ္တအပူဇော်ခံပြီး မြိုင်ကြီးငူသို့ ဆက်လက်ပင့်ဆောင်မည်



**မြဝတီ အောက်တိုဘာ ၁၄**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Bumrungrad International ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသည့် မြိုင်ကြီးငူဆရာတော်ကြီးသည် အောက်တိုဘာ ၁၃ ရက် ညပိုင်း ထိုင်းစံတော်ချိန် ၉ နာရီ ၁၂ မိနစ်၊ မြန်မာစံတော်ချိန် ၈နာရီ ၄၂ မိနစ်တွင် ပျံလွန်တော်မူခဲ့သည့်အတွက် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ထိုင်းနိုင်ငံမှ ပြန်လည်ပင့်ဆောင်လာခဲ့ရာ ယနေ့ နံနက် ၁၁ နာရီက မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားမှတစ်ဆင့် မြဝတီမြို့သို့ရောက်ရှိကြောင်း သိရသည်။

**ဖူးမြော်ကြည်ညို**

ထိုသို့ ရောက်ရှိလာသည့် ရုပ်ကလာပ်တော်အား ဆရာတော်၊ သံဃာတော်များ၊ ကရင်ပြည်နယ် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်းနှင့် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် တာဝန်ရှိသူများ၊ ဒီမိုကရေစီအကျိုးပြုကရင့်တပ်မတော် (DKBA) နှင့် ကရင်ပြည်နယ် နယ်ခြားစောင့်တပ် (BGF)တို့မှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေး အဖွဲ့အစည်းများ၊ ဘာသာရေး အသင်းအဖွဲ့များက လာရောက်ပင့်ဆောင်ပူဇော်ကြပြီး ဆရာတော်၏ တပည့် ဒါယကာ၊ ဒါယိကာမများနှင့်ပြည်သူအများအပြား လာရောက်ဖူးမြော်ကြည်ညိုကြသည်။ **(ယာပုံ)**

"မြိုင်ကြီးငူဆရာတော်ဆိုတာ မြိုင်ကြီးငူဒေသမှာရှိနေတဲ့ DKBA၊ ရွာသူရွာသားတွေ ကရင်လူမျိုးတွေက အလွန်ကြည်ညိုကြတာပါ။ သူတို့စိတ်ကြိုက် အရင်ဖန်တီးပါစေ၊ သူတို့ဘာလုပ်ချင်သလဲ ကျွန်တော်တို့ သူတို့နောက်လိုက်ပြီး ကူညီဖို့ အဆင်သင့်ပါပဲ။ ကျွန်တော်တို့ ဝန်ကြီးနှစ်ဦး ဒီမှာလာကြိုပြီး ပင့်ဆောင်တာပါ။ ဘားအံမှာတော့ ဝန်ကြီးချုပ်နဲ့အဖွဲ့က ပင့်ဆောင်ကြိုဆိုမှာပါ" ဟု ကရင်ပြည်နယ် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်းက ပြောသည်။

ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို သဃ်န်းညီနောင်ကျေးရွာရှိ ဗုဒ္ဓသုခကျောင်းတွင် ခေတ္တအပူဇော်ခံမည်ဖြစ်ပြီး မြိုင်ကြီးငူဒေသသို့ ဆက်လက်ပင့်ဆောင်သွားမည်ဖြစ်သည်။

**ငြိမ်းချမ်းရေးရရှိရေးကြိုးပမ်းဆောင်ရွက်**

မြိုင်ကြီးငူဆရာတော်၏ ဘွဲ့တော်မှာ ဘဒ္ဒန္တသုဇနဖြစ်ပြီး ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် နို့ထရွာဇာတိဖြစ်ကာ စကောကရင်လူမျိုးဖြစ်သည်။ ပျံလွန်တော်မူချိန်တွင် သက်တော် ၇၁ နှစ် သိက္ခာတော် ၅၂ ဝါရှိပြီး ကရင်ပြည်နယ်အတွင်း၌ ငြိမ်းချမ်းရေးရရှိရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အပြင် သာသနာပြုလုပ်ငန်းများ အများအပြား လုပ်ကိုင်ခဲ့သည့်အတွက် ဆရာတော်ကြီးမှာ အနယ်နယ်အရပ်ရပ်ရှိ ဒါယကာ၊ ဒါယိကာမ အများအပြား၏ ကြည်ညိုခြင်းခံရသည့် ဆရာတော်တစ်ပါးလည်းဖြစ်သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# (၁၀) ကြိမ်မြောက် ကယားလီဖုမျိုးနွယ်စု ရိုးရာစုပေါင်း အဲဒိုပေါ်မီပွဲတော်ကျင်းပ

**ဖယ်ခုံ အောက်တိုဘာ ၁၄**

(၁၀) ကြိမ်မြောက် ကေ့ကျိုထျာဒေသ ကယားလီဖုမျိုးနွယ်စု ရိုးရာစုပေါင်း အဲဒိုပေါ်မီပွဲတော်ကို ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ် မိုင်းဖြတ် (ထက်) ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ယမန်နေ့က ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မိုင်းဖြတ်(ထက်)ကျေးရွာဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တသုမင်္ဂလက ဩဝါဒစကား ဟောကြားပြီး ကယားအမျိုးသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးပလူးရယ်က ကယားလီဖုရိုးရာသမိုင်းဖြစ်စဉ်အကြောင်းကို လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ဇော်က အမှာစကားကို လည်းကောင်း၊ ဦးနျားရယ်မြမောင်က ကယားလူမျိုး ဆင်းသက်လာပုံသမိုင်းကြောင်းကို လည်းကောင်း၊ ကယားလီဖုလူငယ်ဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးပိုးရယ်ခူးတလေက လူငယ်အခန်းကဏ္ဍအကြောင်းကို လည်းကောင်း ပြောကြားကြသည်။

ဆက်လက်၍ အဲဒိုပေါ်မီပွဲတော်အတွက် ကျင်းပခဲ့သော ယဉ်ကျေးမှုအကပြိုင်ပွဲ၊ ရိုးရာဒီးကူထုပ်ပြိုင်ပွဲ (ကောက်ညှင်းဆန်ကို ဒီးကူရွက်ဖြင့်ထုပ်၍ ပေါင်းသည်။ အဲဒို ပေါ်မီပွဲကို ဒီးကူပွဲဟု လူသိများသည်)၊ ကယားစာပေ စကားပြေပြိုင်ပွဲ၊ စပါးထောင်းပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများ၊ ရိုးရာနပန်းပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ ဆုရရှိသူများနှင့် ကယားလီဖုမျိုးနွယ်စုမှ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်မြင်သူများကို တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် မိုးဖြဲကျောင်းထိုင်ဆရာတော် ဖာသာဒဲရယ်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဲဒိုပေါ်မီပွဲတော်သည် ကယားလူမျိုးတို့၏ အထွတ်အထိပ် အထင်ကရအထိမ်းအမှတ် နေ့ထူးနေ့မြတ်ဖြစ်ပြီး ရှေးယခင်ကတည်းက ကျင်းပခဲ့သော ရိုးရာပွဲတော်ဖြစ်ကြောင်း သိရသည်။

စုပေါင်း အဲဒိုပေါ်မီပွဲတော် အခမ်းအနားသို့ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး၊ ကက်သလစ်ဘုန်းတော်ကြီး၊ မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကယားအမျိုးသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကယားစာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအသီးသီးမှ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုထွေး(ဖယ်ခုံ)**



# မကွေးမြသလွန် ဘုရားပွဲတော်ကြီးတွင် လုံခြုံရေး တိုးမြှင့်ချထား

**မကွေး အောက်တိုဘာ ၁၄**

မကွေးမြသလွန် စေတီတော်မြတ်ကြီး (၂၅၈၂)ကြိမ်မြောက် ဘုရားပွဲတော်ကြီး၌ ဘုရားပွဲတော်လာ ပြည်သူများအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးရဲတပ်ဖွဲ့ အင်အား ၁၀၀ ကျော်၊ ရဲကင်းခြောက်ကင်းနှင့် စီစီတီဗွီများ တိုးမြှင့်ချထားကြောင်း မြသလွန်ဘုရားဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမြင့်ဦးထံမှ သိရသည်။

မကွေးမြို့၏ အထင်ကရ သမိုင်းဝင်မြသလွန်ဘုရားပွဲတော်ကြီးကို (၂၅၈၂) ကြိမ်မြောက်ကျင်းပခြင်းဖြစ်ပြီး နှစ်စဉ် သီတင်းကျွတ်လဆန်း ၁၀ ရက် (အောက်တိုဘာ ၁၉ ရက်)မှ သီတင်းကျွတ်လကွယ် (နိုဝင်ဘာ ၇ ရက်) အထိ ရက် ၂၀ ကြာ ကျင်းပလေ့ရှိသည်။

"ကျွန်တော်တို့ ဘုရားပွဲတော်ကြီးမှာ တိုင်းဒေသကြီးရဲတပ်ဖွဲ့ အကူအညီနဲ့ ခရိုင်ရဲတပ်ဖွဲ့ဝင်တွေ အကူအညီပေးပြီး မြို့နယ်တွေက ရဲတပ်ဖွဲ့ဝင်တွေက လုံခြုံရေး ဆောင်ရွက်ပေးတယ်။ အရင်ရှိပြီးသား စီစီတီဗွီတွေကိုလည်း နည်းပညာနဲ့ ပြုပြင်ပြီးတဲ့အပြင် ဒီဂျစ်တယ်ကင်မရာ ၁၀ လုံးကိုလည်း တိုးမြှင့်တပ်ဆင်ထားပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

မြသလွန်ဘုရားပွဲတော် ဖွင့်ပွဲနံနက်ပိုင်း၌ ဩဝါဒါစရိယ ဆရာတော်ကြီး ကိုးပါးနှင့် ပဋ္ဌာနဘာဏက သံဃာတော် ၂၄ ပါးက ဘုရားအနေကဇာတင်ခြင်း၊ သီတင်းကျွတ်လပြည့်နေ့ နံနက်မှညအထိ ပန်း ၉၀၀၀၊ ဆွမ်းများ၊ သစ်သီးများနှင့် ဆီမီး ၉၀၀၀ ကပ်လှူခြင်း၊ သံဃာတော် ၂၄ ပါးဖြင့် ၂၄ ပစ္စည်း ပဋ္ဌာန်းပူဇော်ခြင်းနှင့် သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့ နေ့လယ်ပိုင်းတွင် မကွေးမြို့ပေါ်ရှိ ကျောင်းတိုက် ၉၄ တိုက်မှ သံဃာအပါး ၂၀၀၀ ကျော်တို့ကို ဆွမ်းဆန်များ၊ လှူဖွယ်ပစ္စည်းများ ကပ်လှူမည်ဖြစ်သည်။ အနယ်နယ် အရပ်ရပ်မှလာရောက်သည့် ဘုရားဖူးများ၊ ကျေးလက်ဒေသများမှ ဒေသခံများသည် ဘုရားပွဲတော်သို့ သီတင်းကျွတ်လဆန်း ၁၄ ရက်မှ ကြိုတင်လာရောက်သည်ဟု သိရသည်။

ဘုရားပွဲတော်ကြီးတွင် ဘုရားဖူးလာပြည်သူများအတွက် ပွဲတော်လုံခြုံရေးအပြင် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရန် ကြက်ခြေနီတပ်ဖွဲ့၊ မြို့နယ်ကျန်းမာရေးမှူးများ၊ ဘုရားပွဲတော် မီးဘေးလုံခြုံရေးအတွက် မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်ယာဉ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ထားရှိကြောင်း သိရသည်။

**ဇွဲထက်ရှင်**

# မြန်မာနိုင်ငံစာရေးဆရာအသင်း ညီလာခံအတွေ့အကြုံရှင်းလင်းပွဲနှင့် သက်ကြီးစာရေးဆရာ ဆရာမကြီးများအား ကန်တော့ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၄**

မြန်မာနိုင်ငံ စာရေးဆရာအသင်း ညီလာခံအတွေ့အကြုံရှင်းလင်းပွဲနှင့် ဟင်္သာတမြို့နယ်စာရေးဆရာအသင်း သက်ကြီးစာရေးဆရာ ဆရာမကြီးပူဇော်ကန်တော့ပွဲကို ယနေ့မွန်းလွဲပိုင်းက ဟင်္သာတမြို့ရှိ မြို့နယ်စာရေးဆရာအသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်း (ပန်းမြိုင်လယ် စိန်ဝင်း) က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း ညီလာခံကိုယ်စားလှယ် စာရေး ဆရာမခင်ရှင်စောက ညီလာခံအတွေ့အကြုံများကို ရှင်းလင်းသည်။

ယင်းနောက် သက်ကြီးစာရေးဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌက သက်ကြီးပူဇော်ပွဲကျင်းပရခြင်းအကြောင်း ရှင်းလင်းတင်ပြပြီး သက်ကြီးပူဇော်ခံ ဆရာ ဆရာမကြီးများအား ကန်တော့ပစ္စည်းဖြင့် ကန်တော့ကြကာ ကန်တော့ပစ္စည်းများကို ဆရာလှိုင်အေး(လေးမျက်နှာ)၊ ဆရာမမေကြည် (ပညာရေး)နှင့် ဆရာဦးသန်းလွင်(ဂွင်လေး)တို့က ဆရာ ဆရာမကြီးများ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

*စာမျက်နှာ ၁၀ မှ*

**မေး။ ။သံအမတ်ကြီးအနေနဲ့ မြန်မာနိုင်ငံမှာ နေထိုင်နေတဲ့အချိန်အတွင်းမှာ အနှစ်အသက်ဆုံးအရာတွေဆိုတာက ဥပမာ - အစားအသောက်၊ အနေအထိုင်၊ သွားတဲ့ နေရာမှာဆိုရင် ဘယ်ဒေသတွေကို သွားရောက်လေ့လာရတာ အမှတ်တရ ရှိခဲ့တယ်ဆိုတာကိုလည်း ပြောပြပေးပါဦး။**

သံအမတ်ကြီး။ ။ တကယ်ခံစားချက်ဆိုရင် ဂျပန်အစိုးရရဲ့ထောက်ပံ့မှုနဲ့ မြန်မာနိုင်ငံမှာ အခြေခံကျောင်းတွေဆောက်တဲ့ လုပ်ငန်းတွေ လုပ်နေပါတယ်။ အဲဒီလို အခြေခံကျောင်းတွေ ဆောက်ပြီး ဖွင့်ပွဲအခမ်းအနားကို ကျွန်တော်ကိုယ်တိုင်တက်တာတွေရှိပါတယ်။ ကိုယ်တိုင်တက်တဲ့အခါမှာ အခြေခံကျောင်းသားကျောင်းသူတွေနဲ့ စကားပြောပါတယ်။ အဲဒီမှာ ကျွန်တော်က မေးလိုက်တယ်။ အသက်ကြီးရင် ဘာအလုပ်လုပ်ချင်တာလဲလို့ ကျွန်တော်အမြဲတမ်းမေးတယ်။ မေးတဲ့အခါမှာ ကျောင်းသား ကျောင်းသူ ဆယ်ယောက်ရှိရင် ဆယ်ယောက်စလုံးက ဘာဖြေလာသလဲဆိုရင် တိုင်းပြည်အတွက် အလုပ်လုပ်ချင်ပါတယ်လို့ဖြေပါတယ်။ အဲဒီ ကျောင်းသားကျောင်းသူတွေနဲ့ စကားပြောပြီးတော့ အဲဒီလို တိုင်းပြည်အတွက် အလုပ်လုပ်မယ်ဆိုတဲ့ ကျောင်းသား ကျောင်းသူတွေရှိတဲ့ မြန်မာနိုင်ငံအနာဂတ်ဟာဆိုရင် ဘာမှ စိတ်ပူစရာမရှိဘူး။ မျှော်လင့်ချက်ထားနိုင်မယ်လို့ အမြဲတမ်းခံစားချက်ရှိပါတယ်။ ဘာခံစားချက်ရှိသလဲဆိုရင် အဲဒါက အင်မတန်မှ ကြီးမားတဲ့ခံစားချက်က အဲဒီအချက်ဖြစ်ပါတယ်။

**မေး။ ။အခုလိုမျိုး စိတ်ရှည်လက်ရှည်ဖြေကြားပေးတဲ့ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးကို အထူးပဲကျေးဇူးတင်ရှိပါတယ်။**

**သံအမတ်ကြီး။** ။ ကျွန်တော်ကလည်း ကျွန်တော်တို့ဂျပန်နိုင်ငံအစိုးရရဲ့ရပ်တည်ချက်သဘောထားကို ရှင်းပြခွင့်ရတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ ။

**❒ သတင်းအဖွဲ့**

# အောင်ပွဲရ မြန်မာ မသန်စွမ်းအားကစားအဖွဲ့အား ဂုဏ်ပြုကြိုဆို

**ရန်ကုန် အောက်တိုဘာ ၁၄**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၁၈ အာရှမသန်စွမ်းအားကစားပြိုင်ပွဲ၌ ငွေတံဆိပ်လေးခု၊ ကြေးနှစ်ခု ဆွတ်ခူးရရှိခဲ့သည့် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဝင်းလွင် ဦးဆောင်သည့် အုပ်ချုပ်သူများ၊ နည်းပြများ၊ အောင်ပွဲရ မသန်စွမ်းအားကစားအဖွဲ့သည် ယနေ့ ညနေ ၅ နာရီက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မသန်စွမ်းအဖွဲ့ချုပ်မှ အမှုဆောင်အဖွဲ့ဝင်များနှင့် မသန်စွမ်းအားကစားမောင်မယ်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)မှ ကျောင်းသားကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။ **(အပေါ်ပုံ)**



ပြိုင်ပွဲတွင် မြန်မာမသန်စွမ်း ရေကူးအဖွဲ့မှ အမျိုးသားမီတာ ၁၀၀ ပက်လက်ရေကူးပြိုင်ပွဲတွင် အောင်မြင့်မြတ် သည် ငွေတစ်ခုနှင့် မီတာ ၅၀ အလွတ်ကူးကြေးတစ်ခု၊ ပက်လက်ကူး မီတာ ၅၀ ပြိုင်ပွဲ၌ ကျော်ထူးက ငွေတစ်ခု၊ မီတာ ၁၀၀ ရင်ပေါင်ကူးပြိုင်ပွဲတွင် အောင်ငြိမ်းဦးက ကြေးတစ်ခု၊ အမြင်အာရုံမသန်စွမ်းသူများ မျက်မမြင်စစ်တုရင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ ကောင်းစံက ငွေတစ်ခု၊ အမျိုးသားအသင်းလိုက် စစ်တုရင်ပြိုင်ပွဲတွင် ကောင်းစံ၊ သန်းဌေး၊ မျိုးစံအောင်တို့က ငွေတစ်ခုနှင့် ထိုင်လျက်ဘော်လီဘော် ပြိုင်ပွဲတွင် အာရှအဆင့်ငါး အသီးသီးရရှိခဲ့ကြပြီး အာရှနိုင်ငံပေါင်း ၄၄ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာမသန်စွမ်းအားကစားအဖွဲ့မှ ငွေလေး၊ ကြေးနှစ်ဖြင့် နိုင်ငံအလိုက်အဆင့် ၂၇ ရရှိခဲ့ကြောင်း သိရသည်။ **အေကေလင်း**

**ဓာတ်ပုံ-ဗလစိုး**

# ၂၀၁၈ ခုနှစ် ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (စတုတ္ထ)ပွဲစဉ် ရဲမွန်တပ်မြို့၌ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၄**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ Mottama Holding Ltd., က အဓိကကူညီပံ့ပိုးသည့် ၂၀၁၈ ခုနှစ် မြန်မာပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏(စတုတ္ထ) ပွဲစဉ်ကို ရဲမွန်တပ်မြို့ရှိ ရဲမွန်ကျွန်းသာယာဂေါက်ကွင်း၌ အောက်တိုဘာ ၁၈ ရက် မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့် အမျိုးသား (H'cap 0-12) အမျိုးသမီး (H'cap 0-18) ယှဉ်ပြိုင်ကစားခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဦးရေ ကန့်သတ်ထားသည်။ ယင်းပြိုင်ပွဲကို စိန့်အင်ဒရူး ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရ စည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးအားကစားသမားများသည် အောက်တိုဘာ ၁၆ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ပညာရှင်အဆင့်တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀၊ ဝါသနာရှင်အဆင့် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ဖြင့် ဖုန်း-၀၉-၇၇၉၈၄၆၇၆၁ ထံ စာရင်းပေးသွင်းနိုင်သည်။

စာရင်းပေးသွင်းထားပြီး ပြိုင်ပွဲဝင်ကြေးပေးသွင်းထားသူများသည် အောက်တိုဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် (Offical Practice Round )ကစားခွင့်ရမည်ဖြစ်ပြီး အမည်စာရင်း ပေးသွင်းကာ ပြိုင်ပွဲမဝင်နိုင်ပါက အောက်တိုဘာ ၁၆ရက် မွန်းတည့် ၁၂ နာရီမတိုင်မီ အကြောင်းကြားရမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

**ဖိုးသော်ဇင်**

# မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း တရုတ်ခရီးစဉ်တွင် ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်မည်

**ရန်ကုန် အောက်တိုဘာ ၁၄**

၂၀၁၈ အာဆီယံဖူဆယ်ပြိုင်ပွဲအကြို ပြင်ဆင်မှုအဖြစ် တရုတ်နိုင်ငံ Qingdao မြို့၌ လေ့ကျင့်မှုပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် မူလစီစဉ်ထားသည့် ခြေစမ်းပွဲများအစား ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်မည်ဖြစ်သည်။ Jimo International Futsal Cup 2018 ပြိုင်ပွဲကို အောက်တိုဘာ ၁၆ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် တရုတ်ကလပ်သုံးသင်း ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်း၊ တရုတ်ကလပ်အသင်းများ ဖြစ်သည့် Shen Zhen အသင်း၊ Qingdao Chen Xi အသင်း၊ Qingdao Football Association အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်းပတ်လည်စနစ်ဖြင့် Qingdao မြို့ရှိ Zhonglain Lohas Part Sport Center ၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာ ၁၆ ရက်တွင် Shen Zhen အသင်း၊ အောက်တိုဘာ ၁၇ ရက်တွင် Qingdao Chen Xi အသင်း၊ အောက်တိုဘာ ၁၈ ရက်တွင် Qingdao Football Association အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များအပြီးတွင် အဆင့် (၁) နှင့် (၂) ရရှိသော အသင်းများမှာ ဗိုလ်လုပွဲ၊ တတိယနှင့် စတုတ္ထရရှိသော အသင်းများမှာ တတိယနေရာလုပွဲ ယှဉ်ပြိုင်ကစားရ မည်ဖြစ်သည်။ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကိုမူ အောက်တိုဘာ ၁၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။ **ရဲရင့်ရှိန်း**

❈ *ကျောဖုံးမှ*

ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (စစ်တွေ)ရှိ ဗန္ဓုလရိပ်သာ၌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးတင့်နိုင်နှင့် တွေ့ဆုံသည်။

ထို့နောက် အထူးကိုယ်စားလှယ်အဖွဲ့သည် ကျောက်တော်မြို့နယ် နိဒင်ကျေးရွာရှိ ပိတ်သိမ်းပြီး IDP စခန်းများအား လေ့လာကြည့်ရှုခဲ့ပြီး အသိုင်းအဝိုင်းနှစ်ခု သင့်မြတ်စွာနေထိုင်ကြသည့် ခေါင်းတုတ်ရွာသို့သွားရောက်ကာ ဒေသခံများနှင့် တွေ့ဆုံခဲ့သည်။

ရခိုင်ပြည်နယ်အတွင်းရှိ IDP စခန်းများပိတ်သိမ်းရေးကို ဆောင်ရွက်လျက်ရှိရာ ကျောက်တော်၊ နိဒင် IDP စခန်းအတွက် လုံးချင်းနေအိမ် ၈၅ လုံးတည်ဆောက်ပြီးဖြစ်၍ နေရာချထားပေးကာစခန်းပိတ်သိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်သူဝင်း၊ အောင်ရဲသွင်၊ ဓာတ်ပုံ - အောင်ကျော်ဦး**

# တောင်သုံးလုံးဖြတ်ကျော် ဖိတ်ခေါ် စက်ဘီးပြိုင်ပွဲကျင်းပ၊ ပြိုင်ပွဲဝင် ၅၁၀ ပါဝင်ယှဉ်ပြိုင်

**မန္တလေး အောက်တိုဘာ ၁၄**

တောင်သုံးလုံးဖြတ်ကျော် ဖိတ်ခေါ် Mountain Bike စက်ဘီးစီးပြိုင်ပွဲကို ယနေ့နံနက် ၆ နာရီ ၁၅ မိနစ်က မန္တလေးမြို့ ၇၈ လမ်းနှင့် ဒိုင်းမွန်းပလာဇာထောင့် အိုစတိုးရှေ့ စုရပ်နေရာ၌ ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စက်ဘီးစီးဝါသနာရှင် ပြိုင်ပွဲဝင် ၅၁၀ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်က အချက်ပြသေနတ်ပစ်ဖောက်၍ တာလွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် သက်တန်းအလိုက် ပါဝင်ကြသည့် ပြိုင်ပွဲဝင်များက စုရပ်မှနေ၍ ၇၈ လမ်းအတိုင်း ကျုံးတောင်ဘက် ၂၆ လမ်းသို့ ထိုမှ ကျုံးအရှေ့ဘက် ၆၆ လမ်းအတိုင်း၊ ၁၂ လမ်းမှတစ်ဆင့် မန္တလေးတောင်ပေါ်သို့ တောင်ပတ်လမ်းအတိုင်း စီးနင်းကြသည်။

ထိုမှ ခေတ္တရာလမ်းမှ ရေမြောင်းလမ်းအတိုင်း၊ ဆည်မြောင်းရုံးမြောင်းမကြီးလမ်းအတိုင်း၊ ရန်ကင်းတောင်ပေါ်သို့ တက်လမ်းအတိုင်းစီးကြပြီး ထိုမှ ရေတံခွန်တောင်ပေါ်လမ်းမှ အကြိတ်အနယ် ယှဉ်ပြိုင်စီးနင်း၍ ထူးမတောင်ပေါ် သတ်မှတ်နေရာ၌ ပန်းဝင်ခဲ့ကြရာ စေတနာရှင်၊ အလှူရှင်များက အအေး၊ အချိုရည်ဘူးများ ပေးဝေကြသည်။



တောင်သုံးလုံးဖြတ်ကျော် ဖိတ်ခေါ် စက်ဘီးစီးပြိုင်ပွဲဝင်များကို တွေ့ရစဉ်။

ပြိုင်ပွဲအပြီး ဆုများချီးမြှင့်ကြရာ အသက် ၆၀နှစ် အထက်ပြိုင်ပွဲ၌ တာချီလိတ်မြို့မှ ဦးအာကာမန်းလာဇာက ပထမ၊ မန္တလေးမြို့မှ ဦးရဲကြည်နှင့် ဦးလုရွှေတို့က ဒုတိယနှင့် တတိယ၊ အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးမှ ဟေမာဝင်းက ပထမ၊ စစ်ကိုင်းမှ ဇင်ဝေလွင်က ဒုတိယနှင့် ဖြူဖြူသင်း(မန္တလေး)က တတိယ၊ Down Hill Beginner အငယ်တန်းပြိုင်ပွဲ၌ ရန်ကုန်မှ ဝေယံက ပထမနှင့် ကိုသန့်က ဒုတိယ၊ မန္တလေးမှ ဟိန်းစိုးလင်းက တတိယ၊ Down Hill Master အလတ်တန်း ပြိုင်ပွဲတွင် လရောင်က ပထမ၊ ဝေယံလင်းက ဒုတိယနှင့် ကျော်နန္ဒက တတိယ ၊ Down Hill ELite အကြီးတန်း ပြိုင်ပွဲတွင် မန္တလေးမှ အောင်နိုင်ထွန်းက ပထမ၊ အစိုင်းက ဒုတိယ၊ အောင်ပိုင်ဖြိုးက တတိယ၊ Pro 1အတန်းတွင် မန္တလေးမှ စောအယ်ခက ပထမ၊ ကျော်ထွန်းဦးက ဒုတိယ၊ ရန်ကုန်မှ ကျော်ကျော်က တတိယ၊ Pro 2တွင် ကျော်ကိုဒွေး ရန်ကုန် က ပထမ၊ ထားဝယ်မှ လင်းပြည့်ဖြိုးက ဒုတိယနှင့် ထက်အာကာလွင် (Biker) က တတိယ၊ အသက် ၂၅နှစ်အောက်ပြိုင်ပွဲတွင် ဝေယံကျော်(အား/ကာသိပ္ပံ)က ပထမ၊ နိုင်ဝင်း(လားရှိုး)က ဒုတိယနှင့် ကောင်းဇံ (မန္တလေး)က တတိယ၊ အသက် ၂၅-၃၅ နှစ်တန်း ပြိုင်ပွဲတွင် ရန်ကုန်မှ အောင်ဖြိုးဝေက ပထမ၊ မုံရွာမှ ထွန်းနိုင်ဝင်းက ဒုတိယ၊ အောင်သူဝင်း(မန္တလေး)က တတိယ၊ ၃၅-၄၅ တန်းပြိုင်ပွဲတွင် စိုင်းဖုန်းတင့်(တောင်ကြီး)က ပထမ၊ တာချီလိတ်မှ စိုင်းထွန်းအောင်က ဒုတိယ၊ ပုသိမ်ကြီးမှ ရဲလင်းဦးက တတိယ၊ အသက် ၄၅-၆၀ တန်းပြိုင်ပွဲတွင် ရန်ကုန်မှ ခင်မောင်ချိုက ပထမ၊ ဝင်းနိုင်တာ(ခ)ဒွေးတာ(ပုသိမ်ကြီး)က ဒုတိယနှင့် ဌေးအောင်(ခ)ရဲတော်ကြီး (ဘားအံ)က တတိယဆုတို့ရရှိကြရာ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**




စိုးလင်းဦး(မြန်မာ)နှင့် ဖွားဆိုလ (ထိုင်း) တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

❍ *ကျောဖုံးမှ*

ယင်းပွဲတွင် ဖျံသွေး အနိမ့်သရေဖြင့် ကျေနပ်လိုက်ရသည်။

ထို့နောက် သွေးသစ်ဝင်းလှိုင် (Adventure)နှင့် 2018 MX ရွှေခါးပတ်ချန်ပီယံ ဖစ်ဆာငွန် (ထိုင်း) တို့ပွဲတွင် ဖစ်ဆာငွန်က ပွဲစသည်နှင့် တရစပ် လိုက်လံထိုးသတ်ခဲ့သော်လည်း အရှောင်အတိမ်းများဖြင့် ပြိုင်ဘက်အပေါ် အေးဆေးတည်ငြိမ်စွာ ယှဉ်ပြိုင်ထိုးသတ်လေ့ရှိသော သွေးသစ်ဝင်းလှိုင်က ဒုတိယအချီ ၁ မိနစ် ၄၃ စက္ကန့်တွင် ညာဝိုက်လက်သီးတစ်လုံးဖြင့် ဖစ်ဆာငွန်ကို ပွဲသိမ်းအလဲထိုးအနိုင်ယူခဲ့သည်။

အခြားပြည်တွင်းပွဲစဉ်များ ဖြစ်သည့် ဒုတိယတန်းလက်ဝှေ့ကျော် 2018 50th Media ချန်ပီယံ ရဲတံခွန် (အဖြူရောင်သွေးသစ်) နှင့် ၂၀၁၈ ရွှေခါးပတ်ချန်ပီယံ ကျားပေါက်(ရန်စစ်ငြိမ်း)တို့ ပွဲတွင် ကျားပေါက် နေမကောင်းသဖြင့် ပွဲပျက်ခဲ့သည်။ ယင်းပွဲအစား အဖြူရောင်သွေးသစ်ကလပ်မှ ဟံသာဝတီနှင့် ခြသေ့်မင်းကလပ်မှ ဆူးမိုက်တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ဆူးမိုက် အစီးသရေဖြင့် လည်းကောင်း၊ တစ်ဖန် တက်သစ်စမျိုးဆက်သစ်များဖြစ်သည့် ၂၀၁၈ ရွှေခါးပတ်ချန်ပီယံ ကောင်းကောင်း(မြိုင်ကလေး ဘီလပ်မြေစက်ရုံ)နှင့် ၂၀၁၇ ရွှေခါးပတ်ချန်ပီယံ စိန်လုံးချော(တောင်ကလေး)တို့ ယှဉ်ပြိုင်ထိုးသတ်ရာတွင် တတိယအချီ ၂ မိနစ် ၁၅ စက္ကန့်၌ စိန်လုံးချော အလဲထိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ယင်းနောက် ၂၀၁၈ ရွှေခါးပတ်ချန်ပီယံ လက်ထက်အောင် (တောင်ကလေး) နှင့် ၂၀၁၇ ရွှေခါးပတ်ချန်ပီယံ စိုးဝင်းသန်း(ရန်စစ်ငြိမ်း)တို့ပွဲတွင် ငါးချီပြည့် တစ်ဖက်နှင့်တစ်ဖက် ရေကုန်ရေခန်း ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း အရှုံးအနိုင်မပေါ်ဘဲ သရေဖြင့် ပြီးဆုံးခဲ့သည်။ အလားတူ ၂၀၁၈ ရွှေခါးပတ်ချန်ပီယံ သက်ပိုင်အောင် (ရွှေဘားလား) နှင့် ၂၀၁၇ ရွှေခါးပတ်ချန်ပီယံ သပြေအောင်(မြိုင်ကလေးဘီလပ်မြေစက်ရုံ) တို့ပွဲသည်လည်း ဇွဲနပဲဖြင့် ငါးချီပြည့် ယှဉ်ပြိုင် ထိုးသတ်ခဲ့သော်လည်း တစ်ဖက်နှင့်တစ်ဖက် အရှုံးအနိုင်မပေါ်ဘဲ သရေဖြင့်သာ အဆုံးသတ်နိုင်ခဲ့သည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# ပုလောမြို့နယ်၌ မီးကြွင်းမီးကျန်မှ နေအိမ်တစ်လုံးမီးလောင်

**ပုလော အောက်တိုဘာ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ရှပ်ပုံကျေးရွာ အထဲစုရပ်၌ အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က မီးကြွင်းမီးကျန်မှတစ်ဆင့် နေအိမ်တစ်လုံး မီးလောင်ခဲ့သည်။

ပုလောမြို့နယ် ရှပ်ပုံကျေးရွာ အထဲစုရပ်နေ အိမ်ရှင် ဒေါ်မလဲ(၆၅နှစ်)သည် ထမင်းချက်ပြီးနောက် မီးဖိုအား မီးငြိမ်းသတ်ခဲ့သော်လည်း မီးကြွင်းမီးကျန်များမှ မီးဖိုအနီးရှိ ထရံကို မီးစတင်လောင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ ပုလောမြို့မရဲစခန်းမှ ဒုရဲအုပ် ကျော်မိုးလွင်နှင့်တပ်ဖွဲ့ဝင်များ၊ ပုလောမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးအောင်သူဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၁၅၀ ခန့်က မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် မီးညွန့်ကျိုးခဲ့ပြီး မွန်းလွဲ ၂ နာရီ ၅၇ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် နေအိမ်တစ်လုံးဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါမီးလောင်မှုနှင့်ပတ်သက်၍ ဒေါ်မလဲအား ပုလောမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**



# တာချီလိတ်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**တာချီလိတ် အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ ရဲအုပ်စိုင်းခမ်းစိုင်း ဦးစီးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၃ ရက် ညနေ ၆ နာရီခန့်က မိုင်းဆတ်ဘက်မှ အမျိုးသားတစ်ဦး မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးအား ပူးပေါင်းအဖွဲ့က စစ်ဆေးရန်တားဆီးရာ ဆိုင်ကယ်ကို လမ်းဘေးလှဲချထားခဲ့ပြီး ပါလာသည့်အထုပ်တစ်ထုပ်ကိုလည်း ပစ်ချထားခဲ့သဖြင့် ပူးပေါင်းအဖွဲ့က လိုက်လံဖမ်းဆီးသော်လည်း ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ပူးပေါင်းအဖွဲ့က အဆိုပါအမျိုးသားထားခဲ့သော မော်တော်ဆိုင်ကယ်နှင့် ပစ္စည်းထုပ်ကို စစ်ဆေးရာ တန်ဖိုးငွေကျပ်သိန်း ၂၈၀ ခန့်ရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀၀ ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

အဆိုပါအမှုနှင့် ပတ်သက်၍ တာချီလိတ်မြို့မရဲစခန်းက ပိုင်ရှင်ဖြစ်သူအား အမြန်ဆုံးဖော်ထုတ်ဖမ်းမိနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဥပဒေအရ အမှုဖွင့်ထားကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**



# နန့်စီးအောင်စစ်ဆေးရေးဂိတ်၌ အမိုနီယမ်နိုက်ထရိတ်အိတ်များ ဖမ်းဆီးရမိ

**မိုးညှင်း အောက်တိုဘာ ၁၄**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီက အမိုနီယမ်နိုက်ထရိတ်အိတ်များ တင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီး ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နန့်စီးအောင်ပူးပေါင်းစစ်ဆေးရေးဂိတ် တာဝန်ခံ ရဲအုပ်ဝင်းအောင်သက် ဦးစီးတပ်ဖွဲ့ဝင်များသည် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးအတိုင်း မန္တလေးဘက်မှ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် မန်ကျည်းကန်ကျေးရွာအုပ်စု လွန်ပင်ချကျေးရွာနေ ဝင်းလှိုင်(ခ)စိန်ဝင်းမြိုင်(၃၅နှစ်)မောင်းနှင်လာသည့် ယာဉ်အမှတ် 8I/---- ၁၂ ဘီး ယာဉ်ပေါ်၌ တရားမဝင် တင်ဆောင်လာသည့် အမိုနီယမ်နိုက်ထရိတ်အိတ် တစ်အိတ်လျှင် ၄၀ ကီလိုဂရမ်စီပါ အိတ် ၄၀၀ စုစုပေါင်း အမိုနီယမ်နိုက်ထရိတ် ၁၆၀၀၀ ကီလိုဂရမ်ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အမိုနီယမ်နိုက်ထရိတ်အိတ်များ သယ်ဆောင်လာသူ ဝင်းလှိုင်(ခ)စိန်ဝင်းမြိုင်အား မိုးညှင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ပုသိမ်ကြီးနှင့် လှိုင်လင်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၄**

မူးယစ်တပ်ဖွဲ့စု (၁၇) မန္တလေး (မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၃ ရက် ညနေ ၆ နာရီက ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာ အိုရီယမ်တယ် တိုးဂိတ်အနီးတွင် သူရကျော် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၉၀ နှင့် ဘိန်းဖြူ ၁၅၆ ဂရမ်ကို လည်းကောင်း။

အလားတူ ယင်းနေ့ နံနက်ပိုင်းက မူးယစ်တပ်ဖွဲ့စု (၂၇) လှိုင်လင်မှ တပ်ဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်လင်-တောင်ကြီးကားလမ်း ဟိုတင့်ကျေးရွာအနီးတွင် နေဝင်း(ခ) မောင်နီ မောင်းနှင်ပြီး မမူမတ်(ခ)ခင်မမ လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀၊ ဘိန်းစိမ်း ၁ ဒသမ ၅ ကီလိုနှင့် ငွေကျပ် ၂၁၅၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မရမ်းချောင်စစ်ဆေးရေးစခန်း ရှောင်ကွင်းလမ်းများ၌ စုပုံထားသည့်ကုန်ပစ္စည်းများ စစ်ဆေးတွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၁၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၂၇ စီး၊ သွင်းကုန် ၃၇၂ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၉ စီး၊ သွင်းကုန် ၁၄၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၃ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၅၄၉ သန်း ရှိ၍ ထူးခြားဖမ်းဆီးမှု အနေဖြင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၏ ရှောင်ကွင်းလမ်းများ၌ စုပုံထားသည့် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံး ကုန်နှင့် စားသောက်ကုန် ၁၁ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၅၄၉ သန်း စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်းသတင်းရရှိသည်။

**သတင်းစဉ်**

# စစ်ကိုင်းမြို့၌ ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက် ငါးဦးဒဏ်ရာရ

**နေပြည်တော် အောက်တိုဘာ ၁၄** - စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ဆွမ်းချက်ရပ်ကွက်တွင် အောက်တိုဘာ ၁၃ ရက် နံနက် ၄ နာရီက ယာဉ်တိုက်မှုဖြစ်၍ ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေဘိုဘက်မှ မန္တလေးဘက်သို့ ကူမဲမြို့နယ် သပြေတောင်ကျေးရွာနေ သန်းဝေ(၃၀နှစ်)မောင်းနှင်လာသည့် 8L/---- ကန်တာယာဉ်နှင့် တောင်သာမြို့နယ်၊ ဝဲလောင်ကျေးရွာနေ နိုင်လင်းအောင်(၂၅နှစ်)မောင်းနှင်လာသည့် 3D/----- မှန်လုံယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့သဖြင့် ကန်တာယာဉ်ပေါ်တွင် လိုက်ပါလာသော အင်းတော်မြို့နယ် တောင်ပြင်ကျေးရွာနေ ဇော်လင်း(၃၆ နှစ်)ပါ လေးဦးနှင့် 3D/----- ယာဉ်ပေါ်ပါ ဒေးဒရဲမြို့နယ် အသဲကြီးကျေးရွာနေ မောင်ခိုင်သင်းဦး (၁၉နှစ်)တို့တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် သန်းဝေနှင့် နိုင်လင်းအောင်တို့ကို စစ်ကိုင်းမြို့မရဲစခန်းက ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းများဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၄**

မောင်တောမြို့နယ်၊ နယ်မြေ(၁)၊ အမှတ်(၅)နယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲ အောင်သပြေနယ်မြေရုံးမှ ရဲအုပ်ဇော်လင်းအောင် ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁) BGB တပ်ရင်း Jaruliachari ကင်းစခန်းမှ Ad. Jamal Uddim ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၃ ရက် နံနက် ၁၀ နာရီ ၂၅ မိနစ်မှ ၁၂ နာရီ မိနစ် ၅၀ အထိ မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် (၄၆) မှ (၄၇)အထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ ယင်းနေ့နံနက် ၁၁ နာရီမှ ၁၂ နာရီ မိနစ် ၄၀ အထိ မောင်တောမြို့နယ် နယ်မြေ(၃) အမှတ်(၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ တောင်ပြို(ယာ)နယ်မြေ ရဲစခန်းမှ ရဲအုပ် ကျော်ဇောဦး ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၃၄) BGB တပ်ရင်း Tuinga-jhira ကင်းစခန်းမှ Naib Subedar Md. Shariful Islam ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် မိမိတို့နိုင်ငံအသီးသီး အတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင်(၃၈) မှ (၃၉)ထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**



# စလင်း၌ အုပ်ထိန်းမှုမကင်းသေးသည့် အမျိုးသမီးငယ်ကို ခိုးယူသူအားအရေးယူ

**စလင်း အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် သန်းပင်ကုန်းကျေးရွာတွင် အောက်တိုဘာ ၁၀ ရက်က အုပ်ထိန်းသူ သဘောတူခွင့်ပြုချက်မရှိဘဲ အမျိုးသမီးငယ် တစ်ဦးအား ခိုးယူပေါင်းသင်းသူကို အမှုဖွင့်ထားကြောင်း စလင်းမြို့မစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ သန်းပင်ကုန်းကျေးရွာနေ သန်းထိုက်အောင်(၂၄ နှစ်)သည် မ---- (၁၇ နှစ် ၄ လ ၆ ရက်)အား အုပ်ထိန်းသူများမသိဘဲ ခိုးယူထွက်ပြေးသွားသဖြင့် ၎င်း၏ဖခင်ဖြစ်သူက စလင်းမြို့မ ရဲစခန်းသို့ တိုင်ကြားခဲ့သဖြင့် သန်းထိုက်အောင်အား စလင်းမြို့ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## မြန်မာ့ရုပ်မြင်သံကြား

၁၅-၁၀-၂၀၁၈ (တနင်္လာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆း၀၀ | - | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | - | Breakfast News |
| ၇း၃၅ | - | MRTV Travelogue |
| ၈း၃၅ | - | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၉း၅၀ | - | ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ "The Last Jungle" (Ivrycost) |
| ၁၀း၃၀ | - | စားနပ်ရိက္ခာဖူလုံရေး သားစဉ်မြေးဆက်ပေး "ဒီရေတောထိန်းသိမ်းရေး ရေလုပ်သားများ၏ဘဝ ဖွံ့ဖြိုးတိုးတက်မှု "(ရခိုင်) |
| ၁၁း၃၅ | - | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၂း၃၅ | - | "ကျေးဇူးကြီးလှ မိနှင့်ဖ" |
| ၁၃း၁၀ | - | Tasty Trip |
| ၁၄း၂၀ | - | သုခမရင်ခွင်အငြိမ့်သဘင် "မန္တလေးလူငယ်များအငြိမ့်" |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၂၅ | - | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု)(သင်္ချာ) |
| ၁၇း၂၀ | - | This Week's Special Interest |
| ၁၇း၃၀ | - | Yes or No Talk Show |
| ၁၈း၂၅ | - | ဥပဒေရေးရာအဖြာဖြာ "စာဖတ်ခြင်းနှင့် ဥပဒေအမြင်" (ဦးဟန်ညွန့် (ဥပဒေ)တရားလွှတ်တော် ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)၊ ဝေဖြိုးဟိန်း၊ ခင်ဖြူဖြူသန့် (ဒါရိုက်တာ-ဝေဠု(ဝသန်) |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ၊ |
| ၂၀း၃၅ | - | "၂၀၁၈ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီများ၏ ဟောပြောချက်" |
| | - | "အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ" |
| | - | စီးပွားရေးစကားဝိုင်း "လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး အတွက် တစ်ဖက်တစ်လမ်းမှ ကူညီဖြည့်ဆည်းပံ့ပိုးပေး လျက်ရှိသောJICA နှစ်ဆင့် ချေးငွေ "(အပိုင်း-၁) |

# ဘာလင်တွင် လူမျိုးခွဲခြားဆက်ဆံရေးဝါဒကို ဆန့်ကျင်သည့် ဆန္ဒပြမှုများပြုလုပ်

**ဘာလင် အောက်တိုဘာ ၁၄**

လူမျိုးခွဲခြားဆက်ဆံရေးဝါဒကို ဆန့်ကျင်ရန်အတွက် ဆန္ဒပြလူအုပ်ကြီးသည် ဘာလင်သို့ အောက်တိုဘာ ၁၃ ရက်က ချီတက်လာခဲ့ကြောင်း သိရသည်။

အဆိုပါဆန္ဒပြမှု၌ အနည်းဆုံး လူ ၁၅၀၀၀၀ ခန့် ချီတက်ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အလွန်တရာ မအေးလွန်းသော ရာသီဥတုအောက်တွင် ချီတက်ဆန္ဒပြသူများသည် ဘရန်ဒန်ဘာ့ဂျ်ဂိတ်၌ မစုရုံးခင် မြို့ထဲတွင်ချီတက်ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ချီတက်ဆန္ဒပြသူများသည် နာဇီဆန့်ကျင်ကြွေးကြော်သံများကို ကြွေးကြော်ခဲ့ကြပြီး မြေထဲပင်လယ်ပြင်တွင် ကယ်ဆယ်ရေးလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်သင့်သည်ဟု သဘောရသည့်စာတန်းပါ လက်ကိုင်ပိုစတာများကို ကိုင်ဆောင်ခဲ့ကြသလို "အမုန်းတရားများ လျော့နည်းရေး၊ ချစ်ခြင်းမေတ္တာများတိုးပွားရေး"နှင့် "နာဇီများအတွက် နေရာမရှိ"ဆိုသည့် ကြွေးကြော်သံများကိုလည်း ကြွေးကြော်ခဲ့ကြောင်းသိရသည်။

The #unteilbar လှုပ်ရှားမှုဟုခေါ်သည့် ယင်းချီတက်ဆန္ဒပြမှုတွင် တက်ကြွလှုပ်ရှားသူများနှင့် တစ်ဦးချင်းသမားများပါဝင်ဖွဲ့စည်းခဲ့ပြီး ဂျာမနီနိုင်ငံမြောက်ပိုင်း ဟမ်းဘတ်၊ တောင်ပိုင်း မြူးနစ်တို့တွင် ချီတက်ဆန္ဒပြမှုများလုပ်ဆောင်ခဲ့ကြောင်း၊ ယင်းက လူထောင်ပေါင်းများစွာကို ဆွဲဆောင်ခဲ့ကြောင်း သိရသည်။

ဎင်းတို့ကို အလုပ်သမားသမဂ္ဂ၊ ဘာသာရေးအဖွဲ့အစည်းများ၊ စေတနာရှင်အချို့က ထောက်ပံ့ပေးထားကြောင်း ဆိုရှယ်ဒီမိုကရက်တစ်ပါတီ အဖွဲ့ဝင်တစ်ဦးဖြစ်သူ နိုင်ငံခြားရေးဝန်ကြီး ဟိုက်ကိုမာ့စ်က ပြောသည်။

**အေအက်ဖ်ပီ**



# မလေးရှား ဒုတိယဝန်ကြီးချုပ်ဟောင်း အန်ဝါအီဗရာဟင် ရွေးကောက်ပွဲအနိုင်ရပြီး လွှတ်တော်အမတ်ဖြစ်လာ

**ကွာလာလမ်ပူ အောက်တိုဘာ ၁၄**

မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်း အန်ဝါအီဘရာဟင်သည် အောက်တိုဘာ ၁၃ ရက်က ကျင်းပသော ကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီးနောက် လွှတ်တော်အမတ်တစ်ဦး ဖြစ်လာကာ နိုင်ငံရေးလောကသို့ တစ်ကျော့ပြန်ဝင်ရောက်လာခဲ့သည်။

တစ်ချိန်က အကျဉ်းချခံထားရသည့် ၎င်းသည် အခုကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သည့်အတွက် မလေးရှားနိုင်ငံ၏ ဦးဆောင်မှု အခန်းကဏ္ဍတွင် ပြန်လည်တွေ့မြင်ရတော့မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

၎င်းသည် ထောက်ခံမဲ ၇၀ ရာခိုင်နှုန်းဖြင့် ရွေးကောက်ပွဲကို လွယ်လွယ်ကူကူအနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ထိုသို့ အနိုင်ရရှိခဲ့ခြင်းသည် ဝန်ကြီးချုပ်မဟာသီယာမိုဟာမက် ဦးဆောင်သော ပါကာတန်ဟာရာပန်အစိုးရအဖွဲ့၏ ယုံကြည်မှုမဲကြောင့်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

နိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းမြို့ဖြစ်သည့် ပို့တ်ဒစ်ဆန်ရှိ ထောင်နှင့်ချီသော ပြည်သူများသည် မဲပေးရန် မဲရုံသို့သွားခဲ့ကြပြီး တခြားအမတ်လောင်းခြောက်ဦးနှင့် ယှဉ်ပြိုင်နေရသည့် အီဘရာဟင်ကို မဲပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ၎င်း၏ နှစ်ပတ်တာအပြင်းအထန်မဲဆွယ်စည်းရုံးခဲ့ရခြင်းသည် မဟာသီယာနှင့် တခြားအစိုးရအဖွဲ့ဝင်တွေအတွက် အရေးပါခဲ့ကြောင်း သိရသည်။

အီဘရာဟင်သည် အာဏာရ မဟာမိတ်ညွန့်ပေါင်းအဖွဲ့၏ ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်ခဲ့ပြီး လက်ရှိဝန်ကြီးချုပ်မဟာသီယာနှင့် ၁၉၉၈ ခုနှစ် အာဏာလွန်ဆွဲပွဲအတွင်း အဓမ္မလိင်ဆက်ဆံမှု၊ အဂတိလိုက်စားမှုတို့နှင့် စွဲချက်တင်ပြီး ဖမ်းဆီးထောင်ချခံခဲ့ရသည်။

၂၀၀၄ ခုနှစ်တွင် ထောင်ကပြန်လွတ်လာပြီးနောက် လိင်အကြမ်းဖက်မှု စွပ်စွဲချက်ဖြင့် ပြန်လည်ဖမ်းဆီးခြင်းခံခဲ့ရသည်။ ၎င်းက အဆိုပါကိစ္စသည် နိုင်ငံရေးလုပ်ကြံမှုဖြစ်သည်ဟုဆိုကာ ငြင်းဆိုခဲ့သည်။

သောကြာနေ့ကပြုလုပ်ခဲ့သည့် မဲဆွယ်စည်းရုံးပွဲအဆုံးမှာတော့ အီဘရာဟင်က ၎င်းသာ ဝန်ကြီးချုပ်ဖြစ်လာမည်ဆိုပါက မဟာသီယာနှင့် ပတ်သက်သမျှ နောက်ကြောင်း ပြန်မလှန်ဘဲ လွှတ်တော်ကို အသွင်သစ်နှင့် ပြန်လည်ဖွဲ့စည်းသွားရန် အာရုံစိုက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

လာမည့် အောက်တိုဘာ ၁၅ ရက်တွင် လွှတ်တော်အမတ်အဖြစ် ကျမ်းကျိန်ရန် စီစဉ်ထားပြီး အီဘရာဟင်က ထိရောက်သော လွှတ်တော်ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရာတွင် ကူညီသွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

ယခုအခါ မဟာသီယာနှင့် အီဘရာဟင်တို့ပေါင်းစည်းခြင်းက ပြီးခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် ပါကာတန်ဟာရာပန်အတွက် အနိုင်ရလဒ်ထွက်ပေါ်စေခဲ့ပြီး မဟာသီယာက အီဘရာဟင်အား ဝန်ကြီးချုပ်ရာထူးလွှဲပြောင်းပေးရန် ကတိပြုခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



# နီပေါ၌ နှင်းမုန်တိုင်းတိုက်၍ တောင်ပြို ကိုရီးယားတောင်တက်အဖွဲ့သား ကိုးဦးသေဆုံး

**ခတ္တမန္ဒူ အောက်တိုဘာ ၁၄**

ကိုးဦးပါ တောင်ကိုရီးယားတောင်တက်အဖွဲ့သည် နီပေါနိုင်ငံအနောက်ပိုင်း ဂါဂျာတောင်ဆီးနှင်းမုန်တိုင်းတိုက်ခတ် ပြိုကျမှုတွင် ပါဝင်သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့် အာဏာပိုင်များက မကြာသေးမီက ပြောကြားလိုက်သည်။

နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ဆီးနှင်းထုပြိုကျကာ ဂါဂျာတောင်အခြေစိုက်စခန်းဖုံးသွားပြီးနောက် ကိုရီးယားတောင်တက်သမားလေးဦးနှင့် နီပေါ လမ်းပြလေးဦးတို့၏ ရုပ်အလောင်းများကို ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့က တောင်တက်အခြေစိုက်စခန်းအပျက်အစီးနား၌ တွေ့ရှိခဲ့ကြောင်း၊ သို့သော်လည်း လေပြင်းတိုက်ခတ်မှုများက ရှာဖွေမှုများကို နှောင့်ယှက်ဟန့်တားနေကြောင်း သိရသည်။

ငါးယောက်မြောက် တောင်ကိုရီးယား တောင်တက်သမားမှာ ပျောက်ဆုံး နေသေးကြောင်း သက်ဆိုင်ရာအရာရှိများက ကနဦးသတင်းပေးပို့ခဲ့သော်လည်း နောက်ပိုင်းတွင် ၎င်းကို တောင်တက်စခန်း၌ မုန်တိုင်းတိုက်ခတ်မှုနှင့်အတူ သေဆုံးခဲ့ကြောင်း အတည်ပြုခဲ့သည်။ တောင်ကိုရီးယားနိုင်ငံသား ငါးဦးနှင့် နိုင်ငံခြားသားလေးဦးသည် ဂါဂျာတောင်ကို တက်နေစဉ် ပြင်းထန်သည့် ဆီးနှင်းမုန်တိုင်းကြောင့် တောင်စောင်းမှပြုတ်ကျပြီး သေဆုံးခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ကယ်ဆယ်ရေးသမားများပါဝင်သည့် ရဟတ်ယာဉ်ကို အောက်တိုဘာ ၁၃ ရက်က စေလွှတ်ခဲ့သော်လည်း ရာသီဥတုဆိုးရွားမှုကြောင့် အခြေစိုက်စခန်းတွင် မဆင်းသက်နိုင်ဖြစ်ခဲ့ကြောင်းနှင့် ရာသီဥတုကောင်းမွန်လာပါက ကယ်ဆယ်ရေးလုပ်ငန်းများကို ပြန်လည်စတင်နိုင်မည်ဖြစ်ကြောင်း ဂန်ဒါကီပရာဒတ်ရှ်ပြည်နယ် Myagdi ခရိုင် ဒုရဲမှူး Birbajadur Buda Magar ကပြောခဲ့သည်။

သေဆုံးမှုတွင် တောင်တက်အဖွဲ့ခေါင်းဆောင်နှင့် ၎င်း၏ ဝန်ထမ်းလည်း ပါဝင်ခဲ့ကြောင်း နီပေါနိုင်ငံ တောင်တက်စခန်း ဦးဆောင်ညွှန်ကြားရေးမှူး ဝန်ချူရှာပါက ပြောခဲ့သည်။ အရာအားလုံးပျက်စီးကုန်ကြောင်း အဆိုပါနေရာသို့ ဒုတိယမြောက် ကယ်ဆယ်ရေး ရဟတ်ယာဉ်ကို စေလွှတ် ခဲ့သော်လည်း ရာသီဥတုဆိုးရွားမှုကြောင့် မဆင်းသက်နိုင်သေးကြောင်းနှင့် နောက်ထပ်အလားတူ ကယ်ဆယ်ရေး ရဟတ်ယာဉ်တစ်စင်းကို အောက်တိုဘာ ၁၄ ရက်တွင် ထပ်မံစေလွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# အာဖဂန်ရွေးကောက်ပွဲ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်ခံရ အရပ်သားအများစုအပါအဝင် ၁၄ ဦးထက်မနည်း သေဆုံး

**ကဘူးလ် အောက်တိုဘာ ၁၄**

ဖောက်ခွဲရေးပစ္စည်းများတင်ဆောင်လာသော မော်တော်ဆိုင်ကယ်တစ်စီး အာဖဂန်ရွေးကောက်ပွဲ အမတ်လောင်းတစ်ဦးအား ထောက်ခံမှုပြုရာလူအုပ်ကြားထဲတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၁၄ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အရာရှိများက ပြောသည်။

အဆိုပါတိုက်ခိုက်မှုသည် အာဖဂန်ရွေးကောက်ပွဲနှင့် ပတ်သက်သည့် နောက်ဆုံးတိုက်ခိုက်မှု ဖြစ်နိုင်သည်ဟုဆိုသည်။ ရွေးကောက်ပွဲအမတ်လောင်း နာဇီဗာ ယူဆက်ဖီဘက် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုပြုရာ အာဖဂန်အရှေ့မြောက်ပိုင်းပြည်နယ် တာကာတွင် ဖြစ်ပွားခဲ့သော ယင်းဖောက်ခွဲမှုတွင် ၃၀ ထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်မြို့တော်ဝန်၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် မိုဟာမက် ဂျာဝက်ဒ်ဟက်ဂျ်ရီက ပြောခဲ့သည်။

အကြမ်းဖက် တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၁၄ ဦးတွင် အများစုမှာ အရပ်သားများဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယပြောရေးဆိုခွင့်ရှိသူ နာ့စ်ရက်တ် ရာဟီမီက ပြောခဲ့သည်။

အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုတွင် ရွေးကောက်ပွဲအမတ်လောင်း နာဇီဗာ ယူဆက်ဖီဘက် ထိခိုက်ဒဏ်ရာမရခဲ့ကြောင်း သိရသည်။ ယင်းအကြမ်းဖက်တိုက်ခိုက်မှုကို မည်သည့်အဖွဲ့က ပြုလုပ်ခြင်းဖြစ်ကြောင်း မသိရသေးချေ။

တိုက်ခိုက်မှုဖြစ်ပွားရာရက်စ်တက်ဒေသသို့ အရေးပေါ်လူနာတင်ယာဉ်များ ရောက်ရှိလာသော်လည်း သက်ဆိုင်ရာအာဏာပိုင်များက ဒဏ်ရာရရှိသူများကို လေယာဉ်ဖြင့် ဆေးရုံသို့ပို့ဆောင်ရန် စီစဉ်နေကြောင်း ပြည်နယ်မြို့တော်ဝန်၏ ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ် မိုဟာမက် ဂျာဝက်ဒ် ဟက်ဂျ်ရီက ပြောခဲ့သည်။



လွန်ခဲ့သည့်လများအတွင်း ပါလီမန်ဆိုင်ရာ ဆန္ဒမဲပေးမှုနှင့်ပတ်သက်ပြီး အကြမ်းဖက်မှုများတွင် သေဆုံး၊ ဒဏ်ရာရရှိသူ ရာကျော်ရှိကြောင်းနှင့် အောက်တိုဘာ ၂၀ ရက် အာဖဂန်ဆန္ဒမဲပေးမှုမပြီးမချင်း အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားနိုင်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### အိန္ဒိယနိုင်ငံ၌ ဇီကာ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၀ အထိရှိလာ

**နယူးဒေလီ အောက်တိုဘာ ၁၄**

အိန္ဒိယနိုင်ငံတွင် ဇီကာဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၀ အထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများက မကြာသေးမီက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ အနောက်ပိုင်း ရာဂျာစတန်ပြည်နယ်မြို့တော် ဂျေပူရ်ရှိ လူ ၅၀ ခန့်တွင် ဇီကာဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့ကြောင်း၊ ကူးစက်ခံရသူအချို့မှာ ဘီဟာပြည်နယ်ကဲ့သို့ နိုင်ငံအရှေ့ပိုင်းက လာသည့် ရွှေ့ပြောင်းအလုပ်သမားများဖြစ်ကြောင်း ကျန်းမာရေးအရာရှိတစ်ဦးက ပြောခဲ့သည်။

ဇီကာဗိုင်းရပ်စ်ကူးစက်ခံရမှု အခြေအနေကို ပုံမှန်စောင့်ကြည့်ဆောင်ရွက်သွားရန် ရောဂါထိန်းချုပ်ရေး အမျိုးသားစင်တာတွင် ထိန်းချုပ်ခန်းတစ်ခုကို ဖွင့်လှစ်ထားခဲ့ပြီဖြစ်ကြောင်း အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။ ယခုအကြိမ် ဇီကာဗိုင်းရပ် ပြန့်ပွားမှုသည် ၂၀၀၇ခုနှစ်မှ စလျှင် တတိယအကြိမ်ရှိပြီဖြစ်ကြောင်း သိရသည်။

ဇီကာဗိုင်းရပ်စ်သည် နေ့လယ်ဘက်ကိုက်သည့် အေးဒီးစ်ခြင် (ခြင်ကျား) ကြောင့် ကူးစက်ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် ၂၀၀၇ ခုနှစ် ဇန်နဝါရီလတွင် နိုင်ငံအနောက်ပိုင်း ဂူဂျာရက်ပြည်နယ်တွင် ပထမဆုံးအကြိမ်၊ ၂၀၁၇ခုနှစ် ဇူလိုင်လတွင် နိုင်ငံတောင်ပိုင်း တမီလ်နာဒူပြည်နယ်တွင် ဒုတိယအကြိမ် ဖြစ်ပွားခဲ့ရာ ယင်းနှစ်ကြိမ်လုံးတွင် ရောဂါထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

### ဆိုမာလီနိုင်ငံတောင်ပိုင်း၌ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ၁၀ ဦးသေဆုံး

**မိုဂါဒစ်ရှူး အောက်တိုဘာ ၁၄**

ဆိုမာလီနိုင်ငံတောင်ပိုင်း ဘိုင်ဒိုအာမြို့ရှိ ဟိုတယ်တစ်ခုနှင့် စားသောက်ဆိုင်တစ်ခုတွင် မကြာသေးမီက အသေခံဗုံးဖောက်ခွဲမှု နှစ်ခုဖြစ်ပွားခဲ့ရာ သေဆုံးသူ ၁၀ ဦးအထိရှိလာကြောင်း ဒေသတာဝန်ရှိသူများက ပြောကြားခဲ့သည်။

တိုက်ခိုက်မှုများကြောင့် အနည်းဆုံး လူ ၁၀ ဦးသေဆုံးခဲ့ကြောင်းနှင့် အခြားလူ ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးသူအများစုမှာ အရပ်သားများဖြစ်ကြောင်း ဆော့ဝက်ပြည်နယ် သတင်းအချက်အလက်ဝန်ကြီး ဟာဆန်အက်ဒီက ပြောခဲ့သည်။

သေဆုံးသူအများစုမှာ လူငယ်များဖြစ်ကြပြီး စားသောက်ဆိုင်တစ်ခုတွင် လက်ဖက်ရည်သောက်နေစဉ် ဗုံးကွဲမှုနှင့် ကြုံခဲ့ရခြင်းဖြစ်ကြောင်း၊ အဆိုပါ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး မိနစ်အနည်းငယ်အကြာတွင် မြို့လယ်ကောင်ရှိ ဘီလန်ဟိုတယ်တွင် အလားတူ တိုက်ခိုက်မှုမျိုး ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အယ်လ်ရှာဘတ်စစ်သွေးကြွများက ယင်းတိုက်ခိုက်မှုများကို ၎င်းတို့ပြုလုပ်ခြင်းဖြစ်ကြောင်း ကြေညာခဲ့ပြီး လူ ၂၀ ကျော် သတ်ဖြတ်နိုင်ခဲ့ကြောင်း ပြောခဲ့သည်။

**ဆင်ဟွာ**

# တူရကီအကျဉ်းစံ အမေရိကန်တရားဟောဆရာရဲ့ ပြည်တော်ပြန်ခရီး

**ထွန်းသစ်စ**

**တူရကီတရားရုံးတစ်ရုံးက လွန်ခဲ့တဲ့ နှစ်နှစ်က တူရကီမှာ ဖမ်းဆီးထားတဲ့ အမေရိကန်တရားဟောဆရာတစ်ဦးကို မကြာသေးမီက ပြန်လွှတ်ပေးရန် အမိန့်ချမှတ်လိုက်ပါတယ်။ အမေရိကန်ဘုန်းတော်ကြီးကို ဖမ်းဆီးထိန်းသိမ်းထားတဲ့ ကိစ္စရပ်နဲ့ပတ်သက်ပြီး အမေရိကန်နဲ့ တူရကီရဲ့ဆက်ဆံရေးဟာ ပိုမိုတင်းမာခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။**



## ပြစ်ဒဏ်ချ

တူရကီနိုင်ငံ အနောက်ဘက်မှာရှိတဲ့ အလီယာဂါ တရားရုံးက အန်ဒရူး ဘရွန်ဆန်ကို အကြမ်းဖက်မှုနဲ့ဆက်စပ်တယ်ဆိုတဲ့ စွဲချက်တွေနဲ့ ထောင်ဒဏ် သုံးနှစ်၊ တစ်လနဲ့ ၁၅ ရက် ပြစ်ဒဏ် ချမှတ်ခဲ့တာဖြစ်ပါတယ်။

သို့သော်လည်း တရားရုံးမှာ အမှုရင်ဆိုင်နေစဉ်အတွင်း သူ့ရဲ့ကောင်းမွန်တဲ့ အပြုအမူအနေအထိုင်ကြောင့် သူ့ကို နေအိမ်အကျယ်ချုပ်ဘဝနဲ့ သာမက ပြည်ပထွက်ခွာခွင့် တားဆီးမှုကိုပါ ဖယ်ရှားပေးခဲ့တာပါလို့ သတင်းထောက်တစ်ဦးက ဆိုပါတယ်။

## နှစ်နိုင်ငံဆက်ဆံရေး အဆိုးဆုံးသို့ ရောက်လာ

၂၀၁၆ခုနှစ်ကတည်းက ဘရွန်ဆန် ဖမ်းဆီးထိန်းသိမ်းခံရတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး နေတိုးမဟာမိတ် တူရကီနဲ့ အမေရိကန်နိုင်ငံတို့ရဲ့ဆက်ဆံရေးဟာ အဆိုးဆုံးအခြေအနေကို ရောက်လာ ရုံမကဘဲ တူရကီနိုင်ငံသုံး ငွေကြေး တန်ဖိုးပါကျဆင်းပြီး စီးပွားရေး ဖရိုဖရဲ ဖြစ်ခဲ့ပါတယ်။

တူရကီတရားစီရင်ရေး အာဏာပိုင်တွေက ဘရွန်ဆန်ကို လွှတ်ပေးဖို့ တောင်းဆိုချက်တွေကို ထပ်တလဲလဲ ငြင်းဆိုခဲ့ပြီး ဇူလိုင်လက ဘရွန်ဆန်ကို ထောင်မှ အစ်ဇ်မားမြို့ နေအိမ်အကျယ်ချုပ်ဘဝသို့ ပြောင်းရွှေ့ပေးခဲ့ပါတယ်။ သူ့ကို ဖမ်းဆီးထားတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ဘရွန်ဆန်က "ကျွန်တော်ဟာ အပြစ်မရှိတဲ့ လူတစ်ယောက်ပါ။ ဘုရားကိုလည်း ချစ်ပါတယ်။ တူရကီကိုလည်း ချစ်ပါတယ်"လို့ သူ့ရဲ့ နောက်ဆုံး ခုခံချေပချက်မှာ ဖော်ပြထားပါတယ်။

ဂျူရီအဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကို ဖတ်ကြားချိန်မှာ ဘရွန်ဆန်ဟာ ဝမ်းနည်းစွာငိုကြွေးပြီး သူ့ရဲ့ အမျိုးသမီး နိုရင်းကို စိတ်မကောင်းစွာနဲ့ ဖက်ထားလိုက်ပါတယ်။ သူ့ကို အခုလို လွှတ်ပေးလိုက်ပြီးနောက်မှာ သူဟာ အမေရိကန်ကို ပြန်လာနေပြီဖြစ်ပါတယ်။

## လျှို့ဝှက်ချက်တစ်ခု

အမေရိကန်တရားဟောဆရာကို အောက်တိုဘာလ ၁၂ ရက်နေ့ ပြန်လွှတ်ပေးဖို့အတွက် တူရကီနဲ့ အမေရိကန်တို့ကြားမှာ လျှို့ဝှက်ချက်တစ်ခုရှိတယ်လို့ အမေရိကန် အင်န်ဘီစီ ရုပ်သံထုတ်လွှင့်ရေးက ဆိုပါတယ်။ အဲဒီလျှို့ဝှက်ချက်မှာ တူရကီဘက်က ဘရွန်ဆန်အပေါ် စွဲချက်တင်ထားမှုတွေကို ပယ်ဖျက်ပေးပြီး အပြန်အလှန်အနေဖြင့် အမေရိကန်ဘက်ကလည်း တူရကီငွေကြေးတန်ဖိုး ကျဆင်းပြီး စီးပွားရေးဖရိုဖရဲဖြစ်ခဲ့တဲ့ တူရကီအပေါ် အရေးယူပိတ်ဆို့မှုတွေကို လျှော့ပေါ့ပေးရေးတို့ ပါဝင်တယ်လို့ သိရပါတယ်။

သို့သော်လည်း တူရကီက တရားစီရင်ရေးမှာ လွတ်လပ်ခွင့်ရှိကြောင်း ခိုင်ခိုင်မာမာပြောခဲ့သလို အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟီသာနောရက်ကလည်း မည်သည့် ကိစ္စကိုမှုမှမှုကြောင်း ပြောကြားခဲ့ပါတယ်။

## ဆက်ဆံရေး နီးကပ်လာဖွယ်ရှိ

အမေရိကန် တရားဟောဆရာ ဘရွန်ဆန်အရေးကို အမေရိကန် စိတ်ကျေနပ်လောက်အောင် ဖြေရှင်းပေးနိုင်ပါက နှစ်ဖက်နိုင်ငံတွေဖြစ်တဲ့ တူရကီနဲ့ အမေရိကန်နိုင်ငံတို့ရဲ့ ဆက်ဆံရေးဟာ ပိုမိုနီးကပ်လာဖွယ်ရှိနိုင်ပါတယ်။

အရင်က အမေရိကန်တရားဟောဆရာကို ဖမ်းဆီးထိန်းသိမ်းဖို့ အာရုံစိုက်ခဲ့တဲ့ တူရကီသမ္မတ အာဒိုဂန်ဟာ အခုတော့ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ခပ်ခွာခွာနေတဲ့သဘောကို တွေ့ရပါတယ်။ သူက တရားစီရင်ရေးကိစ္စတွေမှာ ဝင်ရောက်မနှောင့်ယှက်ချင်ဘူးလို့ ဆိုခဲ့ပါတယ်။

"တရားစီရင်ရေးက ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်အနေနဲ့ လိုက်နာဖို့ အသင့်ပါပဲ"လို့ အာဒိုဂန်က တူရကီသတင်းထောက်များကို ပြောခဲ့ပါတယ်။

## မျိုးချစ်သူရဲကောင်း

အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်က ဘရွန်ဆန်ကို ဓားစာခံသဖွယ် ဖမ်းဆီးခံခဲ့ရတုန်းက သူ့ကို မျိုးချစ်သူရဲကောင်းကြီးအဖြစ် အမွှမ်းတင်ပြောကြားခဲ့ပါတယ်။

အကြမ်းဖက်ဝါဒ ထောက်ခံသူအဖြစ်နဲ့သာမက သူလျှိုလုပ်မှုနဲ့ပါ စွဲချက်တင်ခံခဲ့ရတဲ့ အမေရိကန် တရားဟောဆရာ ဘရွန်ဆန်ဟာ ပြစ်မှုထင်ရှားရင် ထောင်ဒဏ် ၃၅ နှစ်အထိ ချမှတ်ခံရနိုင်ခြေရှိပါတယ်။ အမေရိကန်ဘက်ကတော့ အဲဒီစွပ်စွဲချက်တွေဟာ အခြေအမြစ်မရှိဘူးလို့ ပြောကြားခဲ့ပါတယ်။

အခုတော့ အခြေအနေဆိုးတွေနဲ့ ရင်ဆိုင်ခဲ့ရတဲ့ အမေရိကန်တရားဟောဆရာရဲ့ အခြေအနေတွေဟာ ကောင်းသွားပြီဖြစ်ပါတယ်။ သူဟာ အမေရိကန်သမ္မတအိမ်ဖြူတော်ကို မကြာခင်လာရောက်လည်ပတ်ပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နဲ့ တွေ့ဆုံသွားမှာဖြစ်တယ်လို့ ထရမ့်ကပြောခဲ့ပါတယ်။

အမေရိကန် တရားဟောဆရာဟာ အခုတော့ အမေရိကန်ကို ပြန်လာဖို့ လုပ်ဆောင်နေပြီဖြစ်ပါတယ်။ သူ့ကို သောကြာနေ့က ပြန်လွှတ်ပေးလိုက်တဲ့ အရေးနဲ့ပတ်သက်ပြီး တူရကီနဲ့ အမေရိကန်ကြား ခါးသီးတဲ့ သံတမန်ဆက်ဆံရေးဆိုင်ရာ အငြင်းပွားမှုဟာ အဆုံးသတ်သွားနိုင်ဖို့ မျှော်လင့်ရပါတယ်။

## အိမ်ပြန်ခေါ်ဖို့ ကြိုးစားမယ်

ပြည်ပနိုင်ငံတွေမှာ မှားယွင်းစွာ အကျဉ်းချခံထားရတဲ့ အမေရိကန်နိုင်ငံသားတွေကို အိမ်ပြန်ခေါ်နိုင်ဖို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့အစိုးရအဖွဲ့အနေနဲ့ ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက လူမှုကွန်ရက်စာမျက်နှာဖြစ်တဲ့ တွစ်တာပေါ်မှာ ရေးသားခဲ့ပါတယ်။

အောက်တိုဘာ ၁၃ ရက်က အမေရိကန်တရားဟောဆရာ ဘရွန်ဆန်ကို ဂျာမနီနိုင်ငံ ရမ်စတိန်းလေတပ်အခြေစိုက်စခန်းကို အမေရိကန်လေတပ်က ပို့ပေးခဲ့ပါတယ်။ အမေရိကန်ကို ခရီးမဆက်ခင် သူဟာ အဲဒီမှာ ကျန်းမာရေးစစ်ဆေးမှုတွေ လုပ်ဆောင်မှာဖြစ်ကြောင်း သိရပါတယ်။ ဂျာမနီနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးက အမေရိကန် တရားဟောဆရာကို သွားရောက် ကြိုဆိုခဲ့ပါတယ်။

စက်တင်ဘာလမှာ ပြုလုပ်ခဲ့တဲ့ နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ ကုလသမဂ္ဂ အထွေထွေညီလာခံရဲ့သီးသန့်ဆွေးနွေးပွဲမှာ တူရကီသမ္မတ အာဒိုဂန်ဟာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နဲ့ ခဏတာ လက်ဆွဲနှုတ်ဆက်ပြီး သူ့အနေနဲ့ မဟာဗျူဟာမြောက်လက်တွဲဖော်ဆိုတဲ့ စိတ်ထားရှိပြီး အမေရိကန်နဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးကို တည်ဆောက်ချင်ကြောင်း ပြောကြားခဲ့ပါတယ်။

## ပြည်တော်ပြန်ခရီးစတင်

အခုတော့ အမေရိကန်တရားဟောဆရာ ဘရွန်ဆန်တစ်ယောက် ပြည်တော်ပြန်ခရီးကို စတင်နေပြီဖြစ်တဲ့အတွက် ဆက်ဆံရေး တင်းမာခဲ့တဲ့ အမေရိကန်နဲ့ တူရကီ နှစ်နိုင်ငံဆက်ဆံရေးဟာ တိုးတက်ကောင်းမွန်လာဖွယ်ရှိတယ်လို့ သိရပါတယ်။

အခုလို အမေရိကန်တရားဟောဆရာ ဘရွန်ဆန်တစ်ယောက်ကို လွှတ်ပေးလိုက်တဲ့ ကိစ္စနဲ့ပတ်သက်ပြီး "ကျွန်တော့်အနေနဲ့ အာဒိုဂန်ကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်"လို့ ထရမ့်က တွစ်တာမှာ ဖော်ပြခဲ့ပါတယ်။

ထို့အတူပဲ အမေရိကန်သမ္မတ ထရမ့်ဟာ အမေရိကန် အင်န်ဘီစီ ရုပ်သံထုတ်လွှင့်ရေးရဲ့အမေရိကန်နိုင်ငံနဲ့ တူရကီနိုင်ငံကြား အမေရိကန် ဘုန်းတော်ကြီး လွှတ်မြောက်ရေးအတွက် လျှို့ဝှက်ချက်တစ်ခုရှိခဲ့တယ်ဆိုတဲ့ သတင်းဖော်ပြချက်ကိုလည်း ငြင်းဆိုခဲ့ပြီး တူရကီနဲ့ မည်သည့်အပေးအယူမှ မရှိခဲ့ကြောင်း ဓားစာခံများအတွက် ဘယ်တော့မှ အပေးအယူမလုပ်ကြောင်း ပြောဆိုခဲ့ပါတယ်။

မည်သို့ပင်ဆိုစေ အခုအခါမှာတော့ အမေရိကန်တရားဟော ဆရာ ပြန်လည် လွှတ်မြောက်လာမှုနဲ့ ပတ်သက်ပြီး နှစ်နိုင်ငံ တင်းမာခဲ့တဲ့ ဆက်ဆံရေးဟာ တစ်စခန်းရပ်သွားပြီလို့ ဆိုရမှာဖြစ်သလို ထရမ့်အနေနဲ့ အာဒိုဂန်ကို ကျေးဇူးတင်ကြောင်း ဖော်ပြထားတာ တွေ့ရတဲ့အတွက်ကြောင့် နှစ်နိုင်ငံဆက်ဆံရေးဟာ အပြုသဘောဆောင် တိုးတက်လာဖွယ်ရှိကြောင်း သုံးသပ် ဖော်ပြလိုက်ရပါတယ်။ ။

**ကိုးကား - အေအက်ဖ်ပီ**

> **"ပြည်ပနိုင်ငံတွေမှာ မှားယွင်းစွာ အကျဉ်းချခံထားရတဲ့ အမေရိကန်နိုင်ငံသားတွေကို အိမ်ပြန်ခေါ်နိုင်ဖို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ အစိုးရအဖွဲ့အနေနဲ့ ဆက်လက်လုပ်ဆောင်သွားမှာဖြစ်"**

# အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျှော့ပါးရေးနေ့အခမ်းအနား ကချင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်



**မြစ်ကြီးနား အောက်တိုဘာ ၁၄**

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေး လျှော့ပါးရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၁၃ ရက်က ကျင်းပခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာခက်အောင် တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်က ကချင်ပြည်နယ်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဘေးအန္တရာယ် ၁၁၆ ကြိမ် ဖြစ်ပွားခဲ့ပြီး ဘေးသင့်ပြည်သူ ၈၉၈၄ ဦးနှင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ် ၁၁၁၂ ဒသမ ၅ သန်း ရှိခဲ့သည်ကို တွေ့ရကြောင်း၊ ထိုအချက်ကို ကြည့်ခြင်းအားဖြင့် သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် အဟန့်အတားဖြစ်စေသည်ကို ခန့်မှန်းနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ပါးရေးဆိုင်ရာ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကို သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ ပူးပေါင်း၍ ပြည်နယ်တွင်းရှိ ခရိုင်၊ မြို့နယ်များတွင် ရပ်ရွာအခြေပြု ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် UNDP မှ ပြည်နယ်ညှိနှိုင်းရေးမှူး တာဝန်ခံ ဦးထွန်းထွန်းက ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားပြီး သဘာဝဘေးအန္တရာယ်လျှော့ပါးရေး မှတ်တမ်း ဗီဒီယိုကိုဖွင့်လှစ်ပြသကာ အခမ်းအနား တက်ရောက်သူများက သဘာဝဘေးလျှော့ပါးရေးဆိုင်ရာ ပညာပေးပြခန်းများကို လိုက်လံကြည့်ရှု အားပေးခဲ့ကြသည်။ **(ယာပုံ)**

အဆိုပါ အပြည်ပြည်ဆိုင်ရာ သဘာဝဘေး လျှော့ပါးရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အတွင်းမှ ဌာနဆိုင်ရာများ၊ UN အဖွဲ့အစည်းများမှ အဖွဲ့ဝင်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ NGO အဖွဲ့များမှ တာဝန်ရှိသူများ၊ ပညာရေးကောလိပ်နှင့် သူနာပြုသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများ၊ မြစ်ကြီးနားမြို့မှဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားမှုနှုန်း ပိုများလာ

**တောင်ကြီး အောက်တိုဘာ ၁၄**

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေး လျှော့ပါးရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၁၃ ရက်က တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားမှုနှုန်းသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယခုလိုဖြစ်ရခြင်းသည် အဓိကအားဖြင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ အကျိုးဆက်တစ်ခုဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်အတွင်း နိုင်ငံတကာတွင်ဖြစ်ပွားခဲ့သော သဘာဝဘေးများကြောင့် သေဆုံးဒဏ်ရာရမှုနှင့် ထိခိုက်ဆုံးရှုံးမှုများ များစွာကြီးမားခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ယခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့ အပါအဝင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ဖြစ်ပွားခဲ့သည့် ရေဘေးကြောင့် လူပေါင်း ၂၂ ဦး သေဆုံးခဲ့ရပြီး အိမ်ထောင်စုပေါင်း ၄၆၀၀၀ ကျော်မှ လူဦးရေနှစ်သိန်းကျော် ဘေးဒုက္ခခံစားခဲ့ရကာ ကယ်ဆယ်ရေးစခန်းပေါင်း ၃၇၉ ခုအထိ ဖွင့်လှစ်၍ စောင့်ရှောက်မှုပေးခဲ့ရကြောင်း၊ နိုင်ငံတော်မှလည်း ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း တန်ဖိုး ကျပ်သန်းပေါင်း ၈၀၀ ခန့်အထိ ထောက်ပံ့ကူညီခဲ့ရသလို စေတနာရှင်၊ အလှူရှင် အဖွဲ့အစည်းအသီးသီးနှင့် ပြည်သူလူထုကလည်း တတ်အားသမျှ ဝိုင်းဝန်းကူညီခဲ့ကြရသည်ကို တွေ့ရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျှော့ပါးရေးနေ့အတွက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ အထူးကိုယ်စားလှယ် ထံမှသဝဏ်လွှာကို ရှမ်းပြည်နယ် ယူနီဆက်ဖ်ရုံးမှ တာဝန်ခံအရာရှိ ဒေါ်ခင်မိုးအေးက ဖတ်ကြားပြီး သဘာဝဘေးလျှော့ပါးရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သော စာစီစာကုံး၊ ပန်းချီနှင့် ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိကြသော အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။ ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျှော့ပါးရေးနေ့ အခမ်းအနားတွင် ခင်းကျင်းပြသထားသော သဘာဝဘေးကာကွယ်ရေးဆိုင်ရာ ပညာပေးပြခန်းများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်သူများက လှည့်လည်ကြည့်ရှုခဲ့သည်။

**မောင်မောင်သန်း(တောင်ကြီး)**

# အထက်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**မြို့သစ် အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် တည်ပင်စမ်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အထက်တန်းကျောင်းအဖြစ် အဆင့်တိုးဖွင့်ပွဲကို အောက်တိုဘာ ၁၄ ရက်က ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးချစ်ထွေးနှင့် တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်မြင့်တို့က တည်ပင်စမ်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး လူမှုရေးဝန်ကြီးနှင့် တိုင်းဒေသကြီးပညာရေးမှူးတို့က အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြသည်။ တည်ပင်စမ်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းကို ၂၀၁၅ ခုနှစ်တွင် အထက်တန်းကျောင်း(ခွဲ) အဖြစ် ဖွင့်လှစ်နိုင်ခဲ့ပြီးနောက် ယခု ၂၀၁၈ ခုနှစ်တွင် အထက်တန်းကျောင်းအဖြစ် ထပ်မံ အဆင့်တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါကျောင်းသို့ တည်ပင်စမ်းကျေးရွာမှ ကျောင်းသား ကျောင်းသူများအပြင် ပတ်ဝန်းကျင်ရှိ ငါးလုံးဖိုကျေးရွာ၊ ကုန်းရိုးတဲတိုက်နှင့် သပြေစမ်းကျေးရွာများမှ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများလည်း လာရောက်ပညာသင်ကြားလျက်ရှိသဖြင့် ယခုလို ကျောင်းအဆင့်တိုးမြှင့်နိုင်ခြင်းကြောင့် ဒေသခံပြည်သူများ များစွာအဆင်ပြေစေကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**

# အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျှော့ပါးရေးနေ့ အခမ်းအနား ထားဝယ်မြို့၌ကျင်းပ




**ထားဝယ် အောက်တိုဘာ ၁၄**

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျှော့ပါးရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို 'ပြည်သူ့ဘဝ တိုးတက်ပြောင်းလဲဖို့ ဘေးဒဏ်ကြောင့်စီးပွားဆုံးရှုံးမှု လျှော့ချစို့' ဟူသော ဆောင်ပုဒ်ဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ထားဝယ်ဟိုတယ်၌ အောက်တိုဘာ ၁၃ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က နှစ်စဉ် အောက်တိုဘာ ၁၃ ရက်တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျှော့ပါးရေးနေ့ကို တနင်္သာရီတိုင်းဒေသကြီးတွင် ယခု အကြိမ်သည် ခြောက်ကြိမ်မြောက်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း၊ ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ခြင်းသည် အသက်အိုးအိမ်စည်းစိမ်များကို ကယ်တင်ပေးသည့် ကယ်ဆယ်တုံ့ပြန်ရေးများကဲ့သို့ တန်းတူညီမျှအရေးကြီးပြီး ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးတို့အတွက်လိုအပ်သည့် အရင်းအမြစ်များကို လျှော့ချနိုင်ရန်အတွက်လည်း အထောက်အကူပြုမည် ဖြစ်ကြောင်း၊ ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ထားခြင်းဖြင့် ထိခိုက်ဆုံးရှုံးမှုများလျှော့နည်းအောင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို UNHCR ကိုယ်စားလှယ် ဒေါ်စုသဉ္ဇာစိုးက ဖတ်ကြားပြီး တက်ရောက်လာသူများအား ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး သရုပ်ဖော်အစီအစဉ်နှင့် ရှေးဦးပြုစုခြင်း သရုပ်ပြမှုများ ဆောင်ရွက်ခဲ့သည်။

ဆန်ဒိုင်းမူဘောင်ပါ ကမ္ဘာလုံးဆိုင်ရာ ပန်းတိုင်၏ တတိယမြောက်အချက်ဖြစ်သည့် ဘေးအန္တရာယ်ကြောင့် စီးပွားရေးတိုက်ရိုက်ထိခိုက်ခြင်းနှင့် ဆုံးရှုံးရမှုများကိုလျှော့ချသွားနိုင်ရန် ရည်ရွယ်လျက် ယခုနှစ် အခမ်းအနားကို 'ပြည်သူ့ဘဝတိုးတက်ပြောင်းလဲဖို့ ဘေးဒဏ်ကြောင့်စီးပွားဆုံးရှုံးမှုလျှော့ချစို့' ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကယားပြည်နယ်အစိုးရနှင့် ပြည်နယ်အတွင်းမှ လူမှုရေးအသင်းအဖွဲ့များ တွေ့ဆုံဆွေးနွေး

**လွိုင်ကော် အောက်တိုဘာ ၁၄**

ကယားပြည်နယ်အတွင်းရှိ မြို့နယ်များ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကုလသမဂ္ဂမှ အဖွဲ့အစည်းများ၊ နိုင်ငံတကာမှ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များအား ကယားပြည်နယ်အစိုးရက လွိုင်ကော်မြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၂ ရက်ကတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကယားပြည်နယ်အတွင်း လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဘက်စုံ ကဏ္ဍပေါင်းစုံတွင် အရှိန်အဟုန်ဖြင့် တိုးတက်လာစေရန်အတွက် အသင်းအဖွဲ့ပေါင်းစုံ လက်တွဲပူးပေါင်း အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ဌာနဆိုင်ရာများကလည်း ရည်ရွယ်ချက် ထမြောက်အောင်မြင်အောင် ဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းများအတိုင်း တာဝန်ခံမှု၊ တာဝန်ယူမှုများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းအဖွဲ့များကလည်း ဌာနဆိုင်ရာများနှင့် လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသော လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ရာတွင်တွေ့ကြုံရသော မြေပြင်အခြေအနေနှင့် အားနည်းချက် အားသာချက်၊ အခက်အခဲများနှင့်ပတ်သက်ပြီး တင်ပြကြကာ သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမှန်တကယ်လိုအပ်သည့် နေရာများတွင်သာ ဆောင်ရွက်စေခြင်း၊ သင့်တော်သောနေရာများတွင် ဆောင်ရွက်စေခြင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် အသင်းအဖွဲ့တစ်ခုနှင့်တစ်ခု အကြောင်းအရာမထပ်စေခြင်း စသည့်အချက်များအပေါ် အခြေခံကာ ကနဦးတင်ပြရာတွင် စာရွက်စာတမ်းပြည့်စုံစွာ တင်ပြရန်နှင့် နောက်ပိုင်းတွင် ဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်းတို့ကို ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး လူမှုရေးအသင်းအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီအဖွဲ့တွင် ပြည်နယ်အဆင့်ဥက္ကဋ္ဌအနေဖြင့် တာဝန်ယူမည့်ဝန်ကြီးတစ်ဦးကို ခန့်ထားပေးရန် လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များက တင်ပြတောင်းဆိုထားသည့်ကိစ္စအတွက် ကယားပြည်နယ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်ကို ညှိနှိုင်းရေးကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ပြည်နယ်ဝန်ကြီးချုပ်က ခန့်ထား တာဝန်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းလေး**

# လူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုများ ရွှေသောင်ယံမြို့၌ ကွင်းဆင်းဆောင်ရွက်ပေး

**ရွှေသောင်ယံ အောက်တိုဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့ အုန်းချောင်းကျေးရွာမှ ဒေသခံများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပုသိမ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဦးဆောင်၍ Worldvision Myanmar ၏ ပံ့ပိုးမှုဖြင့် အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ အောက်တိုဘာ ၁၂ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်း ကျန်းမာရေးစောင့်ရှောက်မှုတွင် အထွေထွေရောဂါကုဆရာဝန် ငါးဦး၊ သွားဆရာဝန်နှစ်ဦး၊ ကျန်းမာရေးမှူး ၁၅ ဦးနှင့် အခြားကျန်းမာရေးဝန်ထမ်း ၃၀ တို့က ဒေသခံပြည်သူများအား အထွေထွေရောဂါများ၊ သွားရောဂါများ၊ ဆီးချိုနှင့်သွေးတိုးရောဂါ၊ ငှက်ဖျားရောဂါများအတွက် လိုအပ်သောစစ်ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြပြီး ကျန်းမာရေးဆိုင်ရာများကို အသိပညာပေးဟောပြောကာ သုံးနှစ်အောက်ကလေးများအား လိုအပ်သော ကာကွယ်ဆေးထိုးခြင်းများလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ အဆိုပါ ပြည်သူလူထုအခြေပြု ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်တွင် ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ ဆေးကျောင်းသား ၁၅ ဦးတို့လည်း ပူးပေါင်းပါဝင်ခဲ့ကာ အုန်းချောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများအား ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ရန်ကုန်တိုင်းဒေသကြီးအတွင်း ပို့အားပြည့်စွာဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ဓာတ်အားခွဲရုံများတည်ဆောက်

နေပြည်တော် အောက်တိုဘာ ၁၄

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေး၊ ပို့အားပြည့်မီစွာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ၆၆/၁၁-၆ ဒသမ ၆ ကေဗွီ(Gas Insulated Switchgear-GIS) ဓာတ်အားခွဲရုံများ တည်ဆောက်လျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။**

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ဓာတ်အားခွဲရုံကြီးများတည်ဆောက်ရေးဌာနမှ ရန်ကင်းမြို့နယ်တွင် ကုက္ကိုင်းဓာတ်အားခွဲရုံ၊ ဗဟန်းမြို့နယ်တွင် သူရဲကောင်း ဓာတ်အားခွဲရုံ၊ ဒဂုံမြို့နယ်တွင် လှုတ်တော်ဓာတ်အားခွဲရုံတို့ တည်ဆောက်လျက်ရှိပြီး Barons & Fuji-kura EPC Co.,Ltd မှ လှိုင်မြို့နယ်တွင် လှိုင်တက္ကသိုလ်ဓာတ်အားခွဲရုံ၊ Asia Power Quality Electric Co.,Ltd မှ တောင်ဥက္ကလာပမြို့နယ်တွင် တောင်ဥက္ကလာ ဓာတ်အားခွဲရုံတို့ Turn-key စနစ်ဖြင့် တည်ဆောက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဒါရိုက်တာအဖွဲ့ဝင် ၄ ဦးအောင်ကျော်ဦးက ပြောသည်။

"ရန်ကုန်တိုင်းဒေသကြီးမှာ လက်ရှိ ၁၄၁၀ မဂ္ဂါဝပ်သုံးနေပါတယ်။ System မှာ ထုတ်တာကတော့ ၃၃၀၀ လောက် ထုတ်တဲ့ထဲကမှ ၁၄၁၀ ပဲ ကုန်ပါတယ်။ အခု လက်ရှိမှာ ဓာတ်အားခွဲရုံတွေ တည်ဆောက်ထားတာလေးတွေက လာမယ့် နွေရာသီမှာ ကျွန်တော်တို့လုပ်မယ့် တစ်နှစ်ထက်တစ်နှစ် လျှပ်စစ်မီးသုံးစွဲမှုက တိုးနေတယ်။ အဲဒီအတွက် ကျွန်တော်တို့ ကော်ပိုရေးရှင်းအနေနဲ့ နှစ်စဉ်နှစ်တိုင်း ဓာတ်အားခွဲရုံတွေကို တည်ဆောက်ရပါတယ်။ ဒါကြောင့် ဒီဓာတ်အားခွဲရုံငါးရုံကနေ လာမယ့်နွေရာသီမှာ ဓာတ်အားပေးနိုင်ဖို့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ရန်ကင်းမြို့နယ်တွင် တည်ဆောက်လျက်ရှိသော ၆၆/၁၁-၆ ဒသမ ၆ ကေဗွီ၊ ၂ × ၃၀ အမ်ဗွီအေ (ဂျီအိုင်အက်စ်) ကုက္ကိုင်းဓာတ်အားခွဲရုံမှာ လက်ရှိအချိန်တွင် ၅၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးပြီဖြစ်ကာ လက်ရှိဓာတ်အားဖြန့်ဖြူးနေသည့် ၃၃ ကေဗွီ ကုက္ကိုင်းဓာတ်အားခွဲရုံအား ၆၆ ကေဗွီ (ဂျီအိုင်အက်စ်) ဓာတ်အားခွဲရုံအဖြစ် အဆင့်မြှင့်တင်လိုက်ခြင်းကြောင့် ဓာတ်အားပိုမို ဖြန့်ဖြူးပေးနိုင်ခြင်း၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေခြင်း၊ ပို့အားပြည့်မီစွာဓာတ်အားဖြန့်ဖြူးပေးနိုင်ခြင်း၊ အရေးကြီးနေရာများကို ဓာတ်အားအဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ခြင်းနှင့် အဆိုပါခွဲရုံမှ ဗဟန်းမြို့နယ် ရန်ကင်းမြို့နယ်များသို့ ဓာတ်အား ပိုမို၍ ဖြန့်ဖြူးပေးနိုင်ခြင်းစသော အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း၊ ဗဟန်းမြို့နယ်တွင် တည်ဆောက်လျက်ရှိသော ၆၆/၁၁-၆ ဒသမ ၆ ကေဗွီ ၂×၃၀ အမ်ဗွီအေ (ဂျီအိုင်အက်စ်) သူရဲကောင်းဓာတ်အားခွဲရုံမှာ လက်ရှိအချိန်တွင် ၆၄ ရာခိုင်နှုန်း ဒဂုံမြို့နယ်တွင် တည်ဆောက်လျက်ရှိသော ၆၆/၁၁-၆ ဒသမ ၆ ကေဗွီ ၂×၃၀ အမ်ဗွီအေ(ဂျီအိုင်အက်စ်) လှုတ်တော်ဓာတ်အားခွဲရုံမှာ လက်ရှိ အချိန်တွင် ၅၉ ရာခိုင်နှုန်း၊ တောင်ဥက္ကလာပမြို့နယ်တွင် တည်ဆောက်လျက်ရှိသော ၆၆/၁၁-၆ ဒသမ ၆ ကေဗွီ၊ ၂×၂၀ အမ်ဗွီအေ (ဂျီအိုင်အက်စ်) တောင်ဥက္ကလာ ဓာတ်အားခွဲရုံမှာ လက်ရှိအချိန်တွင် ၅၆ ရာခိုင်နှုန်း၊ လှိုင်မြို့နယ်တွင် တည်ဆောက်လျက်ရှိသော ၆၆/၁၁-၆ ဒသမ ၆ ကေဗွီ၊ ၃၀ အမ်ဗွီအေ(ဂျီအိုင်အက်စ်) လှိုင်တက္ကသိုလ်ဓာတ်အားခွဲရုံမှာ လက်ရှိအချိန်တွင် ၈၆ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးပြီးဖြစ်ကြောင်း သိရသည်။

တည်ဆောက်လျက်ရှိသော ၆၆/၁၁-၆ ဒသမ ၆ ကေဗွီ (Gas Insulated Switchgear- GIS) ဓာတ်အားခွဲရုံများမှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် တည်ဆောက်ပြီးစီးမည် ဖြစ်သည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံ စာရေးဆရာအသင်းဗဟိုဦးစီးအဖွဲ့ ဒုတိယအကြိမ် ညီလာခံအတွေ့အကြုံရှင်းလင်း



**တောင်ငူ အောက်တိုဘာ ၁၄**

မြန်မာနိုင်ငံ စာရေးဆရာအသင်း ဗဟိုဦးစီးအဖွဲ့၏ ဒုတိယအကြိမ်ညီလာခံအတွေ့အကြုံ ထပ်ဆင့်ရှင်းလင်းပွဲကို ယမန်နေ့က တောင်ငူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ တောင်ငူမြို့နယ် စာရေးဆရာအသင်းနာယကများ၊ ဥက္ကဋ္ဌ ဦးစံလု (စံကေတု)၊ အတွင်းရေးမှူး ဦးဇော်ဇော်နှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

တောင်ငူမြို့နယ် စာရေးဆရာအသင်းနာယကက ဦးကျော်လှ(သမာဓိ)က အမှာစကားပြောကြား၍ ညီလာခံကိုယ်စားလှယ် တောင်ငူမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးစံလု (စံ-ကေတု)က ညီလာခံအတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး အခမ်းအနားအပြီးတွင် ဆုံးဖြတ်ချက်နှစ်ရပ်နှင့် မှတ်တမ်းတင်ခြင်းနှစ်ရပ်တို့ကို ချမှတ်ခဲ့ကြကြောင်း သိရသည်။ **၀၄၈**

# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နမ့်ဆန်၌ တောင်ပြို၊ ကားလမ်းပိတ်ဆို့မှု ဖြစ်

**သီပေါ အောက်တိုဘာ ၁၄**

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လက်ဖက်ထွက်ရာနယ်မြေ ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နယ်တွင် အောက်တိုဘာ ၁ ရက်မှ ယနေ့အထိ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကျရေများကျဆင်းပြီး နမ့်ဆန်၊ သီပေါကားလမ်း မိုင်တိုင်အမှတ် (၁၅/၁၈) အတွင်း လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သည်။

ထိုသို့ မြေကျွံမှုများအပြင် မြင့်မားလှသည့် တောင်ကြောများမှ အမြဲလိုလို မြေပြိုကျနေသဖြင့် မြို့တွင်းလမ်းများ၊ ကျေးလက်ဒေသနှင့် မြို့ကို ဆက်သွယ်ပေးသောလမ်းများနှင့် သီပေါ၊ နမ့်ဆန် ကားလမ်းတို့မှာ လမ်းပိတ်ဆို့ခြင်း၊ လမ်းသားပဲ့ကျခြင်း၊ လျှပ်စစ်ဓာတ်အားတိုင်များ ပြိုလဲ၍ မီးပြတ်တောက်ခြင်းစသည့် အခက်အခဲများဖြစ်ပေါ်နေရာ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ပူးပေါင်းကာ မြေကော်စက်ယန္တရားများနှင့် လူအင်အားများဖြင့် ပူးပေါင်းရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)** **စိုင်း(သီပေါ)**



## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၄-၁၀-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၁၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၅၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၁၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၅၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၇၅/၁၀၉၅ ကျပ် | ၁၁၁၀/၁၁၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၈၅/၁၁၀၅ ကျပ် | ၁၁၂၅/၁၁၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၄၅/၁၀၆၅ ကျပ် | ၁၁၁၀/၁၁၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၉၅/၁၁၁၅ ကျပ် | ၁၁၆၀/၁၁၇၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၈၀ ・ ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၆ ・ ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၃၂ ・ ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၆၈ ・ ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၄ ・ ၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၂ ・ ၇၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ ・ ၇၂၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၅ ・ ၂၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၉ ・ ၅၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၆ ・ ၉၉၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# မကွေးတိုင်းဒေသကြီးတွင် မြေဆီလွှာအရည်အသွေးစစ်ဆေးမှုကို ယခင်နှစ်များထက် ပိုမိုပြုလုပ်လာ

**မကွေး အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီးမှ တောင်သူများအနေဖြင့် စိုက်ပျိုးမြေများကို မြေအရည်အသွေး စစ်ဆေးမှု ယခင်နှစ်များထက် ပိုမိုပြုလုပ်လာလျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ မကွေးတိုင်းဒေသကြီးတွင် စိုက်ပျိုးမြေ အရည်အသွေးစစ်ဆေးသည့် ဓာတ်ခွဲခန်းကို ၂၀၁၅ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး မကွေးတိုင်းဒေသကြီးအတွင်း၌ရှိသော စိုက်ပျိုးမြေ ဧက သိန်း ၃၀ ခန့်အနက် စိုက်ပျိုးမြေ ဧက ၁၀ သိန်းခန့်ပေါ်တွင် ကိုယ်စားပြု ဓာတ်ခွဲစစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်းလည်း သိရသည်။

"ဒီနှစ် မြေဆီလွှာဓာတ်ခွဲစမ်းသပ်တဲ့သူ ပိုများလာတယ်၊ NGO တွေကလုပ်တဲ့ ကွင်းစစ်ဆေးမှုတွေလည်း ပိုများလာတယ်၊ တောင်သူတစ်ဦးချင်းလည်း စိတ်ဝင်စားမှု ပိုရှိလာတယ်၊ မြေဆီလွှာဓာတ်ခွဲစစ်ဆေးတယ်ဆိုတာက မြေဆီလွှာ ဧက ၅၀၊ ၁၀၀ မှာ ကိုယ်စားပြုတစ်နေရာ၊ နှစ်နေရာလောက် ယူစစ်လိုက်ရင် ဧက ၁၀၀၊ ၂၀၀လောက်ကို ကိုယ်စားပြုနိုင်တာဖြစ်တယ်၊ ဧက သိန်း ၃၀ လောက်ပေါ်မှာတော့ ဧက ၁၀ သိန်းလောက်တော့ ကိုယ်စားပြုစစ်ဆေးပေးနိုင်ပြီ ပြောရမှာပေါ့"ဟု မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက ပြောသည်။

တိုင်းဒေသကြီးအတွင်းမှ ကျန်ရှိနေသည့် စိုက်ပျိုးမြေ ဧကသိန်း ၂၀ ခန့်ပေါ်မှ တောင်သူများ၏ လိုအပ်ချက်များ၊ တောင်းဆိုချက်များနှင့် ပတ်သက်သည်များကိုလည်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး စိုက်ပျိုးရေးပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"၂၀၁၅ ကစပြီး ဓာတ်ခွဲခန်းကို စတင်တည်ထောင်ဖွင့်လှစ်ခဲ့တယ်၊ ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းကျတော့ တောင်သူတွေကို အခမဲ့ ဆောင်ရွက်ပေးခဲ့တယ်၊ ၂၀၁၈ ခုနှစ် ရောက်မှသာ တောင်သူတွေဆီက အခကြေးငွေ တစ်ဝက်နှုန်းထားယူပြီး ဝန်ဆောင်မှု ဆောင်ရွက်ပေးခဲ့တယ်၊ ကုမ္ပဏီနဲ့ အဖွဲ့အစည်းတွေကိုဆိုရင်တော့ အပြည့်ယူတယ်" ဟု ဓာတ်ခွဲခန်းလုပ်ငန်းများနှင့် ပတ်သက်၍ တိုင်းဒေသကြီးဦးစီးမှူးက ဆက်လက် ရှင်းပြသည်။

တောင်သူများအနေဖြင့် မိမိတို့ပိုင်မြေများတွင် စစ်ဆေးမှုများဆောင်ရွက်ပါက မကွေးတိုင်းဒေသကြီး ဓာတ်ခွဲခန်းတွင် မြေအရည်အသွေး ၁၅ မျိုးခန့် စစ်ဆေးနိုင်ပြီး ကုန်ကျငွေမှာ ကျပ် ၃၅၀၀၀ သို့မဟုတ် ကျပ် ၄၀၀၀၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း၊ မြေအရည်အသွေးစစ်ဆေးရာတွင် အသုံးပြုရသည့် ဓာတ်ခွဲခန်းသုံးပစ္စည်းများကို ပြန်လည်ဖြည့်တင်းရသောကြောင့် ယခုကဲ့သို့ ငွေကြေးနှုန်းထား သတ်မှတ်ကောက်ခံရခြင်းဖြစ်ကြောင်း၊ မြေအရည်အသွေးစစ်ဆေးခြင်းကြောင့် တောင်သူများအနေဖြင့် မလိုအပ်သည့် စိုက်ပျိုးစရိတ်ကုန်ကျမှုများစွာကို လျှော့ချနိုင်မည့်အပြင် သီးနှံများလည်း ယခင်ထက် ပိုမိုဖြစ်ထွန်းအောင်မြင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"မြေထဲမှာအချိုရှိရင် အချိုမလိုတော့ဘူး၊ အချိုမကျွေးနဲ့၊ အချဉ်ဓာတ်လိုနေရင် အချဉ်ကျွေးပေါ့၊ အဲလို အဖြေတွေသိရရင် သီးနှံပင်တွေကို လိုအပ်တာကိုကျွေးနိုင်မယ် ဆိုရင် ပိုပြီးတော့ အောင်မြင်ဖြစ်ထွန်းမှုကောင်းမယ်၊ ပြီးတော့ မလိုတာကို မထည့်မိတဲ့အတွက် ကုန်ကျစရိတ်တွေ သက်သာတာပေါ့၊ အဲဒီအကျိုးအမြတ်တွေ အများကြီး ရရှိနိုင်တာပေါ့"ဟု မြေအရည်အသွေးစစ်ဆေးခြင်းဖြင့် ရရှိလာနိုင်မည့် အကျိုးကျေးဇူး များအကြောင်းကိုလည်း တိုင်းဒေသကြီးဦးစီးမှူးက ရှင်းပြသည်။

ရေစကြိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ဌေးကလည်း တောင်သူတွေ အနေနဲ့ အရင်ခေတ်ကလို နေလို့မရတော့ဘူး၊ စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ နည်းပညာကို လိုက်စားရမယ့်အချိန်ရောက်နေပြီ၊ တောင်သူတစ်ဦးချင်းအနေနဲ့လည်း ကိုယ့်စိုက်ပျိုးမြေကို စစ်ဆေးသင့်တယ်၊ မြေအရည်အသွေးစစ်ဆေးလို့ကုန်တဲ့ ကုန်ကျစရိတ်က မြေဆီတစ်အိတ်ဖိုးတောင် မကုန်ပါဘူး၊ တစ်ကြိမ်စစ်ထားရင် ငါးနှစ်စာလောက်နေလို့ရတယ်၊ ဒီကြားထဲမှာ မြေကြီးရဲ့လိုအပ်တဲ့ဓာတ်မြေဩဇာလောက်ကိုပဲ ကျွေးရမှာဆိုတော့ မလိုအပ်ဘဲသုံးနေရတဲ့ကုန်ကျစရိတ်တွေ သက်သာသွားမှာပါ"ဟု ပြောသည်။

မြေအရည်အသွေးစစ်ဆေးခြင်းကို တောင်သူများအနေဖြင့် မြို့နယ်စိုက်ပျိုးရေးရုံးများမှတစ်ဆင့် တိုင်းရုံးသို့ပေးပို့၍ စစ်ဆေးနိုင်ပြီး တစ်ကြိမ်စစ်ဆေးထားပါက ငါးနှစ်ခန့် ထပ်မံစစ်ဆေးရန် မလိုအပ်သောကြောင့် သီးနှံစိုက်ပျိုးချိန်တွင် နှစ်စဉ်ကုန်ကျလျက်ရှိသော အပင်အတွက်မလိုအပ်သည့် ဓာတ်မြေဩဇာဖိုး ကုန်ကျစရိတ်များစွာလည်း သက်သာသွားမည်ဖြစ်ကြောင်း သိရသည်။ မကွေးတိုင်းဒေသကြီးအတွင်း၌ GAP စနစ်ဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသောမြေများနှင့် NGO များနှင့် ပူးပေါင်းပြုလုပ်သည့် စီမံကိန်းဧရိယာ စိုက်ပျိုးမြေများတွင် မြေဆီလွှာဓာတ်ခွဲစစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်းလည်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**



ဇာဖိတ်ရေလွှဲဆည်မှ ရေများလွှတ်ပေးနေစဉ်

# သီပေါမြို့နယ် ဇာဖိတ်ရေလွှဲဆည်မှ မိုးစပါး ၁၁၆၅ ဧကသို့ စိုက်ပျိုးရေများဖြန့်ဝေ

**သီပေါ အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ်ရှိ ဇာဖိတ်ရေလွှဲဆည်မှ ဆည်ရေဖြင့် ယခင်နှစ်က မိုးစပါး ၁၁၆၅ ဧကသို့ စိုက်ပျိုးရေ အောင်မြင်စွာ ပေးဝေနိုင်ခဲ့သလို ယခုနှစ်တွင်လည်း စိစစ်ဧကအတိုင်း မိုးစပါး ၁၁၆၅ ဧကကို စိုက်ပျိုးရေများ အောင်မြင်စွာ ပေးဝေနိုင်ခဲ့ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းခင်သန်းထံမှ သိရသည်။

အဆိုပါ ဇာဖိတ်ရေလွှဲဆည်ကို ၂၀၁၁ - ၂၀၁၂ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများက ရေလွှဲဆည်၊ ရေပေးအဆောက်အအုံများနှင့် ရေတံခါးများ၏ ကြံ့ခိုင်မှုကို ၂၄ နာရီကြီးကြပ်စစ်ဆေး လျက်ရှိကြောင်းနှင့် ဒေသခံတောင်သူများ ဆည်ရေအပြည့်အဝရရှိစေရန်အတွက် ဇာဖိတ်ရေလွှဲဆည်မှ ရေပေးမြောင်းအတွင်းသို့ ရေများကို လိုအပ်သလိုထိန်းညှိ၍ လွှတ်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်မွှေး**

# ကျန်းမာရေးနှင့်ညီညွတ်သော ဟင်းသီးဟင်းရွက်စိုက်ပျိုးရန် နည်းပညာသရုပ်ပြပြီး မျိုးစေ့များထောက်ပံ့

**လှိုင်းဘွဲ့ အောက်တိုဘာ ၁၄**

ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် GMSAEDC တို့ ပူးပေါင်း၍ လှိုင်းဘွဲ့မြို့နယ် ရေပူကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံတောင်သူများအား ကျန်းမာရေးနှင့်ညီညွတ်သောဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာပေး ကွင်းသရုပ်ပြသခြင်းနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပွဲကို အောက်တိုဘာ ၁၃ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇော်က အသက်ရှည်၊ ကျန်းမာစေရန်အတွက် ဘေးဥပဒ်ဖြစ်စေမည့်အရာများကို ရှောင်၍ စိုက်ပျိုးနိုင်သည့် ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်းများကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်နန်းဝတ်ရည်စမ်းက ဓာတုပစ္စည်းများမပါဝင်သည့် ငါးအမိုင်နိုအက်ဆစ်၊ တမာပိုးသတ်ဆေးနှင့် ကြက်သွန်ဖြူပိုးသတ်ဆေးစသည့် သဘာဝပိုးသတ်ဆေးများ ပြုလုပ်နည်းအဆင့်ဆင့်နှင့် အကျိုးကျေးဇူးများကိုလည်းကောင်း၊ ပြည်နယ် သီးနှံကာကွယ်ရေးဌာနခွဲမှ လက်ထောက်ဦးစီးမှူး ဒေါ်ရီရီလွင်က ပိုးသတ်ဆေးသုံးစွဲရာတွင် ဆောင်ရန်ရှောင်ရန်အချက်များကိုလည်းကောင်း နည်းပညာပေး ဆွေးနွေးကြသည်။

ထို့နောက် GMSAEDC မှ လှူဒါန်းသော ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် စိုက်ပျိုးရေးဦးစီးဌာနမှလှူဒါန်းသော လယ်ယာစီးပွားစာစောင်များကို သရုပ်ပြပွဲသို့လာရောက်သည့် ဒေသခံတောင်သူများထံ ပေးအပ်လှူဒါန်းကာ ပြည်နယ် မြေအသုံးချရေးဌာနခွဲနှင့် သီးနှံကာကွယ်ရေးဌာနခွဲမှ ပညာရှင်များက ရွှေ့လျား မြေဆီလွှာဓာတ်ခွဲသေတ္တာများ၊ အင်းဆက်သေတ္တာများဖြင့် ဟင်းသီးဟင်းရွက် သီးနှံပင်များတွင် ထည့်သွင်းသင့်သည့် သွင်းအားစုနှုန်းထားများနှင့် ကျရောက်တတ်သည့် ပိုးနှင့် ရောဂါများကို လက်တွေ့ခွဲခြားပြသခဲ့ကြကြောင်း သိရသည်။



**နေမျိုးလွင်(ပြန်/ဆက်)**

# မလှိုင်မြို့နယ်၌ မိုးနှောင်းချည်မျှင်ရှည်ဝါ ကွင်းသရုပ်ပြ

**မလှိုင် အောက်တိုဘာ ၁၄**

မလှိုင်မြို့နယ် သပြေပင်ကျေးရွာ ကွင်းအမှတ်(၄၄၆)ရှိ မိုးနှောင်းချည်မျှင်ရှည်ဝါအထူးဇုန် စံပြစိုက်ခင်း၌ ဝါသီးနှံများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများအား တောင်သူပညာပေး ကွင်းသရုပ်ပြပွဲနှင့် နှီးနှောဖလှယ်ပွဲကို အောက်တိုဘာ ၁၂ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် မိုးနှောင်းချည်မျှင်ရှည်ဝါ အထူးဇုန် (၇၅)ဧကတွင် ပါဝင်သော ကွင်းအမှတ်(၄၄၆)ရှိ တောင်သူသုံးဦး၏ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို ဒေသခံတောင်သူများအား လက်တွေ့ပြသခဲ့ပြီး တောင်သူများ သိလိုသည်များကို စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်က ရှင်းလင်းဖြေကြားသည်။ ထို့နောက် တောင်သူပညာပေး နှီးနှောဖလှယ်ပွဲကို ဆက်လက်ကျင်းပကာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးကျင်မောင်တို့က ချည်မျှင်ရှည်ဝါ စိုက်ပျိုးရာတွင် ဆောင်ရန်ရှောင်ရန်များနှင့် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး စသည်တို့ကို ဆွေးနွေးခဲ့သည်။ **အောင်ဌေး(မလှိုင်)**

# တစ်ပတ်အတွင်း စိုက်ပျိုးရေးထွက်ကုန်ဈေးနှုန်းကြီး

(အောက်တိုဘာ ၈ ရက်မှ ၁၂ ရက်အထိ)

**ဆန်၊ စပါး**

လက်ရှိမှာ ဆန်ဟောင်းတွေက ဈေးကွက်ထဲမှာ လက်ကျန်နည်းပြီး အဝင်လည်းနည်းလာပါတယ်။ မိုးစပါးအသစ်တွေ ဝင်ရောက်လာတော့မှာဖြစ်တဲ့အတွက် လက်ကျန် ဆန်စပါးတွေ ဈေးတက်နေခဲ့ပါတယ်။ အရောင်းအဝယ်ကတော့ ပုံမှန်ရှိပြီး ဆန်ချောက ဆန်ကြမ်းထက် ဈေးပိုတက်နေတာ တွေ့ရပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ဒီတစ်ပတ်မှာ ရွှေဘိုပေါ်ဆန်းက တစ်အိတ်မှာ ကျပ် ၁၀၀၀ ဈေးတက်ခဲ့ပြီး ကျပ် ၆၁၀၀၀ ကနေ ၆၃၀၀၀ အထိ ပေါက်ဈေးရှိနေပါတယ်။ အခြားဆန်တွေကတော့ ဈေးငြိမ်နေပါတယ်။ ပုသိမ်ဈေးကွက်မှာတော့ ပထမတန်းစား စပါးနဲ့ဆန်တွေ ဈေးတက်ခဲ့ပြီး ဒုတိယတန်းစား စပါးနဲ့ဆန်တွေကတော့ ဈေးငြိမ်နေပါတယ်။

ရောဝတီပေါ်ဆန်းစပါးက တင်း ၁၀၀ ကို ကျပ် ၁၃၅၈၀၀၀ ကျော် ပေါက်ဈေးရှိပြီး တင်း ၁၀၀ မှာ ကျပ် ၄၀၀၀၀ ကျော် ဈေးတက်ခဲ့ပါတယ်။ ဆန်ကတော့ တစ်တင်းခွဲတစ်အိတ်ကို ကျပ် ၅၄၅၀၀ ပေါက်ဈေးရှိပြီး ကျပ် ၂၅၀၀ လောက် ဈေးတက်လာပါတယ်။ ပေါ်ဆန်းရင်က စပါးတင်း ၁၀၀ ကို ကျပ် ၁၂၇၀၀၀၀ ကျော်ရှိပြီး ကျပ် ၅၀၀၀၀ ကျော်ဈေးတက်လာကာ ဆန်ကတော့ တစ်တင်းခွဲတစ်အိတ်ကို ကျပ် ၂၀၀၀ တက်လာပြီး ကျပ် ၅၁၀၀၀ ပေါက်ဈေးရှိနေပါတယ်။ ဖျာပုံပေါ်ဆန်းကတော့ စပါးတင်း ၁၀၀ ကို ကျပ် ၁၃၁၄၀၀၀ ကျော်ရှိပြီး တင်း ၁၀၀ မှာ ကျပ် ၈၀၀၀၀ နီးပါး ဈေးတက်လာခဲ့ပါတယ်။ ဆန်ကတော့ တစ်တင်းခွဲတစ်အိတ်မှာ ကျပ် ၂၀၀၀ ခန့် ဈေးတက်လာပြီး ကျပ် ၅၄၀၀၀ ပေါက်ဈေးရှိနေပါတယ်။

**မတ်ပဲ(FAQ/RC)**

မတ်ပဲကတော့ ရန်ကုန်ဈေးကွက်မှာ ဒီတစ်ပတ် ဈေးအမြင့်ဆုံးရောက်ခဲ့ပြီး သုံးတင်းဝင်တစ်အိတ်ကို ကျပ် ၅၈၀၀၀ ကျော်အထိ ဈေးတက်လာခဲ့ပါတယ်။ ပဲအသစ်တွေလည်း ထွက်တော့မှာဖြစ်သလို လက်ကျန်ပဲတွေက နည်းနေတဲ့အတွက် ဈေးတက်လာခဲ့တာဖြစ်ပါတယ်။ တောင်သူတွေကလည်း ဈေးအမြင့်ကို ဆက်လက်စောင့်ဆိုင်းနေပြီး လက်ကျန်ပဲတွေကို ထုတ်မရောင်းသေးတာကိုလည်း တွေ့ရပါတယ်။ လက်ကျန်ပဲတွေကို ထုတ်ရောင်းတဲ့အချိန်မှာတော့ ဈေးကပြန်ကျသွားခဲ့ပြီး ကုန်သည်အချို့ ဈေးကစားနေတာကိုလည်း တွေ့ရပါတယ်။ လက်ရှိမှာ မတ်ပဲကို အိန္ဒိယနိုင်ငံအပြင် တရုတ်ကပါ အဝယ်ရှိနေပြီး အရောင်းအဝယ်ကတော့ အရင်လောက်မများပေမယ့် သွက်နေတယ်လို့ ပြောလို့ရပါတယ်။

ပဲကုန်သည်များအသင်းကတော့ မတ်ပဲအသစ်တွေ မကြာခင် ထွက်ရှိတော့မှာဖြစ်လို့ ပဲအဟောင်းတွေကိုရောင်းချရာမှာ ကုန်သည်တွေအနေနဲ့ တိုက်ရိုက်ရောင်းချကြရန်နဲ့ လက်ဆင့်ကမ်းရောင်းချခြင်း မပြုလုပ်ရန် သတိပေးထားပြီး လက်ဆင့်ကမ်းရောင်းချပါက အရေးယူသွားမယ်လို့ အောက်တိုဘာ ၈ ရက်က ထုတ်ပြန်ထားပါတယ်။

မန္တလေးဈေးကွက်မှာလည်း မတ်ပဲတစ်အိတ်ကို အမြင့်ဆုံးဈေး ကျပ် ၅၈၀၀၀ အထိ ရရှိနေပြီး ရန်ကုန်ဈေးကွက်မှာလည်း အမြင့်ဆုံးဈေး ကျပ် ၅၇၀၀၀ အထိ ရရှိနေပါတယ်။ မုံရွာကုန်စည်ဒိုင်ဈေးကွက်မှာလည်း တစ်အိတ်ကို ကျပ် ၅၇၀၀၀ ရှိပြီး တစ်အိတ်မှာ ကျပ် ၂၅၀၀ ဈေးတက်လာပါတယ်။ ပြည်ကုန်စည်ဒိုင်မှာလည်း တစ်အိတ်ကို ကျပ် ၆၀၀၀၀ ပေါက်ဈေးရှိနေပြီး တစ်အိတ်မှာ ကျပ် ၆၀၀၀ ဈေးတက်လာပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီက ဒီတစ်ပတ် ရန်ကုန်ဈေးကွက်မှာ အတက်ဈေးနဲ့ နှစ်ရက်သာ ဈေးဖွင့်ခဲ့ပြီး ကျန်ရက်တွေမှာ ဈေးမဖွင့်ခဲ့ပါဘူး။ နယ်ဈေးကွက်တွေမှာတော့ အရောင်းအဝယ်က ပုံမှန်ဖြစ်နေပြီး ဈေးတက်နေပါတယ်။ လက်ရှိမှာ အခြားပဲတွေက ဈေးကျဆင်းနေခဲ့ပေမယ့် ပဲစင်းငုံနီက လက်ကျန်နည်းလာလို့ အရောင်းအဝယ်ပြန်သွက်လာခဲ့ပြီး ဈေးက အနည်းငယ်တက်လာခဲ့တာဖြစ်ပါတယ်။

မုံရွာဈေးကွက်မှာ ပဲစင်းငုံနီတစ်တင်းကို ကျပ် ၁၄၂၅၀ ဈေးနဲ့ တစ်တင်းမှာ ကျပ် ၄၀၀ ခန့် ဈေးတက်လာခဲ့ပါတယ်။ ပခုက္ကူကုန်စည်ဒိုင်မှာတော့ ကျပ် ၁၄၆၀၀ ဈေးနဲ့ တစ်တင်းမှာ ကျပ် ၁၂၀၀ တက်လာခဲ့ပြီး ပြည်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၁၃၅၀၀ နဲ့ ကျပ် ၅၀၀ ဈေးတက်လာခဲ့ပါတယ်။

**ပဲတီစိမ်း**

ပဲတီစိမ်းကတော့ လက်ရှိမှာ ဆက်တိုက် ဈေးတွေကျဆင်းနေခဲ့ပါတယ်။ ဝယ်ယူမှုပုံမှန်ရှိနေပေမယ့် ဈေးလျှော့ဝယ်ယူမှုတွေကြောင့် ဈေးကျဆင်းနေခဲ့တာဖြစ်ပါတယ်။ နယ်ဈေးကွက်အချို့မှာ ဈေးကျဆင်းခဲ့ပေမယ့် ရန်ကုန်ဈေးကွက်မှာတော့ ဈေးက အတက်အကျမတည်ငြိမ်တာ တွေ့ရပါတယ်။

မုံရွာကုန်စည်ဒိုင်မှာ ပဲတီစိမ်းတစ်တင်းကို ကျပ် ၂၄၇၅၀ ကနေ ၂၇၀၀၀ ခန့် ပေါက်ဈေးရှိပြီး တစ်တင်းမှာ ကျပ် ၁၀၀၀ ဈေးကျဆင်းသွားခဲ့ပါတယ်။ နေပြည်တော်ကုန်စည်ဒိုင်မှာတော့ ကျပ် ၂၅၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းမှာ ကျပ် ၁၀၀၀ ဈေးကျပါတယ်။ ပခုက္ကူကုန်စည်ဒိုင်မှာလည်း တစ်တင်းကို ကျပ် ၂၉၂၅၀ ပေါက်ဈေးရှိပြီး ဈေးအနည်းငယ်ကျခဲ့ပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၂၆၆၀၀ ပေါက်ဈေးရှိပြီး တစ်တင်းမှာ ကျပ် ၈၀၀ ဈေးတက်လာခဲ့ပါတယ်။

**ကုလားပဲ**

ပြီးခဲ့တဲ့အပတ်က ဈေးတွေတက်ခဲ့တဲ့ ကုလားပဲကတော့ ဒီတစ်ပတ်မှာ ဈေးပြန်ကျသွားပါတယ်။ လက်ရှိမှာ ကုလားပဲဈေးက အဝယ်အပေါ် မူတည်နေတဲ့အတွက် ဈေးက မတည်ငြိမ်ပါဘူး။ တစ်ပတ်အတွင်း အတက်အကျ အပြောင်းအလဲ များနေခဲ့ပါတယ်။ နယ်ကုန်စည်ဒိုင်တွေမှာတော့ အဝယ်ကျဆင်းသွားတဲ့အတွက် ဈေးလည်း ကျဆင်းသွားခဲ့ပါတယ်။

မုံရွာကုန်စည်ဒိုင်မှာ ကုလားပဲလုံးဝါ(ကြီး၊သေး) တစ်တင်းကို ကျပ် ၂၂၀၀၀ ကနေ ၂၄၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းမှာ ကျပ် ၁၀၀၀၊ ကုလားပဲဖြူ(ကြီး၊သေး)က တစ်တင်းကို ကျပ် ၂၄၀၀၀ ကနေ ၂၅၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းမှာ ကျပ် ၁၀၀၀ ဈေးကျသွားပါတယ်။ မြင်းခြံကုန်စည်ဒိုင်မှာတော့ ကုလားပဲလုံးဝါ(ကြီး)က တစ်တင်းကို ကျပ် ၂၄၇၀၀ ပေါက်ဈေးရှိပြီး တစ်တင်းမှာ ကျပ် ၇၀၀၊ ကုလားပဲလုံးဖြူ(ကြီး)က တစ်တင်းကို ကျပ် ၂၃၃၀၀ ပေါက်ဈေးရှိပြီး တစ်တင်းမှာ ကျပ် ၇၀၀ ဈေးကျဆင်းသွားပါတယ်။

ပခုက္ကူကုန်စည်ဒိုင်မှာတော့ ကုလားပဲလုံးဝါ(ကြီး) တစ်တင်းကို ကျပ် ၂၅၀၀၀ ရှိပြီး တစ်တင်းမှာ ကျပ် ၈၀၀ ဈေးကျသလို ကုလားပဲလုံးဖြူ(ကြီး)က တစ်တင်းကို ကျပ် ၂၃၀၀၀ ရှိပြီး ကျပ် ၁၂၅၀ ဈေးကျပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ ကုလားပဲလုံးဝါ(ကြီး)က တစ်တင်းကို ကျပ် ၂၇၀၀၀ ရှိပြီး တစ်တင်းမှာ ကျပ် ၅၀၀ နဲ့ ကုလားပဲလုံးဖြူ(ကြီး) တစ်တင်းကို ကျပ် ၂၆၅၀၀ ရှိပြီး တစ်တင်းမှာ ကျပ် ၅၀၀ ဈေး ကျဆင်းသွားခဲ့ပါတယ်။ ။

# မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

**အသင်း၏ရည်ရွယ်ချက်များ**

၂၀။ ဤဥပဒေ၏ ပုဒ်မ ၁၉ အရ ဖွဲ့စည်းထားသော အသင်း၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်အတွင်း လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ပြုစုပျိုးထောင်ရန်နှင့် လုပ်ထုံးလုပ်နည်း တိုးတက်ကောင်းမွန်လာစေရန်၊

(ခ) လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအကြား လုပ်ငန်းပိုင်းဆိုင်ရာနှင့် အပြုအမူပိုင်းဆိုင်ရာ ကျင့်ဝတ်များ လိုက်နာမှုအားကောင်းလာစေရန်၊

(ဂ) မြီရှင်များနှင့် မြီစားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ၏ ဝန်ဆောင်မှုများကို မြှင့်တင်ရန်၊

(ဃ) လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများကို ဥပဒေနှင့်အညီ ကြီးကြပ်နိုင်ရေးအတွက် မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(င) မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီကထုတ်ပြန်သည့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(စ) မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီသည် ယင်း၏ လုပ်ငန်းတာဝန်များကို အသင်းသို့ လွှဲပြောင်းပေးအပ်ပါက အသင်းသည် ကောင်စီသို့ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များအတိုင်း ဆောင်ရွက်ရန်၊

(ဆ) နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည်နှင့်အညီ သက်ဆိုင်သည့်ကိစ္စရပ်များတွင် ကောင်စီသို့ အကြံပြုရန်။

**အသင်းဝင်ဖြစ်မှု**

၂၁။ (က) မည်သူမဆို လက်ရှိအသင်းဝင်မဟုတ်ပါက လုပ်ငန်းဆောင်ရွက်ခွင့်လက်မှတ်ကို ကိုင်ဆောင်ခွင့်မရှိသည့်အပြင် ပုဒ်မ ၁၂ အရ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် မှတ်ပုံတင်ခွင့်မရှိစေရ။

(ခ) အသင်းသည်အသင်းဝင်အဖြစ် ပါဝင်မည့်သူများနှင့် စပ်လျဉ်းသည့် သတ်မှတ်ချက်များကို ပြုလုပ်ရမည်။ အဆိုပါ သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် စံချိန်စံနှုန်းများနှင့် လိုအပ်ချက်များ၊ စဉ်ဆက်မပြတ် လေ့လာဆည်းပူးရန်နှင့် ကျွမ်းကျင်သူအဖြစ် လိုက်နာရမည့် ကျင့်ဝတ်ပိုင်းအရ သတ်မှတ်ချက်များကို ထည့်သွင်းရေးဆွဲပြဋ္ဌာန်းရမည်။

(ဂ) မည်သည့်အသင်းဝင်မဆို ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က) ကိုမလိုက်နာပါက ထိုသူအားအသင်းဝင်အဖြစ်လက်ခံခြင်း သို့မဟုတ် သက်တမ်းတိုးခြင်းကို ခွင့်မပြုရ။ အသင်းဥက္ကဋ္ဌသည် မည်သည့်အချိန်၌မဆို အသင်းဝင်တစ်ဦးဦးသည် ယင်းသို့လိုက်နာကြောင်း အထောက်အထား တင်ပြဆင့်ဆိုနိုင်ပြီး ထိုသို့ တင်ပြရန် ပျက်ကွက်ပါက ၎င်း၏ အသင်းဝင်ဖြစ်မှုကို ပယ်ဖျက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ပြုနိုင်သည်။

(ဃ) အသင်းသည် လျှောက်ထားသူနှင့် ပတ်သက်၍ ကောင်စီသို့ အောက်ပါအခြေအနေတစ်ရပ်ရပ်ကိုမပျက်မကွက် အစီရင်ခံတင်ပြရမည်-

(၁) အသင်းဝင်အဖြစ် ခွင့်ပြုထားပြီးဖြစ်ကြောင်း၊ သို့မဟုတ်

(၂) အသင်းဝင်အဖြစ်မှ နုတ်ထွက်ပြီးကြောင်း သို့မဟုတ် လစ်လပ်ပြီးဖြစ်ကြောင်း၊ သို့မဟုတ်

(၃) အသင်းဝင်ဖြစ်ခြင်းမှ သက်တမ်းကုန်ဆုံးပြီး သို့မဟုတ် ပယ်ဖျက်ပြီး သို့မဟုတ် ရုပ်သိမ်းပြီးဖြစ်ကြောင်း။

(င) မည်သူမဆို-

(၁) အသင်းဝင်အဖြစ် လျှောက်ထားမှုကို ငြင်းပယ်ခြင်းခံရလျှင်၊ သို့မဟုတ်

(၂) အသင်းဝင်သက်တမ်း ကုန်ဆုံးသွားလျှင် သို့မဟုတ် ၎င်း၏ ဆန္ဒမပါဘဲပယ်ဖျက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင် အသင်း၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ပယ်ဖျက်ပေးရန် ကောင်စီသို့ လျှောက်ထားနိုင်သည်။

**အခန်း (၆)**

**နစ်နာမှုနှင့်စုံစမ်းစစ်ဆေးခြင်း**

**လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများကြောင့်ဖြစ်သော နစ်နာမှုများ**

၂၂။ (က) မည်သူမဆို လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူတစ်ဦး၏ အလွဲပြုမှုဆောင်ရွက်မှုကြောင့် ဖြစ်စေ၊ ကျင့်ဝတ်နှင့်မညီသောဆောင်ရွက်မှုကြောင့်ဖြစ်စေ ထိခိုက်နစ်နာခဲ့လျှင် ကောင်စီကသတ်မှတ်ထားသည့် အချိန်အတွင်း၊ သတ်မှတ်သည့် နည်းလမ်းနှင့်အညီ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ စည်းကမ်းထိန်းသိမ်းရေးကော်မတီသို့ တိုင်တန်းလျှောက်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ စည်းကမ်းထိန်းသိမ်းရေးကော်မတီသို့ တိုင်တန်းမှုတွင် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူက ဆန့်ကျင်ဆောင်ရွက်ခဲ့သည်ဆိုသော စွပ်စွဲချက်နှင့် သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များ သို့မဟုတ် ၎င်းက ချိုးဖောက်ခဲ့သည်ဆိုသော စွပ်စွဲချက်နှင့် သက်ဆိုင်သည့် စံနှုန်းများ၊ အမိန့်များ လုပ်ငန်းဆိုင်ရာကျင့်ဝတ်များကို အသေးစိတ်ဖော်ပြနိုင်သည်။ သို့ရာတွင် ထိုသို့ဖော်ပြထားမှု မရှိခြင်းကို အကြောင်းပြု၍ တိုင်တန်းမှုအား ပယ်ချခြင်းမပြုရ။

(ဂ) အသင်းသည် ပုဒ်မခွဲ (က) တွင်ဖော်ပြထားသည့် တိုင်တန်းမှုကို လက်ခံရရှိလျှင် မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ စည်းကမ်းထိန်းသိမ်းရေးကော်မတီသို့ ချက်ချင်းလွှဲပြောင်းပေးပို့ရမည်။

**တိုင်တန်းမှုများကို အသင်းအား စုံစမ်းစစ်ဆေးစေခြင်း**

၂၃။ (က) မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် ပုဒ်မ ၂၂ အရ တိုင်တန်းမှုကို လက်ခံရရှိသည့်အခါ တိုင်တန်းခံရသူအပေါ် စုံစမ်းစစ်ဆေးရန် အသင်းကို ညွှန်ကြားနိုင်သည်။

(ခ) အသင်းသည် ပုဒ်မခွဲ (က) အရ ဆောင်ရွက်သည့် စုံစမ်းစစ်ဆေးမှုကို ကောင်စီက သတ်မှတ်ထားသည့် အချိန်အတွင်း သတ်မှတ်ထားသည့် ပုံစံအတိုင်း ဆောင်ရွက်ရမည်။

(ဂ) စုံစမ်းစစ်ဆေးမှု ဆောင်ရွက်စဉ်အတွင်း အသင်းသည် သက်ဆိုင်ရာ စာရွက်စာတမ်း၊ မှတ်တမ်း သို့မဟုတ် အချက်အလက်များကို လက်ဝယ်ရှိသူ တစ်ဦးဦးထံမှ ယင်းတို့ကို တောင်းခံနိုင်ပြီး ထိုသူမှလည်း ပေးအပ်ရမည်။

(ဃ) အသင်းသည် ဤပုဒ်မအရ ရရှိသည့် စာရွက်စာတမ်း၊ မှတ်တမ်း သို့မဟုတ် အချက်အလက်တစ်ရပ်ရပ်ကို အသင်း၏ ထိန်းသိမ်းမှုအောက်တွင်ထားရှိရန် လိုအပ်သည်ဟု ထင်မြင်ယူဆသည့်အချိန်အထိ ထိန်းသိမ်းထားရမည်ဖြစ်ပြီး စုံစမ်းစစ်ဆေးမှု သို့မဟုတ် ကြားနာမှု ပြီးဆုံးပါက အပ်နှံသူထံ ပြန်လည်ပေးအပ်ရမည်။

(င) ပုဒ်မ ၂၂ အရ တိုင်တန်းခံရသူသည် ဥပဒေ၊ နည်းဥပဒေ သို့မဟုတ် စည်းမျဉ်းစည်းကမ်း၏ ပြဋ္ဌာန်းချက်တစ်ခုခုကို ချိုးဖောက်ခဲ့ကြောင်း သို့မဟုတ် ကောင်စီက ထုတ်ပြန်ထားသည့် သတ်မှတ်စံချိန်စံနှုန်း သို့မဟုတ် လမ်းညွှန်ချက်တစ်ခုခုကို ဖောက်ဖျက်ခဲ့ကြောင်း သို့မဟုတ် အသင်းကထုတ်ပြန်ထားသည့် စည်းကမ်း သို့မဟုတ် ကျင့်ဝတ်ကို ချိုးဖောက်ကြောင်း ယုံကြည်ရန်သင့်လျော်သည့် အကြောင်းရှိသည် မရှိသည် စသည့် သုံးသပ်ချက်များ ပါဝင်သည့် အစီရင်ခံစာကို အသင်းသည် ကော်မတီသို့ တင်ပြရမည်။

**အသင်း၏အစီရင်ခံစာအရ စည်းကမ်းထိန်းသိမ်းရေးကော်မတီက အရေးယူဆောင်ရွက်ခြင်း**

၂၄။ (က) ဤအခန်းအရ တိုင်ကြားစာနှင့် ယင်းတိုင်ကြားစာအပေါ် အသင်းက တင်ပြသည့်အစီရင်ခံစာကို စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ဆုံးဖြတ်ရမည်။

(ခ) ကောင်စီ သို့မဟုတ် ယင်း၏ လွှဲအပ်ထားသည့် အခွင့်အာဏာအရ ဆောင်ရွက်နေသည့် စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(၁) အသင်းသို့ ထပ်မံစုံစမ်းစစ်ဆေးရန် ညွှန်ကြားခြင်း အပါအဝင် ဆက်လက်စုံစမ်းမှုများ ဆောင်ရွက်နိုင်သည်၊ ထို့အပြင်

(၂) တိုင်တန်းခံရသူထံ အကြောင်းပြထုချေရန် အကြောင်းကြားစာပေးပို့နိုင်သည်။

(ဂ) စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် တိုင်တန်းခံသူအပေါ် စွပ်စွဲချက်များအား ဖြေရှင်းရန် ကျိုးကြောင်းဆီလျော်သော အခွင့်အရေးကိုပေးပြီးနောက် လုံလောက်သည့် အကြောင်းရင်းရှိသည်ဟု ကျေနပ်လျှင်-

(၁) လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ၏ မှတ်ပုံတင်လက်မှတ်အပေါ် စည်းကမ်းများ သို့မဟုတ် ကန့်သတ်ချက်များ သတ်မှတ်နိုင်ပြီး ယင်းတို့ကို လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ၏ မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားရှိရန် မှတ်ပုံတင်အရာရှိအား ညွှန်ကြားနိုင်သည်။

(၂) လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ၏ မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်နိုင်ပြီး မှတ်ပုံတင်စာရင်းမှ ၎င်း၏ အမည်ကို ဖယ်ရှားရန် မှတ်ပုံတင်အရာရှိအား ညွှန်ကြားနိုင်သည်။

(၃) အောက်ပါကိစ္စရပ်များ ဖြစ်ပေါ်လာလျှင် မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီ သို့မဟုတ် ယင်းကလွှဲအပ်ထားသည့် အခွင့်အာဏာအရ ဆောင်ရွက်နေသည့် စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် တရားရုံးသို့ တရားစွဲဆိုတင်ပို့နိုင်ပြီးတရားရုံးသည် အောက်ပါအတိုင်း အမိန့်ချမှတ်နိုင်သည်-

(ကက) ဥပဒေ သို့မဟုတ် နည်းဥပဒေကို ဆန့်ကျင်သော ကိစ္စရပ်ဖြစ်လျှင် ထိုလူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူကို ငွေဒဏ်ချမှတ်စေရန်၊

(ခခ) ဥပဒေ သို့မဟုတ် နည်းဥပဒေကို ချိုးဖောက်ပြီး ပြုလုပ်သည့် ဆောင်ရွက်မှုတစ်ခုကြောင့် ဥပဒေနှင့်မညီသော ရယူမှုရှိခဲ့သည့် သို့မဟုတ် ဆုံးရှုံးမှုကို လွှဲရှောင်ခဲ့သည့် သူတစ်ဦးအား ထိုဥပဒေနှင့်မညီသောရယူမှု သို့မဟုတ် လွှဲရှောင်ခဲ့သည့် ဆုံးရှုံးမှုပမာဏအတိုင်း ပြန်လည်ပေးဆောင်စေရန်၊

(ဂဂ) ထိုဖောက်ဖျက်မှုကြောင့် ဆုံးရှုံးမှုခံစားရသူကို ထိုသို့ပေးဆောင်သည့် ငွေပမာဏမှ လျော်ကြေးပေးစေရန်။

**တရားရုံးသည် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများနှင့်ပတ်သက်၍ အမိန့်များချမှတ်နိုင်ခြင်း**

၂၅။ (က) ဤဥပဒေအရလူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများက ၎င်းတို့၏ တာဝန်နှင့် ဝတ္တရားများကို ဆောင်ရွက်ခြင်း၊ ဥပဒေအရ ရရှိသော လုပ်ပိုင်ခွင့်အာဏာများကို ကျင့်သုံးခြင်းနှင့်ပတ်သက်၍ ကြီးကြပ်ရန်အတွက် တရားရုံးသည် လိုအပ်သောအမိန့်များကို ချမှတ်နိုင်သည်။

(ခ) မိမိ၏ ကိုယ်ပိုင်ဆင်ခြင်တုံတရားအရ ဖြစ်စေ၊ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ သို့မဟုတ် မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ လျှောက်ထားချက်အရဖြစ်စေ မိမိရှေ့သို့ ရောက်ရှိလာသော အမှုများတွင် တရားရုံးသည် ပုဒ်မခွဲ (က) ပါ အာဏာများကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အား မဆန့်ကျင်စေဘဲ တရားရုံးသည် ဤအပိုင်းပါ ပြဋ္ဌာန်းချက်များအရ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီ၏ ကြီးကြပ်ရန်တာဝန်နှင့် ဝတ္တရားတို့ကို အထောက်အကူဖြစ်စေရန်အလို့ငှာ အမိန့်ချမှတ်နိုင်သည်။ သို့မဟုတ် လိုအပ်သလို ညွှန်ကြားနိုင်သည်။

(ဃ) မည်သည့်အချိန်တွင်မဆို တရားရုံးသည် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးအား ဤဥပဒေအရ ၎င်းမှ ကိုင်တွယ်ဆောင်ရွက်ရန် ခန့်အပ်ခဲ့သော လူမွဲခံယူခြင်းဆိုင်ရာ ဆောင်ရွက်မှုများနှင့်ပတ်သက်၍ လည်းကောင်း သို့မဟုတ် အခြားသူအား ကျမ်းကျိန်ဆိုစေလျက် စစ်မေးနိုင်သည့်အပြင် ထိုလူမွဲခံယူခြင်းဆိုင်ရာ ဆောင်ရွက်မှုများနှင့်ပတ်သက်၍ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ၏ ငွေစာရင်းစာအုပ်များကို စစ်ဆေးနိုင်သည်။

(င) မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ လျှောက်ထားချက်အရ တရားရုံးသည် ပုဒ်မ ၂၄ (ဂ) တွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်။

**စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ဆုံးဖြတ်ချက်ကို နစ်နာသူက ကောင်စီသို့ လျှောက်ထားခြင်း**

၂၆။ (က) ပုဒ်မ ၂၂ အရ လက်ခံရရှိသည့် တိုင်ကြားမှုနှင့် ပတ်သက်၍ စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ဆုံးဖြတ်ချက်အရ နစ်နာသူသည် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီ၏ အဆုံးအဖြတ်ခံယူရန် လျှောက်ထားခွင့်ရှိသည်။

(ခ) ဤပုဒ်မအရ ကောင်စီသို့ လျှောက်ထားရာတွင် ကော်မတီက ထိုကိစ္စရပ်ဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ပြီးနောက် နစ်နာသူထံ အကြောင်းကြားပြီးသည့်နေ့မှစ၍ ၂၈ ရက်အတွင်း လျှောက်ထားရမည်။

(ဂ) ဤပုဒ်မအရ လျှောက်ထားမှုကို လက်ခံကြားနာနေဆဲအချိန်တွင် ကောင်စီသည် ပုဒ်မ ၂၄၊ ပုဒ်မခွဲ (ဂ) အရ စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ အရေးယူဆောင်ရွက်ခဲ့မှုတစ်ရပ်ရပ်ကို ဆိုင်းငံ့ရန် အမိန့်ချမှတ်နိုင်သည့်အပြင် ပုဒ်မ ၂၄ ပုဒ်မခွဲ (ဂ) ၏ပုဒ်မခွဲငယ် (၁) သို့မဟုတ် (၂) အရ စည်းကမ်းထိန်းသိမ်းရေးကော်မတီက ပေးပို့သော အကြောင်းကြားစာ သို့မဟုတ် ညွှန်ကြားချက်အား ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် မှတ်ပုံတင်အရာရှိအပေါ် တားမြစ်မိန့်ထုတ်ဆင့်နိုင်သည်။

(ဃ) ကောင်စီသည်-

(၁) စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်၊

(၂) ယင်းကိစ္စကို ထပ်မံစုံစမ်းရန် စည်းကမ်းထိန်းသိမ်းရေးကော်မတီသို့ ပြန်လည်ပေးပို့နိုင်သည်။

(င) ကောင်စီ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ Power Transformer များကို (နိုင်ငံခြားငွေ-USD) DDP (At Site) ဖြင့် ဝယ်ယူလိုပါသည်-

(က) 230/33/11 kV, 20 MVA Single Phase Power Transformer (1) No
(ခ) 230/33/11 kV, 100 MVA Three Phase Power Transformer (5) Nos
(ဂ) 132/66/11 kV, 100 MVA Three Phase Power Transformer (1) No
(ဃ) 132/33/11 kV, 100 MVA Three Phase Power Transformer (2) Nos

၂။ အိတ်ဖွင့်တင်ဒါအား ၉-၁၁-၂၀၁၈ ရက် ၁၄း၀၀နာရီတွင် နောက်ဆုံးထား၍ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်၂၇၊ နေပြည်တော်သို့ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (www.moee.gov.mm)တွင် ဝင်ရောက်ကြည့်ရှု၍ အခမဲ့ download ဆွဲယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းဆောင်ရွက်မည့် ကျေးလက်ကုန်ထုတ်လမ်းလုပ်ငန်းများနှင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများအား အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို ၁၉-၁၀-၂၀၁၈ ရက်မှ ၉-၁၁-၂၀၁၈ ရက်အထိ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ၁၆-၁၁-၂၀၁၈ ရက် ၁၆း၀၀ နာရီနောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။

၃။ တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် တင်ဒါတင်သွင်းရမည့်လိပ်စာမှာ နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒက္ခိဏသီရိမြို့နယ်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုသော အချက်အလက်များအား ၁၅-၁၀-၂၀၁၈ ရက်မှစ၍ နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးဖုန်း-၀၆၇-၈၁၀၆၁၈၆၊ ၀၆၇-၈၁၀၆၁၈၇သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောက်လုပ်နိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရုံးအမှတ် (၃၂)၊ နေပြည်တော်တွင် စတိုအဆောက်အအုံ (၅၀'×၅၀'×၂၀') (၁)လုံး ဆောက်လုပ်ခြင်း၊
(ခ) ရုံးအမှတ် (၃၂)၊ နေပြည်တော်တွင် အဝီစိရေတွင်း (၄"×၄၀၀') (၁)တွင်း တူးဖော်ခြင်း၊

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များကို ရုံးအမှတ် (၃၂)၊ နေပြည်တော်၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တို့တွင် တင်ဒါပုံစံ(၁)စောင်လျှင် ၅၀၀၀ိ/ (ကျပ်ငါးထောင်တိတိ)ဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံရောင်းမည့်ရက်** - ၁၈-၁၀-၂၀၁၈ရက်မှ ၁၃-၁၁-၂၀၁၈ ရက်အထိ (ရုံးချိန်အတွင်း)
၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်
၅။ **တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၁၄-၁၁-၂၀၁၈ရက်၊ ၁၃း၀၀နာရီ
၆။ **ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၄၀၆၀၈၈၊ ၀၆၇-၄၀၆၂၆၅၊ ၀၁-၆၅၁၄၁၂

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မွန်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## ပထမအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ မော်လမြိုင်ခရိုင်၊ သထုံခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနများတွင် ပြည်ထောင်စု/ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်းတံတားလုပ်ငန်းများအတွက် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသဖြင့် တရားဝင်မြန်မာနိုင်ငံသား ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁၅-၁၀-၂၀၁၈ရက်မှ ၁၃-၁၁-၂၀၁၈ ရက်ထိ ရုံးချိန်အတွင်း။
၃။ **တင်ဒါလျှောက်လွှာဝယ်ယူနိုင်သည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့။ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ သထုံခရိုင်၊ သထုံမြို့။
၄။ **တင်ဒါဖွင့်မည့်ရက်** - ၁၄-၁၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**မော်လမြိုင်ခရိုင်၊ ဖုန်း-၀၅၇-၂၀၂၅၈၂၇**
**သထုံခရိုင် ဖုန်း-၀၉-၄၃၁၉၁၄၃၉**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေမှ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် အောက်ပါပစ္စည်းများအားမြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်းတို့အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) စက်ကိရိယာပစ္စည်းများ (၂၀) မျိုး
(ခ) ရုံးအသုံးအဆောင်ပစ္စည်းများ (၁၄) မျိုး
(ဂ) လုံခြုံမှုအဆင့်အတန်းဝင်ပုံနှိပ်ပုံစံများ (၁၂) မျိုး

၂။ တင်ဒါခေါ်ယူသည့်အကြောင်းအရာနှင့် စံချိန်စံညွှန်းအရည်အသွေးသတ်မှတ်ချက်များ၊တင်ဒါတင်သွင်းသူ၏ အရည်အချင်းဆိုင်ရာလိုအပ်ချက်များ၊ တင်ဒါစာရွက်စာတမ်းများအတွက် ကျသင့်သည့်စျေးနှုန်း၊ တင်ဒါတင်သွင်းရမည့် နည်းလမ်းများကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၉) နေပြည်တော်တွင် ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၅-၁၀-၂၀၁၈ ရက်မှ ၁၂-၁၁-၂၀၁၈ရက်ထိ (ရုံးချိန်အတွင်း)
**တင်ဒါတင်သွင်းရမည့်ရက်** - ၁၅-၁၀-၂၀၁၈ ရက်မှ ၁၃-၁၁-၂၀၁၈ရက်ထိ မွန်းလွဲ ၁၄း၀၀ နာရီထိ (ရုံးချိန်အတွင်း)
**တင်ဒါဖွင့်လှစ်မည့်ရက်** - ၁၉-၁၁-၂၀၁၈ရက် (တနင်္လာနေ့) နံနက်၁၀း၀၀ နာရီ
**တင်ဒါဖွင့်လှစ်မည့်နေရာ** - ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ၊ နေပြည်တော်

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၄၀၅၃၆၂၊ ၀၆၇-၄၀၅၁၈၅၊ ၀၆၇-၄၀၅၀၉၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## စက်မှုနည်းပညာ လေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း
## School of Industrial Training and Education (SITE)
## သင်တန်းသားသစ်များခေါ်ယူခြင်း

ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ Sea Lion ကုမ္ပဏီနှင့်မိတ်ဖက် ဂျာမန်၊ ဩစတြီးယား ကုမ္ပဏီများပူးပေါင်း၍ စက်မှုနည်းပညာ လေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း (SITE)တွင် ကာလတိုသင်တန်းများဖြစ်သည့် အောက်ဖော်ပြပါသင်တန်းများအား ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပါသည်-

၁။ **ဖွင့်လှစ်သင်ကြားမည့်သင်တန်းများ**
(က) Certificate in industrial Technologies
(ခ) Certificate in Woodworking
(ဂ) Advanced Certificate in industrial Automation
(ဃ) Advanced Certificate in CNC Production Technology
(င) Advanced Certificate in Water and Wastewater Management

၂။ လျှောက်ထားသူများသည် အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံရမည် ဖြစ်ပါသည်-

အမှတ်စဉ်(က)သင်တန်းအတွက် လျှောက်ထားသူသည်တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒဘာသာရပ်များပါဝင်သည့် မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်သူများ၊ အနိမ့်ဆုံးအဆင့် G.T.H.S(EcT, ET,MT,AMT,RACT,IT, MPT)နှင့် ITC(Machine Tools Operator, Machinery Fitter,Tools & Die Maker, Mechanical Draftsman, Pattern Maker, Automobile Mechanic, Electrician, Electronics Mechanic, CAD/CAM, CNC Operator, Welder, Foundry Man)သင်တန်းတက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

အမှတ်စဉ်(ခ) သင်တန်းအတွက် လျှောက်ထားသူသည် တက္ကသိုလ်စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒဘာသာရပ်များပါဝင်သည့် မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်သူများနှင့် G.T.H.S(BT)သင်တန်းတက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

အမှတ်စဉ်(ဂ) သင်တန်းအတွက် လျှောက်ထားသူသည်အနိမ့်ဆုံးအဆင့် A.G.T.I (EC,EP, Mechanical IT) အောင်လက်မှတ်ရရှိထားသူများနှင့် Certificate in industrial Technologies သင်တန်းတက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

အမှတ်စဉ်(ဃ) သင်တန်းအတွက်လျှောက်ထားသူသည် အနိမ့်ဆုံးအဆင့် ITC (Machine Tools Operator, Tools & Die Maker, CAD/CAM, CNC Operator)၊ A.G.T.I(Mechanical) အောင်လက်မှတ်ရရှိထားသူများ၊ Certificate in industrial Technologies နှင့် Advanced Certificate in industrial Automation သင်တန်းတက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

အမှတ်စဉ်(င) သင်တန်းအတွက် လျှောက်ထားသူသည် အနိမ့်ဆုံးအဆင့် A.G.T.I (Civil, EC, Mechanical) အောင်လက်မှတ်ရရှိထားသူများ၊ Advanced Certificate in industrial Automation သင်တန်းတက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၃။ သင်တန်းအားလုံးအတွက် လျှောက်ထားသူများသည် နည်းပညာနှင့်သက်မွေးလုပ်ငန်းသဘောနှင့် လိုက်လျောညီထွေဖြစ်ရမည့်အပြင် ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။ ပဏာမရွေးချယ်ခံရပြီးသူများ interview ဖြေဆိုရမည်ဖြစ်သည်။ သင်တန်းကာလ(၄)လ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြုအောင်လက်မှတ်(Certificate)ရရှိမည်ဖြစ်ပါသည်။ Certificate In Industrial Technologies, Advanced Certificate in Industrial Automation, Advanced Certificate in Water and Wastewater Management သင်တန်းများအတွက် ဂျာမန် FESTO Company မှကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်ပါရရှိမည်ဖြစ်ပါသည်။

၄။ လျှောက်ထားသူများသည် လျှောက်လွှာနှင့်အတူ သက်ဆိုင်ရာအောင်လက်မှတ်မိတ္တူ၊ အမှတ်စာရင်းမိတ္တူ၊ ကျောင်းသား၏ မှတ်ပုံတင်မိတ္တူတို့အား ပူးတွဲ လျှောက်ထားရမည်ဖြစ်ပြီး လျှောက်ထားသည့်အချိန်တွင် သက်ဆိုင်ရာအောင်လက်မှတ်မူရင်း၊ အမှတ်စာရင်းမူရင်း၊ ကျောင်းသား၏မှတ်ပုံတင်မူရင်းတို့အား တစ်ပါတည်း တင်ပြနိုင်ရမည်။ မှတ်ပုံတင်မရှိပါက (၃)လအတွင်း ပြုလုပ်ထားသော ရပ်ကွက်၊ ရဲစခန်းထောက်ခံစာမူရင်းနှင့်တကွ ပူးတွဲလျှောက်ထားနိုင်ပါသည်။

၅။ **သင်တန်းဖွင့်လှစ်မည့်ရက်** - ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၃ရက်
**သင်တန်းဖွင့်လှစ်မည့်နေရာ** - စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း(SITE)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
**ဆက်သွယ်စုံစမ်းရန်ဖုန်း** - ၀၁-၅၅၆၆၂၅၊ ၀၁-၅၅၇၃၇၂၊ ၀၉-၂၅၅၅၆၁၁၉၁

၆။ လျှောက်လွှာများကို ၁၅-၁၀-၂၀၁၈ရက်မှ ၃၁-၁၀-၂၀၁၈ရက်အထိ ရုံးဖွင့်ရက်များတွင် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ရယူလျှောက်ထားနိုင်ပြီး ၃၁-၁၀-၂၀၁၈ရက် နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် အောက်ပါတည်ဆောက်ရေးလုပ်ငန်းအား ဆောင်ရွက်ရန်ရှိသဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**"ဒုတိယပါမောက္ခချုပ်(သင်ကြား) ကျောင်းဆောင်၊ (အလျား ၆၀'၊အနံ၄၀'၊ အမြင့်၁၂'(နှစ်ထပ်)၊ သံကွန်ကရစ်) အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း။"**

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်နှင့်အချက်အလက်များအား အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်းရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၅၀၇၀၇ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

(က) **တင်ဒါရောင်းချမည့်ရက်နှင့်နေရာ** - ၁-၁၀-၂၀၁၈ရက်မှ ၃၀-၁၀-၂၀၁၈ရက်အထိ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
(ခ) **တင်ဒါတင်သွင်းရမည့်နေ့ရက်၊ အချိန်နှင့်နေရာ** - ၃၁-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအတွင်း။ ရုံးအမှတ်(၃၁)၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ နေပြည်တော်
(ဂ) **တင်ဒါဖွင့်မည့်နေ့ရက်၊ အချိန်နှင့်နေရာ** - ၃၁-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့်၁၂နာရီ ရုံးအမှတ်(၃၁)၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ နေပြည်တော်

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
## (၁/၂၀၁၈-၂၀၁၉) အိတ်ဖွင့်တင်ဒါ(Open Tender)ဒုတိယအကြိမ်ခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် ပုသိမ်ကြီးမြို့ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးရုံးချုပ် ရုံးဝင်းအတွင်းတွင် သုံးထပ်ဆောင်ရုံးအဆောက်အအုံ (၁၂၀'×၃၆'၊RC Type)တစ်လုံးဆောက်လုပ်ရန်အတွက် စိတ်ဝင်စားသည့် ပြည်တွင်းလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ဦးစီးရုံးချုပ်၊ စီမံခန့်ခွဲရေးဌာန၊ ပုသိမ်ကြီးမြို့တွင်ရောင်းချလျက်ရှိပြီး၊ (၂၆-၁၀-၂၀၁၈)ရက် ညနေ ၄း၃၀နာရီတွင် နောက်ဆုံးထား၍ လာရောက်ပေးသွင်းရမည်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောအဆိုပြုလွှာများကိုထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အချက်အလက်များကို အသေးစိတ်သိရှိလိုပါကအပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန Website ဖြစ်သော www.dryzonegreening.gov.mmတွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၂-၅၇၀၃၈၊ ၀၉-၄၄၄၀၂၃၃၇၂ သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန**

## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ လမ်း-တံတားတည်ဆောက်/ထိန်းသိမ်းရေးလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် အောက်ဖော်ပြပါစက်ယန္တရားများကို မြန်မာကျပ်ငွေဖြင့် လမ်းဦးစီးဌာန၊ ဦးစီးအရာရှိ (စက်မှု)ရုံး၊ ရွှေညောင်မြို့အရောက် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်။

| စဉ် | စက်ပစ္စည်းအမျိုးအမည် | အရေအတွက် | Country of Origin | မှတ်ချက် |
|---|---|---|---|---|
| ၁ | Back hoe Loader (8) Ton | 1 No | Japan, USA, Europe | 1 Lot |
| ၂ | Vibratory Roller (14)Ton Smooth Drum with Sheep foot | 1 No | China | 1 Lot |

၁။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၅-၁၁-၂၀၁၈ရက်မှ ၁၄-၁၁-၂၀၁၈ ရက်ထိ နံနက် ၀၉း၀၀နာရီမှ မွန်းလွဲ ၁၆း၀၀ နာရီ ရုံးချိန်အတွင်း
၂။ **တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** - ၁၅-၁၁-၂၀၁၈ရက် မွန်းလွဲ ၁၆း၀၀နာရီ
၃။ **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၁၆-၁၁-၂၀၁၈ရက်၊ မွန်းလွဲ ၁၃း၃၀နာရီ
၄။ **တင်ဒါဖွင့်လှစ်မည့်နေရာ** - ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့

အသေးစိတ်သိရှိလိုပါက လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးသို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၂၁၂၁၀၁၆၊ ၀၈၁-၂၁၂၁၁၆၂၊ ၀၉-၂၀၂၈၄၈၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း နှစ် (၇၀)ပြည့် အထိမ်းအမှတ်အဖြစ် ပိုစတာပြိုင်ပွဲသို့ ပေးပို့ယှဉ်ပြိုင်ရန် ပြိုင်ပွဲဝင်များအား ဖိတ်ခေါ်ခြင်း

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် ပိုစတာပြိုင်ပွဲကို ပြိုင်ပွဲခေါင်းစဉ် လူ့အခွင့်အရေး ရပ်တည်ပေး (Stand Up for Human Rights) အောက်မှ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ ပန်းချီနှင့် Graphic Design များဖြင့် ၁၅-၁၁-၂၀၁၈ရက်နောက်ဆုံးထား၍ ပေးပို့ယှဉ်ပြိုင်နိုင်ပြီး ရွေးချယ်ရေးအဖွဲ့မှ စိစစ်ရွေးချယ်ကာ ဆုများချီးမြှင့်သွားမည်ဖြစ်ပါသည်။ ပြိုင်ပွဲဝင်စည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာန၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး ဖုန်း-၀၁-၆၅၄၆၇၈သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြိုင်ပွဲကျင်းပရေး၊ မှတ်တမ်းနှင့် သတင်းထုတ်ပြန်ရေးဆပ်ကော်မတီ**
**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး**

## မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စိန်ပန်းရပ် မစိုးရိမ်တိုက်သစ် စာအောင်ဆု ထာဝရငွေပဒေသာပင် ကျပ်သိန်း (၁)သောင်း စီမံကိန်း

**ဆက်သွယ်လှူဒါန်းရန်**
(၁) နာယကဆရာတော်များ ဖုန်း-09-2002625 (-4-3)
(၂) ဦးကင်းဝန် (ဂေါပက) ဖုန်း-09-5302137

အလှူရှင်များ၏ လှူဒါန်းငွေများကို (လစဉ်အလိုက်) သတင်းစာများမှဖော်ပြပေးသွားပါမည်။

| စက်တင်ဘာလအလှူရှင် | | |
|---|---|---|
| ၁ | ဦးမောင်ကို-သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေဥ ထာဝရကုမ္ပဏီနှင့် ရွှေဥသြရွှေဆိုင် မိသားစု မန္တလေးမြို့ | 1000000 |
| ၂ | ဦးတင်ရွှေ-ဒေါ်အေးမြင့် ချိန်တောင်းကုမ္ပဏီ မိသားစု ရန်ကုန်မြို့ | 1000000 |
| ၃ | ကိုဝင်းကို-မခင်နွယ်တင့်၊ သမီး မစောယုနွယ် ငွေစံပယ် အဆင့်မြင့်ပေါင်းသကြားစက်နှင့် သကြားမျိုးစုံရောင်းဝယ်ရေး မိသားစု မလွန် မန္တလေးမြို့ | 1000000 |
| ၄ | ဒေါ်ငွေငွေရီ (ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး) (၅၅)နှစ်ပြည့်မွေးနေ့အလှူ ရန်ကုန်မြို့ | 700000 |
| ၅ | ရန်ကြီးအောင် ဆွမ်းကပ်အဖွဲ့ မြစ်ကြီးနားမြို့ ကချင်ပြည်နယ် | 500000 |
| ၆ | ဦးညွန့်မြိုင်-ဒေါ်သန်းစိန်၊ မြေး လင်းတာရာထွန်း၊ လဝန်းသော်တာထွန်း၊ အေးနေသာထွန်း မိသားစု အရှေ့ရွာသစ်ရွာ၊ ငါန်းဇွန်မြို့နယ် | 300000 |
| ၇ | မိဘနှစ်ပါးအား ရည်စူး၍ ဒေါ်သန်းသန်းရီ၊ ညီမ ဒေါ်ခင်အုန်းရီ၊ မောင် ဦးကြည်ဝင်း၊ သမီး မခင်သက်ဆွေဝင်း မိသားစု ထန်းတပင်ရပ်၊ အမရပူရမြို့ | 200000 |
| ၈ | ကွယ်လွန်သူ ဦးစိုးမြင့်လေးအား ရည်စူး၍ ဒေါ်သန်းသန်းဦး၊ သား မောင်စိုးထက်ဦး၊ မောင်ဝေယံဦး မဦးဂေါတ်ပစ္စည်းဆိုင် မိသားစု မန္တလေးမြို့ | 200000 |
| ၉ | ဦးမြင်ဆွေ-ဒေါ်စိန်လှ မိသားစု ပုသိမ်ညွန့်ရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ | 200000 |
| ၁၀ | ဦးမောင်ကို-ဒေါ်မြခင် ဦးကျောက်လုံးပရဆေးဆိုင် သားသမီးမြေးတစ်စု ဘုရားကြီးဈေး၊ မန္တလေးမြို့ | 200000 |
| ၁၁ | မိခင်ကြီးဒေါ်မြမီအား အမှူးထား၍ သားသမီးမြေးမြစ်တစ်စု ကျော်ကြားကာလာသွပ်ပြားစက်ရုံ ညောင်လေးပင်မြို့ | 200000 |
| ၁၂ | ဒေါ်ထားထား မိသားစု မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့ | 200000 |
| ၁၃ | မိခင်ကြီး ဒေါ်တင်ငွေး(၆-နှစ်ပြည့်)အား ရည်စူး၍ ဖခင်ကြီး ဦးငွေးဝင်း၊ သမီးကြီး ကိုထွန်းထွန်းနိုင်-မကေသွယ်ဝင်း၊ သမီးလတ် ကိုမြတ်သူဟိန်း-မမိုးမိုးဝင်း၊ သမီးငယ် ဒေါက်တာနွယ်နွယ်ငွေးဝင်း မိသားစု မြို့သစ်၊ သင်ပန်းကုန်း၊ မန္တလေးမြို့ | 150000 |
| ၁၄ | ဆရာတော် အရှင်ပဏ္ဍိဝ အောင်ချမ်းသာမဟာစည်ရိပ်သာ၊ (၅၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | 110000 |
| ၁၅ | ဦးသန်းမြင့်-ဒေါ်ဆွေဆွေကျော်၊ ဦးသက်လင်းဟန်-ဒေါ်သိမ့်ဇာဇာစိုး၊ ဦးအောင်ဇော်မြင့်-ဒေါ်မင်းမင်းယု၊ လွင်မျိုးအောင်၊ မင်းခန့်ဇော်၊ မအိမ့်သက်မှူးဟန်(ခ)ကြယ်စင် မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ | 110000 |
| ၁၆ | ဦးတင်ဦး(သမ-ငြိမ်း)-ဒေါ်အေးအေးငွေး မိသားစု ပါဟရပ်ကွက်၊ နောင်ချိုမြို့ | 100000 |
| ၁၇ | ဦးပြုံး-ဒေါ်နုနုရီ မိသားစု ဈေးရပ်၊ နောင်ချိုမြို့ | 100000 |
| ၁၈ | ဦးအောင်မြတ်နှင့်ဇနီး မိသားစု ဈေးရပ်၊ နောင်ချိုမြို့ | 100000 |
| ၁၉ | ဦးမြင့်မော်-ဒေါ်စန္ဒာ မိသားစု တာမွေမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၂၀ | ကွယ်လွန်သူ ဖခင် ဦးပုအိုင် (၂၅-နှစ်ပြည့်)-မိခင် ဒေါ်မေပု (၁၅-နှစ်ပြည့်)၊ အစ်မ ဒေါ်ယဉ်လှ (၂၇-နှစ်ပြည့်)တို့အား ရည်စူး၍ ဒေါ်အေးကြိုင် မိသားစု ရန်ကုန်မြို့ | 100000 |
| ၂၁ | မိဘများဖြစ်သော ဦးအောင်မိုး-ဒေါ်တင်နုတို့အား ရည်စူး၍ ဦးကျော်မင်းနိုင်-ဒေါ်တင်နွယ်အေး သားသမီးမြေးတစ်စု လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၂၂ | ဦးသောင်းငွေး-ဒေါ်ခင်ထွေး ဗီးနပ်စ်သိင်္ဂီသံရည်ကျိုလုပ်ငန်း သားသမီးမြေးတစ်စု မန္တလေးမြို့ | 100000 |
| ၂၃ | ဦးထွန်းမြင့်အောင်-ဒေါ်မြင့်မြင့်သန်း မိသားစု မန္တလေးမြို့ | 100000 |
| ၂၄ | ဦးရဲမြင့်-ဒေါ်ခင်စိုး၊ သမီး မစမ်းသီတာ၊ မခိုင်ရွှေဝါ၊ မဇင်မာဝင်း မိသားစု အောင်ဇေယျာ(၁၂)နယ်မြေ၊ မိတ္ထီလာမြို့ | 100000 |
| ၂၅ | ဒေါ်အေးအေးစိုး၊ ဒေါ်ခင်မိုးမြင့်၊ ဒေါ်စမ်းသီတာ၊ ဒေါ်သန္တာကျော်၊ ဒေါ်တင်အောင်ကြည်၊ ဒေါ်အေးအေးမော်၊ ဒေါ်ပြည့်စုံငြိမ်း၊ အထက(ခွဲ) လေတပ်၊ မိတ္ထီလာမြို့ | 100000 |
| ၂၆ | ကွယ်လွန်သူ နှစ်ဖက်မိဘများအား ရည်စူး၍ ကိုဆန်နီ-မထားထားညို မိသားစု သုဝဏ္ဏ၊ ရန်ကုန်မြို့ | 100000 |
| ၂၇ | ဦးအောင်၊ ညီမ ဒေါ်ရွှေလှိုင် မောင်နှမတစ်စု ကြည်ဝင်းရပ်၊ မန္တလေးမြို့ | 100000 |
| ၂၈ | ဒေါ်ရွှေလှိုင် ကြည်ဝင်းရပ်၊ မန္တလေးမြို့ | 100000 |
| ၂၉ | ဒေါ်ရွှေပိုင်၊ ဒေါ်ရွှေလှိုင် ညီအစ်မတစ်စု ကြည်ဝင်းရပ်၊ မန္တလေးမြို့ | 100000 |
| ၃၀ | နှစ်ဖက်သော မိဘများနှင့် ရဲအုပ်စခန်းမှူး ဦးကျော်ကျော်ဝင်းတို့အားရည်စူး၍ ဒေါ်မမကြီး၊ သမီး မခင်သူဇာဝင်း၊ မခင်ယုယုဝင်း၊ မခင်မြင့်မြင့်ဝင်း မိသားစု ပိန်းတန်းရပ်၊ အမရပူရမြို့ | 100000 |
| ၃၁ | ဦးရွှေသန်း-ဒေါ်ကြည်အောင် မိသားစု မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့ | 100000 |
| ၃၂ | ဦးမင်းစိုးသူရ-ဒေါ်ဇင်မာမျိုး မိသားစု ဘောဂသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော် | 100000 |
| ၃၃ | ဖခင်ကြီး ဦးခင်ညွန့်-မိခင်ကြီး ဒေါ်သန်းကြည်တို့အားရည်စူး၍ သမီး ဒေါ်သီတာခင်၊ ဒေါ်နီလာခင် နီလာဆေးခန်း မိသားစု တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၃၄ | မမြတ်အေးအေးငြိမ်း မွေးနေ့အလှူ နန်းဦးမြို့သစ်ရပ်၊ စစ်ကိုင်းမြို့ | 100000 |
| ၃၅ | ဦးကြီးငွေအား ရည်စူး၍ ဇနီး ဒေါ်ငွေစိန်၊ သမီး မရီဝင်း မိသားစု ကြာနီကန်ရွာ၊ ပုသိမ်ကြီးမြို့နယ် | 100000 |
| ၃၆ | ဦးကျော်သန်း-ဒေါ်မြင့်မြင့်သန်း၊ သမီး ဒေါက်တာမြင့်သိင်္ဂီကျော် မိသားစု နေပူရွာရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ | 100000 |
| ၃၇ | ကွယ်လွန်သူ ဦးမောင်သန်းအား ရည်စူး၍ ဒေါ်ခင်ကြည် မိသားစု သရက်တောအုပ်စု၊ ကြက်လျှာရွာ | 100000 |
| ၃၈ | မောင်အိုက်ကျော်စံ (ဆေးတက္ကသိုလ်၊ ဒုတိယနှစ်၊ မန္တလေး) ပျော်ဘွယ်မြို့ | 100000 |
| ၃၉ | နှစ်ဖက်မိဘများကို အမှူးထား၍ ဦးကျော်မင်းထွန်း-ဒေါက်တာစုစုနန္ဒာဆွေ၊ သား မောင်လာဘ်ဘုန်းသိုက်၊ မောင်သော်ထွဋ်အောင် မိသားစု တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၄၀ | ဦးစိုးဦး-ဒေါ်သီတာလွင် မိသားစု ရန်ကုန်မြို့ | 100000 |
| ၄၁ | ဦးလှမောင်-ဒေါ်သန်းတင် သားသမီးတစ်စု ရွာသစ်ကြီးကျေးရွာ၊ ကုန်းဇောင်းမြို့ | 100000 |
| ၄၂ | မိခင်ကြီး ဒေါ်စိန်လှအား အမှူးထား၍ ဦးညီညီဝင်-ဒေါက်တာစန္ဒာမြင့်၊ သား မောင်ထက်မင်းခန့်၊ မောင်ရဲမင်းသန့် မိသားစု မန္တလေးမြို့ | 100000 |
| ၄၃ | ဦးစံရွှေ-ဒေါ်ခင်လှအားရည်စူး၍ ဒေါ်အေးအေးမော်မိသားစု ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၄၄ | မိဘများဖြစ်သော ဦးတင်လှ-ဒေါ်မမကြီးတို့အားရည်စူး၍ ကိုဝင်းအောင်-မနိုင်နိုင်ဝင်း မိသားစု တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၄၅ | ဦးသိန်းလွင်-ဒေါ်စန်းစန်းဝင်း ရွှေခြသေ့ ပို့ဆောင်ရေးမိသားစု တပ်လမ်း၊ ပြည်မြို့ | 100000 |
| ၄၆ | ကွယ်လွန်သူ ဦးမောင်သန်းအားရည်စူး၍ ဒေါ်ခင်ကြည် မိသားစု | 100000 |
| ၄၇ | ဦးအောင်သိန်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ | 100000 |
| ၄၈ | ဦးရဲမြင့်အောင် ဝက်လက်ရွှဲရပ်ကွက် ရွှေဘိုမြို့ | 100000 |
| ၄၉ | နှစ်ဖက်မိဘများအားရည်စူး၍ ဦးသက်တင်-ဒေါ်မြင့်မြင့်အေး မွေးမိခင် မိသားစု သုဝဏ္ဏ၊ ရန်ကုန်မြို့ | 100000 |
| ၅၀ | (၂-၁၂-၂၀၁၃)နေ့တွင် ကံကုန်သော ဖခင်ကြီး ထိပ်တင်သိုင်းနှင့် (၂၃-၃-၂၀၁၈)ရက်တွင် ကံကုန်သော မိခင်ကြီး ဒေါ်တင်တင်အေးတို့အားရည်စူးလျက် ကျန်ရစ်သူသားသမီးများ | 100000 |
| ၅၁ | (၃-၇-၂၀၁၇)ရက်တွင် ကံကုန်သော ညီ/မောင် ထိပ်တင်ဇာနည်နှင့် (၃၁-၈-၂၀၁၈)ရက်တွင် ကံကုန်သော ညီ/မောင် ထိပ်တင်ဟိန်းတို့အားရည်စူး၍ ကျန်ရစ်သူ ညီအစ်ကိုမောင်နှမများ | 100000 |
| ၅၂ | ဦးတူးတူး-ဒေါ်ခင်အုန်းမြင့်မိသားစု ဆင်တိုင်ရပ်၊ စိန်ပန်း၊ မန္တလေးမြို့ | 100000 |
| ၅၃ | ပြွန်သုံးလုံးကျေးရွာ အလှူရှင်များ ပြွန်သုံးလုံးကျေးရွာ၊ မိုးကောင်းမြို့နယ် | 55000 |
| ၅၄ | ကညင်မြိုင်ကျေးရွာ အလှူရှင်များ ကညင်မြိုင်ကျေးရွာ၊ မိုးကောင်းမြို့နယ် | 50000 |
| ၅၅ | ကိုရဲသိုက်ထွန်း-မအေးအေးခိုင်မိသားစု မန္တလေးမြို့ | 20000 |
| | | 9895000 |

## ပုသိမ်ပညာရေးကောလိပ် (၁၃)ကြိမ်မြောက် အငြိမ်းစား မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ပုသိမ်ဆရာအတတ်သင်ကျောင်း/သိပ္ပံ/ပညာရေးကောလိပ်အဆင့်အသီးသီး၌တာဝန်ထမ်းဆောင်ခဲ့ကြပြီး ပညာရေးဌာနမှ နာမကျန်း/လုပ်သက်ပြည့်/သက်ပြည့်အငြိမ်းစား ယူခဲ့ကြသည့် အသက် ၆၀ နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား (၁၃)ကြိမ်မြောက် အငြိမ်းစားမြတ်ဆရာပူဇော်ပွဲကို ပုသိမ်ပညာရေးကောလိပ် ပညာရတနာခန်းမ၌ ၁၀-၁၁-၂၀၁၈ ရက် (စနေနေ့) နံနက် ၉း၀၀ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဆရာကြီး၊ ဆရာမကြီးများ ပူဇော်ကန်တော့ခံကြွရောက်နိုင်ပါရန်နှင့် သင်တန်းသား သင်တန်းသူဟောင်းများ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်-**
ဒေါ်မိုးမိုးကြည်၊ ဒုတိယကျောင်းအုပ်ကြီး ဖုန်း-၀၉-၈၆၁၀၂၄၅၇၉၊ ၀၉-၄၀၃၇၀၁၅၉၉
ဒေါ်ခင်သန္တာမြင့်၊ ဌာနခွဲမှူး(ဘဏ္ဍာ) ဖုန်း-၀၉-၂၅၀၀၈၁၇၉၄
ဒေါ်ဇေးဇေးဇင်၊ ကထိက (သိပ္ပံသင်ပြနည်း) ဖုန်း-၀၉-၄၅၁၂၃၀၃၄၄
ဦးကိုကို၊ စီမံ/ငွေစာရင်း ဖုန်း-၀၉-၇၈၂၁၃၆၀၀၃

## ရခိုင်သဟာယအသင်း(ရန်ကုန်)သို့ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် တက္ကသိုလ်ပညာသင်ဆု လျှောက်ထားနိုင်

တက္ကသိုလ်ပညာသင်ကြားရန် အမှန်တကယ်အခက်အခဲရှိနေသည့် ရခိုင်ပြည်နယ်အပါအဝင်တစ်နိုင်ငံလုံးမှ ရခိုင်လူမျိုး ကျောင်းသူ/ကျောင်းသားများအနေနှင့် ရခိုင်သဟာယအသင်း (ရန်ကုန်)မှ ချီးမြှင့်မည့် တက္ကသိုလ်ပညာသင်ဆုအား လျှောက်ထားနိုင်ပြီဖြစ်သည်။ လျှောက်လွှာပုံစံများကို မိမိတို့နေထိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများ၊ အသင်းမြို့နယ်ကိုယ်စားလှယ်များနှင့် အမှတ်(၆၇)၊ ပ-ထပ်၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်ရှိ ရခိုင်သဟာယအသင်း (ရန်ကုန်)ရုံးခန်း၌ ရယူနိုင်ပြီးပြည့်စုံစွာရေးသားဖြည့်စွက်ကာ လျှောက်လွှာများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ အသင်းရုံးခန်းသို့ ပေးပို့ရမည်ဖြစ်ပါသည်။

တက္ကသိုလ်ပညာသင်ဆုအား လှူဒါန်းလိုသော အလှူရှင်များအနေဖြင့်လည်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ကြပါသည်။

ဦးရွှေသိန်းကျော် ၀၉-၅၀၀၂၇၉၅၊ ဦးဦးမြင့်ကျော် ၀၉-၅၀၆၄၆၅၃၊ ဦးထွန်းနိုင် ၀၉-၂၅၄၃၁၁၀၇၁၊ ဒေါက်တာတင်မောင်အောင် ၀၉-၅၁၅၉၄၅၇၊ ဒေါ်စုစုသိန်း ၀၉-၈၇၁၈၇၅၁၆၂၊ ဦးသာမြကျော် ၀၉-၅၁၅၅၄၁၉၊ ဦးကျော်မောင် ၀၉-၅၀၇၂၉၈၉၊ ဒေါက်တာမြနှင်းအေး ၀၉-၅၀၁၂၄၃၂၊ ဦးစောအောင် ၀၉-၅၀၈၂၄၃၉ နှင့် အသင်းရုံးဖုန်း ၀၁-၂၂၁၀၆၄

## ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေလှူဒါန်းခြင်း



ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)မိုင်၊ ဗိုလ်စောအောင်လမ်း၊ အမှတ် (၁၂၅/D)နေ ဦးဝင်းတင်-ဒေါ်အေးငြိမ်း၊ သမီး မဇွန်သစ်ဝင်း(အေးငြိမ်းသူယာဉ်ငယ်လိုင်းအသင်း) မိသားစုမှ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေကျပ် ၁၅သိန်းတိတိလှူဒါန်းရာ အုပ်ချုပ်ရေးမှူးဦးပြုံးနှင့် သူနာပြုမှူး ဒေါ်ဝင်းဝင်းရွှေတို့မှ လက်ခံယူပါမည်။

**လှူဒါန်းမှုအပေါ် နတ်လူသာခုခေါ်စေသော်**

### မိဘအမည်မှန်

ဝေါမြို့နယ်၊ အလက(ခွဲ)မြကုန်းကျောင်း သတ္တမတန်းမှ မချောစုဝင်း၏ မိဘအမည်မှန်မှာ ဦးသန်းထိုက်စိုး ၇/ဝမန(နိုင်)၁၄၈၄၀၁နှင့် ဒေါ်ခင်ဝင်း ၇/ဝမန(နိုင်)၁၄၈၄၂၈ ဖြစ်ပါသည်။

**ဦးသန်းထိုက်စိုး-ဒေါ်ခင်ဝင်း**

### မိဘအမည်မှန်

ပေါင်မြို့နယ်၊ အထက (ပေါင်) ကျောင်း ပဉ္စမတန်းမှ မိအေးစုစုအောင်၏ မိဘအမည်မှန်မှာ ဦးမြင့်စိုး ၁၀/ပမန(နိုင်)၀၀၃၉၉၉ နှင့် ဒေါ်အေးမြင့် ၁၀/ပမန(နိုင်)၀၀၄၀၀၇ တို့ဖြစ်ပါသည်။

**ဦးမြင့်စိုး-ဒေါ်အေးမြင့်**

### အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

ပေါင်မြို့နယ်၊ ကဒုံစီးရပ်ကွက်၊ ဆံတိုက်ပိုင်းနေ (ဘ) ဦးကျော်ရှိန်၏ သမီး မအေးမြစီ၏အမည်မှန်မှာ နန်းအေးမြတ်စီ ၁၀/ပမန(နိုင်)၂၁၆၅၅၈ ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၅-၂-၁၉၉၈ ဖြစ်ပါသည်။

**နန်းအေးမြတ်စီ**

### ဖခင်အမည်မှန်

အထက (၁)၊ မရမ်းကုန်း၊ သတ္တမတန်း(B)မှ မောင်မင်းသွေး ညီညီထွန်း၏ ဖခင်အမည်ရင်းမှာ ဦးတင်အောင်ဆန်း ၁၂/လမန(နိုင်) ၀၁၇၃၀၄ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7M/2145 Forland BJ 3052V3PDBB Dump Truck (4×2)L ယာဉ်လက်ဝယ်ရှိသူ Paing Zay Co,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### မိခင်အမည်မှန်

ပေါင်မြို့နယ်၊ အလက(ခွဲ)သဲဖြူကုန်းကျောင်း ဆဋ္ဌမတန်းမှ မမိုးသကြီန်၏ မိခင်အမည်မှန်မှာ ဒေါ်ကုလားမ ၁၀/ပမန(နိုင်)၁၆၇၅၄၄ ဖြစ်ပါသည်။

**ဒေါ်ကုလားမ**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9J/7485 Toyota Liteace KM 70 Pickup (4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မာအေး ၉/မနမ(နိုင်)၀၃၁၄၂၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### မိခင်အမည်မှန်

ပေါင်မြို့နယ်၊ အလက ပန်းကုန်းမွန်ကျောင်း သတ္တမတန်းမှ မောင်ကောင်းထက်စံ၏ မိခင်အမည်မှန်မှာ ဒေါ်စည်သူဝင်း ၁၀/ပမန(နိုင်)၁၅၂၇၇၄ ဖြစ်ပါသည်။

**ဒေါ်စည်သူဝင်း**

### ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အလက ပန်းကုန်းမွန်ကျောင်း သတ္တမတန်းမှ မကြယ်စင်သူ၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းထွန်း ၁၀/ပမန(နိုင်)၁၀၅၈၄၁ ဖြစ်ပါသည်။

**ဦးမင်းမင်းထွန်း**

### ဇနီးမယားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ကိုဆိတ်ဖြူ(ခ)ကိုပြည့်စုံ ၈/ဆဖန(နိုင်)၀၄၇၀၂၆၏ဇနီး မသန့်ဇင်အိ (ခ) မမီးမီး ၉/ကပတ(နိုင်)၂၁၀၉၄၂ သည် မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားသည့်အပြင် ခွင့်မလွှတ်နိုင်သော ကိစ္စရပ်များပြုလုပ်ခဲ့သည့်အတွက် ယနေ့မှစ၍ ဇနီးမယားအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာအပ်ပါသည်။

**တင်ပြလွှဲအပ်ချက်အရ-**

**ဦးစည်သူ (LL.B)**
**စဉ်-၁၀၇၂၇**
**တရားလွှတ်တော်ရှေ့နေ**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်ရက်ကို အယူခံတရားပြိုင်များထံသို့ အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**၂၀၁၈ ခုနှစ် တရားမအယူခံမှုအမှတ်-၃၈၉**

ပန်အေးရှမက်ဂျက်စတစ်အီးဂဲ(လ်) ကုမ္ပဏီလီမိတက် **နှင့်** အင်မလ်ဂမေ့တ် တယ်လီကွန်းမင်းနစ် မက်ကုမ္ပဏီလီမိတက် ပါ ၃

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ တရားမကြီးမှုအမှတ်- ၆၁/၂၀၁၇ ကို အယူခံမှု။

အယူခံတရားပြိုင် (၂)၊ နီယွန်ဝဒ်ကွန်ဖြူနီကေးရှင်း (မြန်မာ) ကုမ္ပဏီလီမိတက်၊ အမှတ်-၃၇၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ (ယခင်လိပ်စာ၊ ယခုနေရပ်လိပ်စာမသိနေ)သိစေရမည်။

ယခုအမှုတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ကချပေးသည့် ဒီကရီကို အယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေကဖြစ်စေ ဤအယူခံမှုတွင် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၄င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင်သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်တို့က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းသိန်း)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## စေ့စပ်ကြောင်းလမ်းထားခြင်း ဖျက်သိမ်းကြောင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မကွေးမြို့၊ မြင်သာရပ်၊ ၂၁ လမ်း၊ အမှတ်(F-၁၅၆)နေ (ဘ) ဦးသိန်းထွန်း၏သမီး မဝိုင်းမြတ်ဦး ၈/မကန(နိုင်)၁၈၁၆၀၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

မဝိုင်းမြတ်ဦးသည် မကွေးမြို့၊ သိင်္ဂါကီရိရပ်၊ ခိုင်ရွှေဝါလမ်း၊ အမှတ်(၄၃)နေ ဦးသန်းအေး၏သား မောင်ကျော်သက်နိုင် ၈/မကန(နိုင်)၂၁၇၄၃၆ နှင့် ၁၇-၄-၂၀၁၃ ရက်က နှစ်ဖက်မိဘလူကြီးစုံလင်စွာဖြင့် စေ့စပ်ကြောင်းလမ်းခဲ့ပါသည်။

ယခုအခါ မောင်ကျော်သက်နိုင်သည် မဝိုင်းမြတ်ဦးအပေါ် ပိုင်စိုးပိုင်နင်း ရိုင်းပျစွာ ဆက်ဆံလာသည့်အပြင် ရန်မူလာသည်အထိပြုမူလာပါသည်။ သို့အတွက် စေ့စပ်ကြောင်းလမ်းခြင်းကို မဝိုင်းမြတ်ဦးကဖျက်သိမ်းကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မဝိုင်းမြတ်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘုန်းမြင့်ကြည်**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၀၅၁၅**
**အမှတ်(၉၀၅)၊ ၁၂လမ်း၊ အောင်မေတ္တာ(က)ရပ်၊ မကွေးမြို့**
**ဖုန်း-၀၉-၅၃၄၁၅၄၃၊ ၀၉-၂၅၉၂၆၀၃၄၉**

## အများသိစေရန်ကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁/တိုးချဲ့၊ မြေကွက်အမှတ်A-၃၆၊ မြေကွက်တည်နေရာအမှတ်(A-၃၆)၊ ဦးဝိစာရလမ်း၊ (၄၁/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးတင်မောင်ထွန်း ၁၄/ဘကလ(နိုင်)၀၃၆၄၈၁ အမည်ပေါက်နှစ် ၆၀ဂရန်မြေအား ဒေါ်ခင်ချိုဝင်းပါ(၃)မှ တရားလိုပြုလုပ်၍ မဟာခရီးစီးပွားရေးလုပ်ငန်းစုအပေါ် တရားပြိုင်ထားကာ တရားမကြီးမှုအမှတ်(၂၃၆၀/၂၀၀၄)နှင့် တရားမဇာရီမှုအမှတ်(၄၄၀/၂၀၀၅)တို့အရ တရားစွဲဆိုအနိုင်ရရှိခဲ့သဖြင့် ရန်ကုန်တိုင်း တရားရုံးတွဲဖက်တိုင်းတရားသူကြီး(၉)ရုံးမှ လေလံရောင်းချခဲ့ရာ၊ ဦးအောင်နိုင်ဦး ၁၂/ကတတ(နိုင်)၀၁၈၅၇၅ မှ လေလံဝယ်ယူအောင်မြင်ခဲ့သဖြင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကိုရောင်းကြောင်းလက်မှတ်စာ၊ ရန်ကုန်တိုင်း တရားရုံးမှမြေအစရှိသည်တို့ကို လက်ရောက်လွှဲအပ်ပေးစေ၍ ဘိလစ်သို့ဆင့်သည့်အမိန့်ဝရမ်းမိတ္တူ ကျမ်းကျိန်လွှာ(၄၁)တိုးချဲ့ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြို့မရဲစခန်း(ဒဂုံမြောက်)၏ လေလံဆွဲဝယ်ယူခဲ့သော်လည်းတရားရုံးတော်မှ တရားရှုံးမဟာခရီးစီးပွားရေးလုပ်ငန်းစု ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း အမည်ပေါက်မြေဂရန်ကို လက်ရောက်ပေးအပ်ခဲ့ခြင်းမရှိကြောင်းနှင့်လျှောက်ထားသူ လက်ရှိနေထိုင်ပိုင်ဆိုင်ကြောင်း ထောက်ခံစာ၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အပ်ဝရမ်းအတည်ပြုဆောင်ရွက်ရန်အတွက် လုံခြုံရေးဆောင်ရွက်ပေးရန်စာမိတ္တူ၊ ရန်ကုန်တိုင်းတရားရုံးတရားမကြီးမှုအမှတ်-၂၃၆၀/၀၄(၂၉-၁၂-၀၄)ရက်စွဲပါစီရင်ချက် တာဝန်ခံမိတ္တူမှန် တရားမဇာရီမှုအမှတ်-၄၄၀/၀၅ ၉-၄-၀၇ရက်စွဲပါ မြေကွက်ရှေ့၌လေလံတင်ရောင်းချခဲ့သည့် တရားရုံးတာဝန်ခံမိတ္တူမှန်တို့တင်ပြ၍ ဦးအောင်နိုင်ဦး ၁၂/ကတတ(နိုင်)၀၁၈၅၇၅ ဂရန်မိတ္တူလျှောက်ထားလာခြင်းနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီးကန့်ကွက်မှုမရှိပါသဖြင့် မြို့/မြေစာရင်းတွင် အမှုတွဲအမှတ်-ဒဂမ/ဂရသ/၇၄/၉၈ဖြင့်၃၀-၆-၉၉ရက်တွင်ထုတ်ပေးထားသည့် မူရင်းဂရန်စာအုပ်ကို ပယ်ဖျက်မှတ်သားပြီးဖြစ်ပါကြောင်း ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂J)၊ မြေကွက်အမှတ်(ပဥ္စမတန်းစား-၂၅)၊ ဧရိယာ ၀ ဒသမ ၀၄၃၈ဧက = ၁၈၈၀စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၂/၄)၊ ၉၁-ဖြတ်လမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် (Syed Ehsan Ahmed & Syed Hassam Emam) အမည်ပေါက်နှစ်(၉၀) ဂရန်(သက်ကုန်)မြေအား မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၌ တရားလို ဦးမြဟန်မှ ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၄ဖြင့် တရားပြိုင်ဦးမောင်မောင်အပေါ် မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ ၃၀-၅-၂၀၁၇ရက်စွဲပါစီရင်ချက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး ၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ် ၇ ၏ ၂၃-၁၀-၂၀၁၇ ဘိလစ်ခန့်အပ်ကြောင်း ချမှတ်သည့်နေ့စဉ်မှတ်တမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၏ ၂၁-၁၁-၂၀၁၇ ရက်စွဲပါ စာအမှတ် ၇၄၂/၁-၂/၂၀၁၇ ၏ တရားရှုံးကိုယ်စား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် ဘိလစ်ခန့်စာတို့အရ ဘိလစ်ဒေါ်ဝင်းဝင်းဌေး ၁၂/သဃက(နိုင်)၀၇၅၂၈၅မှ တရားရုံးအမိန့်များ၊ မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၏ ၂၁-၁၁-၂၀၁၇ရက်စွဲပါ ဘိလစ်ခန့်စာ၊ နှစ်(၉၀)ဂရန်(သက်ကုန်)မူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာပါသည်။ မြို့မြေစာရင်းနှင့်ဂရန်တွင် Syed Ehsan Ahmed & Syed Hassam Emam အမည်ပေါက်ဖြစ်သော်လည်း တင်ပြပါတရားရုံးအမိန့်တွင် yed Ehsan Ahmed & Syed Hassam Emam အမည်ပေါက်ဟု ဖော်ပြကွဲလွဲမှုနှင့်ပတ်သက်၍ တရားရုံးအဆိုလွှာတွင်ဂရန်အမည်ပေါက်အား yed Ehsan Ahmed & Syed Hassam Emam ဟု မှားယွင်းဖော်ပြခဲ့ကြောင်း၊ ဂရန်အမည်ပေါက်၏အမည်မှန်မှာ Syed Ehsan Ahmed & Syed Hassam Emam ဖြစ်ကြောင်း တရားမကြီးမှုအမှတ်- ၄/၂၀၁၇ တွင် မှားယွင်းဖော်ပြခဲ့ခြင်းဖြစ်ကြောင်း တရားနိုင် ဦးမြဟန်မှကျမ်းကျိန်လွှာတင်ပြထားပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးရာ ဟောင်ကောင်သုံးခန်းတွဲ နှစ်ထပ်တိုက်တစ်လုံးရှိပြီး တရားနိုင်နှင့်အပျောက်ခန်း၊ အငှားခန်းများရှိပါသည်။ လျှောက်ထားသူ တရားနိုင် ဦးမြဟန်မှ အပျောက်ခန်းများနှင့်ပတ်သက်၍ ဝန်ခံကတိလာရောက်တင်ပြပြီးဖြစ်သဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**

**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

**၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်- ၅၈ နှင့်ဆက်နွှယ်သည့်**

**၂၀၁၆ ခုနှစ် တရားမဇာရီမှုအမှတ်-၁၄**

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် (သိမ်ဖြူဘဏ်ခွဲ) (၄င်း၏ဘဏ်တာဝန်ခံ) သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ် **နှင့်** ၁။ ဦးဇော်နိုင်ဦး ၂။ ဒေါ်စန်းစန်းနွယ်

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ် ၅၈ အမှု၏ ၇-၃-၂၀၁၄ရက်စွဲပါ အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၉ရက် နံနက် ၁၀း၀၀နာရီတွင် ၄င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ လေလံဆွဲဝယ်ယူသူများသည် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၀)၊ မြေကွက်အမှတ်(၁၀၁)၊ အကျယ်အဝန်း ၀ဒသမ၁၂၃ ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သင်္ဃန်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ (သုဝဏ္ဏ)၊ စိန်ပန်းပြာလမ်း၊ အမှတ်(၁၀၁)ဟုခေါ်တွင်သည့် နေအိမ်အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**လေလံကြမ်းခင်းဈေး သိန်း ၁၁၀၀၀ (ကျပ်သိန်းတစ်သောင်းတစ်ထောင်)**

**အတည်ပြုပြန်သွင်းရန်နေ့ ၅-၁၁-၂၀၁၈ ရက်**

**လေလံရောင်းချမည့် စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်က တရားရုံးတော်သို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက်နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင်ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသော လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၈ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(မြင့်ဟန်)**
**တွဲဖက်ခရိုင်တရားသူကြီး (၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**


၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများအတွက်.....

မိမိတို့၏ အနာဂါတ်လမ်းကြောင်းကို ရွေးချယ်ပြီးပြီလား ?

Game, Application တွေကို ကိုယ်တိုင်တီထွင်နိုင်သော IT Engineer တစ်ယောက်ဖြစ်ချင်တဲ့ အိပ်မက်ရှိပါသလား ?

ဂျပန်ဘာသာစကားကို ကျွမ်းကျင်စွာ တတ်မြောက်ပြီး ဂျပန်ကုမ္ပဏီတွေမှာ အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးဖြစ်လိုပါသလား ?

ဒီအိပ်မက်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ Metro IT & Japanese Language Centre မှ အတူတူပညာသင်ယူကြစို့ !







IT နည်းပညာရပ်များကို Zero Level မှစတင်လေ့လာပြီး IT Engineer တစ်ယောက်အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီး၏

IT လုပ်ငန်းခွင်တွေမှာ ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးနေသည် Only One School in Myanmar

IT နှင့် ဂျပန်စာကို အတူလေ့လာပြီး ဂျပန် IT ကုမ္ပဏီများတွင် အလုပ်လုပ်ကြရအောင် !

Japan Style Career Education

◆ System Creator Course ( 2 years )

◆ Web Engineer Course ( 2 years )

2018 December 7 ရက်တွင်ဖွင့်လှစ်မည့် IT Course တန်းခွဲသစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ

09-262007800, 09-262007900

METRO IT & Japanese Language Centre

IT Course Seminar

Date : 21st . October . 2018 ( Sunday )

Time : 1:00 pm ~ 3:00 pm

Place : Metro IT & Japanese Language Centre

စိတ်ပါဝင်စားသူများ ဖုန်းဖြင့် ကြိုတင်စာရင်းပေးသွင်းပြီး အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ပါသည်။

Room No (A,B,C,D), 3rd Floor, Kyaw Business Tower Condo, ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ www.facebook.com/metrogroupmyanmar

# နိုင်ငံတော်အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်များ သီးသန့်အစည်းအဝေး တက်ရောက်ရန် RCSS/ SSA ဥက္ကဋ္ဌနှင့်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ



**နေပြည်တော် အောက်တိုဘာ ၁၄**

နေပြည်တော်၌ ကျင်းပမည့် နိုင်ငံတော်အစိုးရနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်များ သီးသန့်အစည်းအဝေးသို့ တက်ရောက်ရန် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် (RCSS/ SSA) ဥက္ကဋ္ဌ ဦးယွက်စစ်နှင့် အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

RCSS/ SSA ဥက္ကဋ္ဌ ဦးဆောင်သော အဖွဲ့အား ခေတ္တတည်းခိုမည့် ဟိုတယ်၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

**ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ/ ရှမ်းပြည်တပ်မတော် (RCSS/ SSA) ဥက္ကဋ္ဌ ဦးယွက်စစ်နှင့်အဖွဲ့အား ခေတ္တတည်းခိုမည့် ဟိုတယ်၌ တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။**

သတင်းစဉ်

## ပထမတန်းလက်ဝှေ့ကျော် စိုးလင်းဦး ထိုင်းလက်ဝှေ့ကျော် ဖွားဆိုလကို အလဲထိုးအနိုင်ယူ

**ရန်ကုန် အောက်တိုဘာ ၁၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး AH- GA Fighter Group နှင့် H & S Group တို့ ပူးပေါင်းစီစဉ်သည့် မြန်မာ- ထိုင်း- ဥဇဘက်ကစ္စတန်သုံးနိုင်ငံ ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့ အားကစားရုံ၌ ကျင်းပရာ မြန်မာနိုင်ငံမှ ပထမတန်းလက်ဝှေ့ကျော် စိုးလင်းဦးက ထိုင်းလက်ဝှေ့ကျော် ဖွားဆိုလကို တတိယအချီတွင် အလဲထိုးအနိုင်ယူခဲ့သည်။

မြန်မာနိုင်ငံမှ နာမည်ကြီးပထမတန်းလက်ဝှေ့ကျော် စိုးလင်းဦး(ဒို့ရိုးရာ)နှင့် ထိုင်းနိုင်ငံမှ ၂၀၁၈ MX လက်ဝှေ့ချန်ပီယံ ဖွားဆိုလတို့ ယှဉ်ပြိုင်ထိုးသတ်ရာတွင် ပထမအချီ၌ တစ်ဦးနှင့်တစ်ဦး အကဲစမ်းမှုများဖြင့် စတင်ခဲ့သော်လည်း ဒုတိယအချီတွင် စိုးလင်းဦး၏ တရစပ်ဝင်လာသော လက်သီးများကြောင့် ဖွားဆိုလ အနားတောင်းခဲ့ရသည်။

ယင်းနောက် ဒုတိယချီအတွက် လိုအပ်သောအချိန်ကို ထပ်မံဖြည့်ဆည်းထိုးသတ်သော်လည်း ဖွားဆိုလအသာစီးမရခဲ့ပေ။ တတိယအချီစသည်နှင့် စိုးလင်းဦး၏ အဆက်မပြတ်လိုက်လံထိုးသတ်မှုကြောင့် ဖွားဆိုလကြမ်းပြင်ပေါ်သို့ လဲကျခဲ့ပြီး အမှတ်စဉ်လေးကြိမ် အရေအတွက်ခံရကာ စိုးလင်းဦးကိုအလဲထိုးဖြင့် အရှုံးပေးလိုက်ရသည်။

ဒုတိယအထူး စိန်ခေါ်ပွဲဖြစ်သည့် ဖျံသွေး (ရွှေမိုးထိငြိမ်းချမ်းရေး)နှင့် ဥဇဘက်ကစ္စတန်မှ မွေထိုင်းလက်ဝှေ့ချန်ပီယံ တူတာဗို့တို့ပွဲတွင် ပွဲစသည်နှင့် ဖျံသွေးလိုက်လံထိုးသတ်ခဲ့သော်လည်း အရပ်ကွာခြားမှု၊ ဝိတ်တန်းနှင့် ပါဝါကွာဟမှုက သက်သေပြနေသည်။ ဖျံသွေးဘယ်ဝိုက်လက်သီး တူတာဗို့ကို ထိခဲ့သော်လည်း တူတာဗို့ ကောင်တာလက်သီးချက်များက ဖျံသွေးပွဲစဉ်တစ်လျှောက်လုံး အထိနာခဲ့သည်။ ယင်းပွဲတွင် တစ်ဖက်နှင့်တစ်ဖက် ငါးချီပြည့်သည်အထိ သူတစ်ပြန်ကိုယ်တစ်ပြန် ရေကုန်ရေခန်းယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း အရှုံးအနိုင်မပေါ်ဘဲ သရေဖြင့်ပြီးဆုံးခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၄* ❍

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ကျောက်တော်မြို့နယ် နိဒင်ကျေးရွာရှိ ပိတ်သိမ်းပြီး IDP စခန်းများ ကြည့်ရှု

**စစ်တွေ အောက်တိုဘာ ၁၄**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener နှင့်အဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံတို့နှင့်အတူ ယနေ့တွင် ကျောက်တော်မြို့နယ် နိဒင်ကျေးရွာရှိ ပိတ်သိမ်းပြီး IDP စခန်းများကို လေ့လာကြည့်ရှုကြသည်။ **(အောက်ပုံ)**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် စစ်တွေဟိုတယ်၌ လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းများနှင့် တွေ့ဆုံသည်။

ယင်းနောက် အထူးကိုယ်စားလှယ်နှင့် အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ပြည်နယ်ဝန်ကြီးများနှင့် တွေ့ဆုံပြီး

*စာမျက်နှာ ၁၂ ကော်လံ ၁* ❄



